www.burmeseclassic.com

# မောင်ကောင်းထိုက်

# ဟာသပဒေသာ အမှတ်စဉ် ၂

တင်ဆက်သူ မောင်မောင်နမ့်

## ၁။ မောင်ကောင်းထိုက်

ထင်ရှားသော သမားတော်ကြီး တစ်ဦးထံသို့ လူနာတစ်ယောက် ရောက်လာကာ မည်သည့် အရာကိုမှ အာရုံ မစိုက်နိုင်၊ စိတ်မဝင်စားနိုင်ဖြစ်နေကြောင်း၊ အစားအသောက်လည်း ပျက်ကာ အလိုလိုနေရင်း ဝမ်းနည်းစိတ်ဝင်နေကြောင်း ဆေးမျိုးစုံကို စားကြည့်သော်လည်း မည်သို့မှ မထူးကြောင်း မိမိခံစားနေရသည့် အခြေအနေကို ရှင်းပြသည်။

လူနာ၏ ပြောပြချက်များကို သမားတော်ကြီးက ဂရုတစိုက် နားထောင်ပြီးနောက် လိုအင်သော စမ်းသပ်မှုများကို ပြုလုပ်သည်။ စမ်းသပ်မှုများ ပြီးစီးသောအခါ သမားတော်ကြီးက ဤသို့ ပြောသည်။

"ခင်ဗျား အပြောတဲ့အတိုင်းပဲ ဘာဆေးစားစား ထိရောက်မှု ရှိမှာ မဟုတ်ဘူး။ နည်းလမ်းတစ်ခုတော့ ရှိတယ်။ မောင်ကောင်းထိုက်ရဲ့ 'ဟာသပဒေသာ' စာအုပ်ထဲက ဟာသတိုတွေကို တစ်ကြိမ်မှာ တစ်ပုဒ်နှုန်းနဲ့ တစ်နေ့ သုံးကြိမ်၊ မနက်စာ၊ နေ့လည်စာနဲ့ ညစားမစားမီမှာ ဖတ်ဖို့ပဲ။ ဒါပေမယ့် မောင်ကောင်းထိုက်ရဲ့ စာအုပ်က အခု ရှားပါး ပစ္စည်း ဖြစ်နေတယ်။ ဘယ်မှာမှ ဝယ်လို့ မရတော့ဘူး။ ဒီတော့ ကျွန်တော့ဆီမှာ ရှိတဲ့ စာအုပ်ကို ပေးလိုက်မယ်"

လူနာက ကြိုးစားပြုံးကာ ဆရာဝန်ကို ပြန်ပြောသည်။

" ဆရာ့နည်းဟာ ကျွန်တော့အတွက် ဘာမှ ထူးမှာ မဟုတ်ပါဘူး ခင်ဗျာ"

" ဘာဖြစ်လို့လဲ"

" ကျွန်တော် မောင်ကောင်းထိုက်ပါ"

## ၂။ ထူးခြားတဲ့သား

သားငယ် ဂျော်နီရှိရာ ကလေးထိန်းဌာနသို့ ဂျော်နီ၏ အမေ ရောက်လာသည်။ ပထမဆုံးအကြိမ် သားငယ်ကို လာကြိုခြင်း ဖြစ်သည်။ ပထမထပ်ကို ကြည့်လိုက်သောအခါ 'လိမ္မာသောကလေးများ' ဟူသည့် ဆိုင်းဘုတ်ချိတ်ထားသည်ကို တွေ့ရသည်။ ဂျော်နီကို သူမရှာသည်။ မတွေ့ချေ။ သို့ဖြင့် ဒုတိယထပ်သို့ တက်သည်။ 'သာမန် ကလေးများ' ဆိုင်းဘုတ်ကို တွေ့ရသည်။ ဤအထပ်တွင်လည်း ဂျော်နီကို မရှိချေ။ တတိယအထပ်သို့ တက်သည်။ 'ကလေးဆိုးများ' ဟု ရေးထားသည်။ ဂျော်နီကို မတွေ့ပြန်ချေ။ စတုတ္ထအထပ်တွင် 'အလွန်ဆိုးသော ကလေးများ' ဆိုင်းဘုတ်ကို မြင်ရသည်။ ဤနေရာတွင်လည်း ဂျော်နီကို မတွေ့ရချေ။ နောက်ဆုံးအထပ်သို့ တက်သည်။ လှေကားထိပ်တွင် 'ဂျော်နီ' ဆိုသော ဆိုင်းဘုတ်ကို အထင်းသား မြင်ရလေသည်။

## ၃။ သံပြိုင်ဆိုအဖွဲ့

ပင်စင်စား တစ်ဦးက အခြားပင်စင်စား တစ်ဦးကို ပြောသည်။
"ကျုပ်တို့ရဲ့ သံပြိုင် သီချင်းဆိုတဲ့ အဖွဲ့ထဲ ဝင်ပါလား။ ကျုပ်တို့ ကျားကစားတယ်။ ဟာသတွေ ပြောတယ်။ အရက်စုပေါင်းသောက်ကြတယ်။ ပျော်စရာကြီး"
"အဲဒီလိုဆိုရင် ခင်ဗျားတို့ ဘယ်အချိန် သီချင်းဆိုကြသလဲ"
"အိမ်ပြန်ရောက်တဲ့ အခါပေါ့"

## ၄။ ဒုက္ခပေးတဲ့ ယင်ကောင်

ခြင်နှစ်ကောင် ပျံလာကြသည်။ ရုတ်တရက် တစ်ကောင်အောက်သို့ ပြုတ်ကျသည်။
"ဟေ့ ဘာဖြစ်တာလဲ"
"ယင်တစ်ကောင် မျက်စိထဲ ဝင်သွားလို့"

## ၅။ ရယ်စရာကြီး

စိတ်မနှံ့သူတစ်ဦး သွေးများ ပေကျံနေသော ပုဆိန်ကို ကိုင်ကာ ဆေးရုံကော်ရစ်ဒါအတိုင်း လမ်းလျှောက်လာသည်။ တာဝန်ကျ ဆရာဝန်က မြင်သဖြင့် ၎င်းအားမေးသည်။
"ဟေ့လူ ခင်ဗျား ဘာတွေ မဟုတ်ဘာ လုပ်ခဲ့တာလဲ"
"အီဗန်ကို ကျွန်တော် ကျီစားခဲ့တယ်။ သူအိပ်ရာက နိုးရင် သူခေါင်းကို သူတွေ့မှာ မဟုတ်ဘူး။ အိမ်သာထဲမှာ ကျွန်တော် ဝှက်ထားတယ်။ ဟီး၊ ဟီး"

## ၆။ အလဟဿ

သမားတော်ကြီးနှစ်ယောက် စကားပြောနေကြသည်။
"ကျုပ်ဆီမှာ လူနာတစ်ယောက် ရှိခဲ့ဖူးတယ်။ ကျုပ်ရဲ့ ခန့်မှန်းချက်အရ ဒီလူဟာ လွန်ခဲ့တဲ့ ၁၀– နှစ်ကတည်းက သေရဘို့ ရှိတယ်။ ဒါပေမယ့် မသေဘူး။ အခုထိ အသက်ရှင်နေတုန်းပဲ"
"အဲဒါ ပြောတာပေါ့၊ လူနာဟာ တကယ်ပဲ အသက်ရှင်လိုစိတ် ပြင်းပြနေရင် ဆေးပညာဟာအလဟဿဖြစ်သွားတက်တယ်"

## ၇။ မီးတော့ လှုံချင်ကြတယ်

အရက်သမားနှစ်ယောက် အိမ်ပြန်လာကြသည်။ ရာသီဥတု ခိုက်ခိုက်တုန်အောင်
အေးလှသည်နှင့် လမ်းတွင်တွေ့သော သစ်တုံးကိုခွဲကာ မီးဖိုကြရန်
တိုင်ပင်ကြသည်။ သို့ဖြင့် ပါလာသော လွှတိုလေးဖြင့် သစ်တုံးကို ဖြတ်ကာ
မီးလှုံကြသည်။ မီးတောက်ကို မြင်ကြသော အနားရွာမှ ရွာသူရွာသားများ
မီးလောင်သည်ထင်ပြီး အူယားဖားယား ပြေးလာကြသည်။ ဤတွင်
အရက်သမားတစ်ယောက်က ဤသို့ပြောသည်။
"ကြည့်စမ်း။ သစ်တုံးခွဲ မီးမွှေးဘို့ကျတော့ ဘယ်သူမှ မလုပ်ချင်ဘူး။ အဲ
မီးလှုံချင်တဲ့ အခါကျတော့ အားလုံးပြေးလာလိုက်ကြတာ၊ ဟင်း"

## ၈။ ဈေးပေါလို့

စတိုးဆိုင်ကြီးထဲမှ ပစ္စည်းအချို့ကို အလစ်သုတ်ရန် ကြိုးစားသော မိန်းမတစ်ဦးကို
ဆိုင်လုံခြုံရေး ဝန်ထမ်းများက သုံးကြိမ်တိုင်တိုင် ဖမ်းမိသည်။
"ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့ဆိုင်က ပစ္စည်းတွေကိုပဲ အလစ်သုတ်ဖို့
ကြိုးစားရတာလဲ။ တခြားဆိုင်တွေ မရှိတော့တာ ကျနေတာပဲ"
"ရှင်တို့ဆိုင်က ပစ္စည်းဈေးတွေ သက်သာလို့ပါ"

## ၉။ တိုးတိုးပြော

ခြံထဲရှိ သရက်ပင်ပေါ်တက်၍ သရက်သီးများကို ခိုးနေသော အိမ်ဘေးမှ
ချာတိတ်ကို ခြံပိုင်ရှင်က ဖမ်းမိသည်။
"လာ ငါနဲ့ လိုက်ခဲ့။ မင်းရဲ့ အဖေဆီသွားမယ်။ ကလေးကို မဆုံးမ
ရကောင်းလားလို့ သူ့ကို ငါ သွားချဲမယ်"
"တိုးတိုးပြောပါ ဦးလေးရယ်။ ဖေဖေကြားသွားပါအုံးမယ်။ ဖေဖေက ဟိုဘက်က
သရက်ပင်ပေါ်မှာ"



BURMESE CLASSIC .com

## ၁၀။ ငါ့ကို လာစမ်းလို့ ဘယ်ရမလဲ

မိတ်ဆွေဖြစ်သူ နီကိုလိုင်နှင့်အတူ မြို့တက်၍ နွားသွားရောင်းချရာမှ ပြန်ရောက်လာသော အီဗန်က အိမ်ရောက်ရောက်ချင်း မိန်းမကို ပြောပြသည်။
"နီကိုလိုင်ခဗျာ သနားစရာကွာ။ သူ့ နွားကို ရောင်းလဲပြီးရော သူရတဲ့ ပိုက်ဆံအားလုံးကို ခါးပိုက်နှိုက်တွေ အလစ်သုတ်လို့ ကုန်ပါလေရော"
"အို စိတ်မကောင်းစရာပဲ၊ ရှင်ကတော့ သတိ လက်မလွတ်ဘူး မဟုတ်လား"
"ငါ့ကို ဒီကောင်တွေ ဘာလုပ်လို့ ရမလဲ၊ ဒီကောင်တွေကို ငါ တော်တော်လေး ညှင်းဆဲခဲ့သေးတယ်၊ ဟိုကွေ့သည်ရှောင်နဲ့ ခြေရာဖျောက်ပစ်တော့ ဒီကောင်တွေ အတော်အကြပ်ရိုက်ကုန်ကြတယ်၊ ညနေပိုင်း ရောက်တော့မှ ဒီကောင်တွေ ငါ့ပိုက်ဆံအိပ်ကို ရအောင် ယူလိုက်နိုင်တယ်"

## ၁၁။ ဘာမှ ထူးမှာ မဟုတ်ဘူး

ဆင်းရဲသားတစ်ဦး၏ အိမ်သို့ ညအချိန်မတော် သူခိုးဝင်သည်။ အိမ်ရှင် အဖိုးကြီး နိုးသွားသည်။ မှောင်နောက် ရှာဖွေနေသော သူခိုးဘက် ၎င်း လှမ်းအော်ပြောသည်။
"အမှောင်ထဲမှာ မောင်ရင်တို့ ဘာတွေ ရှာတွေ့မလဲ မပြောတတ်ဘူး။ ငါကတော့ နေ့ခင်းကြောင်တောင် တောင် အဖိုးတန်တာ ဆိုလို့ ဘာမှ မတွေ့ဘူး"

## ၁၂။ အမေ့အတွက်

ဂျောနီက မိမိ၏ မိခင်အတွက် လတ်လတ်ဆတ်ဆတ် နှင်းဆီပန်းပွင့် ဆယ်ပွင့်ကို ပေးရာ အမေလုပ်သူက မေးသည်။
"ကျေးဇူးပါပဲသားရယ်။ ဒါနဲ့ သားက ဘယ်က ယူလာတာလဲ"
"တစ်ခြံကျော်က အန်ကယ်လ် မက်သရူးဆီက ပါ"
"သားယူလာတာကို သူသိသလား"
"သိတာပေါ့၊ ကျွန်တော့ နောက်ကို သူအတင်းပြေးလိုက်သေးတာပဲ ဥစ္စာ"

## ၁၃။ အဖေ့အပေါ်တည်တယ်

"မေမေ ဈေးသွားရင် သား အိမ်မှာ ဘာလုပ်ကျန်ရစ်မလဲကွဲ့"
"သားလေ အိမ်ဖော် မခင်ပုနဲ့ ဖြစ်ဖြစ်၊ မော်တော်ကားနဲ့ ဖြစ်ဖြစ် ကစားမှာပေါ့၊ အဲဒီနှစ်ခုအနက် ဖေဖေဘာကို ရွေးမလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်"

## ၁၄။ ရှုးတိုးတိုး

"ဟဲ့ သမီး၊ နောက်တစ်ခါ မေမေလာလည်လို့ ညည်းယောကျ်ားမူးနေတာကို တွေ့ရင် ငါချက်ချင်းထပြန်မယ် သိလား"
"တိုးတိုးပြောစမ်းပါ မေမေရယ်၊ သူကြားသွားမှဖြင့် ဒုက္ခပါပဲ"

## ၁၅။ ယောကျ်ား စောပြန်လာလို့

မျက်လုံးနှစ်ဖက် ယောင်ကိုင်းလျက် ရုံးတက်လာသော မေရီကို လုပ်ဖော်ကိုင်ဖက်များက မေးသည်။
"မေရီရယ်။။ ဘယ်လိုဖြစ်လာတာလဲ"
"ယောကျ်ားက ထိုးလိုက်လို့"
"ရက်စက်တဲ့ ယောကျ်ားပါလား၊ ဒါနဲ့ ယူ့ယောကျ်ား နယ်ခရီးထွက်သွားတယ်ဆို"
"ဟုတ်တယ်၊ ဒါပေမယ့် သူတစ်ရက်စောပြီး ပြန်ရောက်လာတယ်"

## ၁၆။ အသားထဲက လောက်ထွက်

'လင်မယားတို့၏ သစ္စာဖောက်မှု' အကြောင်းခေါင်းစဥ်ဖြင့်သဘော်သားတို့ကို ဟောပြောပွဲ ပြုလုပ်သည်။ လင်မယားအချင်းချင်း သစ္စာဖောက်မှုသည် မဆန်းကြောင်း၊ ရာခိုင်နှုန်းအရ ပြောလျှင် ရုပ်ရှင် မင်းသား မင်းသမီးများသည် သစ္စာ အမဲ့ဆုံးဖြစ်ကြောင်း၊ ဒုတိယ လိုက်သူမှာ အားကစားသမားများဖြစ်ကြောင်း၊ တတိယလိုက်သူမှာ သဘော်သားများ ဖြစ်ကြောင်း ပို့ချသူက ပြောသည်။ ဤတွင် သဘော်သား တစ်ယောက်က
"ကျွန်တော် သဘော်လိုက်နေတာ နှစ် ၂၀– ရှိပြီ၊ တစ်ခါမှ ကိုယ့်မိန်းမကို သစ္စာ မဖောက်ဖူးဘူး" ဟု စောဒက တက်သည်။
ထိုအခါ ဆေးမှ သဘော်သားများက
"မင်းလို ကောင်မျိုးကြောင့် ငါ့တိုကတွေ နောက်ဆုံးအဆင့် ရောက်နေတာပေါ့ကွာ" ဟု မကျေမနပ် ပြောကြသည်။

## ၁၇။ သဝန်တိုသူ

မိန်းမလုပ်သူသည် ယောကျ်ားအပြင်က ပြန်လာတိုင်း ၎င်း၏ အင်္ကျီကို စစ်ဆေးလေ့ရှိသည်။ အင်္ကျီပေါ်တွင် ဆံပင်တစ်ချောင်းတွေ့သည်နှင့် အခြားမိန်းမနှင့် ပျော်ပါးခဲ့သည်ဟု စွပ်စွဲကာ ဆူဆူညံညံ လုပ်လေ့ရှိသည်။ တစ်နေ့ ယောကျ်ား အပြင်မှ ပြန်လာသည်။ ထုံးစံအတိုင်း ဆံပင်အကြွင်းအကျန်များကို ရှာသည်။ မတွေ့ချေ။ သို့နှင့် စိတ်ဆိုးမာန်ဆိုးဖြင့်
"ဟင် ရှင် တော်တော် ကမြင်းတယ်၊ ဆံပင် မရှိတဲ့ မိန်းမကိုတောင် မရှောင်ဘူး"
ဟု ပြောလိုက်သည်။

## ၁၈။ မဖြစ်ဘူး

"ဒေါက်တာ ကျွန်တော် အမြဲတန်း စိတ်အားငယ်သလို ဖြစ်နေတယ်၊
ဘာလုပ်ရမလဲဆိုတာ အကြံပေးပါအုံး"
"လွယ်လွယ်လေးပါ၊ အလုပ်ထဲမှာ ခေါင်းမြုပ်ထားလိုက်ပေါ့"
"ဟာ ဒါတော့ မဖြစ်ဘူး၊ ကျွန်တော်က ဘိလပ်မြေဖျော်တဲ့သူ"

## ၁၉။ နောက်တစ်ယောက်ရှိရအုံးမယ်

စကော့တလန်သား အမူးသမား နှစ်ယောက်ကို ရဲသားက ဖမ်းသည်။ ထို့နောက် မေးခွန်းမေးသည်။
"တတိယလူကော"
"ဘယ်က တတိယလူလဲ"
"ခင်ဗျားတို့ သောက်တဲ့ အရက်ဖိုး ချေခဲ့တဲ့ လူလေ"

www.burmeseclassic.com

## ၂၀။ ဈေးနှုန်း

စာရေးဆရာကြီး ဘား နတ်ရှောသည် လန်ဒန်မှ အထက်တန်းစား အမျိုးသမီး တစ်ဦးကို ဤသို့ မေးသည်။
"ပေါင်စတာလင် တစ်သိန်းရမယ်ဆိုရင် ကိုယ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ခင်ဗျား တစ်ညအတူ အိပ်နိုင်ပါ့မလား"
"သိပ် အိပ်တာပေါ့ရှင်"
"တစ်ပေါင်ထဲ ရမယ်ဆိုရင်ကော"
"ရှင်– ကျွန်မကို ဘယ်အစားက အောက်မေ့လို့လဲ"
"ခင်ဗျားကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်က အနိမ့် ဆုံးဈေးနှုန်းကို သိချင်လို့ မေးတာပါ"

## ၂၁။ လူ့ကျင့်ဝတ်

"ခုခေတ်မှာ လူတွေဟာ လိုက်နာအပ်တဲ့ အခြေခံ ကျင့်ဝတ်တွေကိုတောင် မလိုက်နာကြတော့ပါလား"
"ခင်ဗျား ဘာကို ဆိုလိုတာလဲ"
"ကြည့်လေ၊ ကျုပ်တို့ ခန့်ထားတဲ့ ညစောင့်ဟာ ဂိုဒေါင်ထဲ ပစ္စည်းတွေကို ညအချိန်မှာတင် မဟုတ်ပဲ၊ နေ့ခင်းမှာပါ ခိုးနေပါပကော"

## ၂၂။ ဘုရားသခင်မြင်သည်။ သို့သော် ......

ဘာသာရေး တရားဟောဆရာတစ်ဦးသည် မိမိခြံထဲမှ သီးနှံများကို သူခိုးရန်မှ ကာကွယ်သောအားဖြင့် တိုင်အမြင့်ကြီးပေါ်တွင် 'ဘုရားသခင် အားလုံးမြင်သည်' ဟူသော စာတမ်းကို ချိတ်ဆွဲထားလိုက်သည်။ နောက်တစ်နေ့၌ စာတမ်း၏ အောက်တွင် ' သို့သော် လက်ထောက် မချတက်ပါ' ဟူသော စာသားထပ်ဖြည့်ထားသည်ကို တွေ့ရလေသည်။



BURMESE CLASSIC .com

## ၂၃။ မပျောက်ပါဘူး

သူခိုးထူသည်ဟု နာမည်ကြီးသော အီတလီနိုင်ငံ ကော်စီကာ ဒေသမှ ပြန်လာသူတစ်ဦးက ပြောသည်။
"ကော်စီကာမှာ သူခိုးတွေ နေရာတကာ ကျက်စားနေတာပဲလို့ ပြောတဲ့ စကားတွေဟာ တမင် ပုံကြီးချဲ့ထားတာလို့ ပြောချင်တယ်။ တစ်စုံတစ်ယောက်နဲ့ လက်ဆွဲနှုတ်ဆက်ပြီးတဲ့နောက် ကိုယ့်လက်ချောင်းတွေကို ပြန်ပြီး ရေတွက်ကြည့်ရင် လက်ချောင်းတွေ အပြည့်အစုံ ရှိနေတာကို တွေ့ရတာချည်းပဲ။ ဘယ်များ ပျောက်လို့လဲ"

## ၂၄။ အားနားလို့

တောင်းတစ်လုံးအပြည့် သရက်သီးများဖြင့် သားဖြစ်သူ အိမ်သို့ ပြန်ပြေးလာသည်ကို တွေ့သည်နှင့် အမေဖြစ်သူက မေးသည်။
"ဟဲ့သား ဒီသရက်သီးတွေ ဘယ်ကယူလာတာလဲ"
"ရွာထိပ်က စုပေါင်းလယ်ယာခြံထဲကပါ"
"အစောင့်ကို ခွင့်တောင်းခဲ့ရဲ့လား"
"ဟင့်အင်း၊ သူက သရက်ပင်အောက်မှာ အသေလို အိပ်နေတော့ နှိုးပြောရမှာ အားနာတာနဲ့ပဲ မပြောခဲ့တော့ဘူး"

## ၂၅။ သိက္ခာစောင့်ထိန်းသူ

"ကိုယ့်သိက္ခာ ကိုယ်တန်ဖိုးထားတဲ့လူနဲ့ ဆက်ဆံရတာ အင်မတန် စိတ်ချမ်းသာဖို့ ကောင်းတယ်"
"မင်းဘာဖြစ်လို့ ဒီလို ပြောလာတာလဲကွ"
"တစ်နေ့က အင်မတန် လှတဲ့ ခွေးတစ်ကောင်ကို ကောက်ရတယ်။ ဈေးမှာ သွားရောင်းကြည့်တယ်။ ဘယ်သူမှ ၅–ပေါင်ထက် ပိုမပေးဘူး။ ဒါနဲ့ ခွေးပိုင်ရှင်ဆီ ပြန်အမ်းတယ်။ ဆုကြေးငွေအဖြစ်နဲ့ သူက ငါ့ကို ပေါင် ၂၀– ပေးလိုက်တယ်လေ"

## ၂၆။ သဘောတရားရေးသင်တန်း

"ဟေ့ သူငယ်ချင်း၊ ကာလ်းမာက်(စ) ဆိုတဲ့လူကို သိသလား"
"မသိဘူး"
"အဲဒါ ပြောတာပေ့ါ၊ ဗုဒ္ဓဟူးနဲ့ သောကြာနေ့တိုင်း လုပ်နေကျ သဘောတရားရေး သင်တန်းကိုသာ မင်း ငါ့နဲ့အတူ လိုက်တက်ခဲ့ရင် သူ့ကို မင်းသိမှာပေ့ါ"
"မင်းကရော အီဗန်ကို သိသလား"
"မသိဘူး"
"အဲဒါပြောတာပေ့ါ၊ အကယ်၍သာ ဗုဒ္ဓဟူးနဲ့ သောကြာနေ့တိုင်း မင်းသင်တန်းသွားမတက်ခဲ့ရင် မင်းမိန်းမဆီလာနေကျ အီဗန်ကို မင်းသိမှာပေ့ါကွာ"

## ၂၇။ ကယ်တင်ရှင်

ဇိမ်ခံသင်္ဘောပေါ်တွင် လိုက်ပါလာသော အပျိုချောတစ်ဦး၏ နေ့စဉ်မှတ်တမ်း။
ပထမနေ့ – အပျံစားသင်္ဘောဖြစ်သည်။ သင်္ဘောယောက်ျားများအနက် သင်္ဘောကပ္ပတိန်သည် အခန့်ဆုံးဖြစ်သည်။
ဒုတိယနေ့ – ထမင်းခန်းစားတွင် ကပ္ပတိန်နှင့် တစ်စားပွဲတည်းကျသည်။
တတိယနေ့ – သင်္ဘောကို ကပ္ပတိန် လိုက်ပြသည်။ ချစ်ရေးဆိုသည်။
စတုတ္ထနေ့ – ယနေ့ည သူ့အခန်းထဲ မလာပါက သင်္ဘောကို မှောက်ပစ်မည်ဟု သူခြိမ်းခြောက်သည်။
ပဉ္စမနေ့ – ခရီးသည် ၃၈၀– ၏ အသက်ကို ကယ်တင်လိုက်သည်။

## ၂၈။ တော်လိုက်တဲ့သား

ကျောင်းမှ နောက်ကျပြီး ပြန်ရောက်လာသော သားကို အဖေလုပ်သူက အကြောင်းရင်းကို မေးရာ အဖွားအိုတစ်ဦးအား လမ်းဖြတ်ကူးရန် ကူညီနေရသဖြင့် ဟု သားက ဖြေသည်။ လူမှုရေး စိတ်ဓါတ်ရှိတဲ့သား ဟု အဖေက ချီးကျူးပြီး သားကို ချော့ကလက်ဆုချသည်။ နောက်တစ်နေ့တွင် သားသည် မိမိတန်းမှ သူငယ်ချင်းကို ခေါ်လာပြီး မိမိတို့ နှစ်ဦးသား အဖွားအိုတစ်ဦးကို လမ်းဖြတ်ကူးရန် ကူညီခဲ့ကြောင်း ပြောပြသည်။ အဖေ လုပ်သူက ချော့ကလက်တစ်ခုဆီ

ဆုချလိုက်ပြန်သည်။ နောက်တစ်နေ့တွင်မူ သားသည် မိမိအတန်းမှ ကျောင်းသား ထက်ဝက်ခန့်ဖြင့် အိမ်ရောက်လာကာ အဖွားအိုတစ်ဦးရန် လမ်းဖြတ်ကူးနိုင်ရန် ကူညီခဲ့ပြန်ကြောင်း အဖေက ပြောပြသည်။

"မင်းတို့က လူများလှချည်းလား"

"အဖွားက လမ်းဖြတ်မကူးချင်လို့ဆိုပြီး အတင်းငြင်းနေလို့ပါ"

## ၂၉။ အပိုဘီး

တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်း မောင်းနေသော တက္ကစီ ကားပေါ် ထိုင်လိုက်လာသော သူငယ်ချင်းနှစ်ယောက်အနက် တစ်ယောက်က ပြောသည်။

"ကားမောင်းတာကလဲ မြန်လိုက်တာ၊ ဘီးတွေ ကျွတ်ထွက်ကုန်ရင်တော့ ဒုက္ခပဲ" ဤတွင် ဒရိုင်ဘာက လှည့်ပြီး။

"စိတ်မပူပါနဲ့ ခင်ဗျာ၊ ကျွန်တော့ ဆီမှာ အပိုဘီးတွေ ပါပါတယ်" ဟု ပြောလိုက်သည်။

## ၃၀။ လုပ်ပစ်လိုက်မယ်

အမေရိကန် ပြည်ထောင်စု၊ တက္ကဆပ်ပြည်နယ်၊ မြို့ကလေးတစ်မြို့၏ ဘားအတွင်းသို့ ကောင်းဘွိုင်တစ်ယောက်ဝင်လာပြီး ခါးတွင် ချိတ်ထားသော ခြောက်လုံးပြူးကို မြင်သာအောင် ပြလျက် ဘားအတွင်းရှိ လူအားလုံး ကြားအောင် အော်ပြောလိုက်သည်။

"အပြင်က ကျုပ်ရဲ့မြင်းကို ဘယ်.. သားက အစိမ်းရောင် သုတ်သွားသလဲမသိဘူး၊ အဲဒါပြန်ဆေးပေးရင်ပေး၊ မပေးရင် လွန်ခဲ့တဲ့ နှစ် ၅၀– က ကျုပ်ရဲ့ အဖေလုပ်သလို လုပ်ပလိုက်မယ်"

ကောင်းဘွိုင်၏ ရုပ်မှာ မိုက်ရူးရဲပုံသဏ္ဍာန် ပေါက်နေသဖြင့် ဘားထဲမှ လူများ ကြောက်လန့်ပြီး ဆပ်ပြာသွားယူသူယူ၊ ရေပုံး ရှာသူရှာ၊ ရေခပ်သူ ခပ်လုပ်ကာ မြင်းကို ဆေးကြော သုပ်သင်ပေးကြသည်။ ဆေးပြီးသောအခါ လူတစ်ယောက်က မရဲတရဲဖြင့် ကောင်းဘွိုင်အား မေးသည်။

"မြင်းကို ရေဆေး မပေးရင် ခင်ဗျား အဖေ ဘာလုပ်သလဲဗျ"

"ဘာလုပ်ရမလဲ၊ မြင်းအသစ်ဝယ်လိုက်တာပေါ့ဗျ"

## ၃၂။ နာရေးကြော်ငြာ

စကော့တလန်ထုတ် သတင်းစာတစ်စောင်တွင် နာရေးကြော်ငြာတစ်ခုကို ဤသို့ ဖတ်ကြရသည်။
ဂျွန်နှင့် မိုက်ကယ်တို့ နှစ်ဦးသည် မည်သူက အသက်မရှူပဲ ပိုပြီး ကြာကြာနေနိုင်သနည်း ဆိုသည်ကို ဝီစကီ တစ်လုံးကြေး အလောင်းအစားလုပ်ခဲ့သည်။ သူတို့နှစ်ဦး၏ အသုဘကို လာမည့် သောကြာနေ့တွင် ပြုလုပ်မည် ဖြစ်ပါသည်

## ၃၃။ ကြောက်တယ်

ပုန်းနေသော လူနာတစ်ဦးကို ဆရာဝန်ကြီးက ပြစ်တင်စကားပြောသည်။
"ခင်ဗျား ဘာဖြစ်လို့ ခွဲစိတ်ခန်းထဲက ထွက်ပြေးရတာလဲ"
"ဘာမှ ကြောက်စရာ မလိုဘူး၊ အူအတက်ပေါက်လို့ ခွဲတာများ အလွယ်ဆုံးပဲလို့ သူနာပြု ဆရာမက ပြောလို့ပါ"
"သူ အမှန် ပြောတာပါ"
"ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် အဲဒီ စကားကို ခွဲစိတ်ဓားတွေ ကိုင်ထားတဲ့ ဟိုအနားက ဆရာဝန်လေးကို ပြောလို့ပါ"

## ၃၄။ အသိပေးရော့ပေါ့

စာသင်ခန်းတွင် ဖြစ်သည်။
ဆရာမ – 'ကိုင်း မောင်မြ၊ ရှိတ်စပီးယား ဘယ်တုန်းက သေသလဲဆိုတာ ပြောစမ်း'
မောင်မြ – 'သေသွားပြီး၊ ဟုတ်လား။ သူနေမကောင်းဖြစ်တယ်ဆိုတာတောင် မကြားမိလိုက်ဘူး

## ၃၅။ မတရားဘူး

မိမိအိမ်သို့ လာခိုးသော သူခိုးကို အိမ်ရှင်က လက်ပူးလက်ကြပ်မိသည်။
"ဟေ့ကောင်၊ မင်းလက်ထဲ၊ အိပ်ထဲက ရှိသမျှ အကုန်ပြန်ထုတ်"
"ဒါတော့ မတရားဘူး ခင်ဗျာ၊ ပစ္စည်းထက်ဝက်ကျော်ကို တခြားအိမ်တွေက ကျွန်တော် ခိုးခဲ့တာပါ ခင်ဗျ"

## ၃၅။ ဧည့်သည်မဟုတ်ရင်ပြီးရော

ရွာတစ်ရွာတွင် သူကြီးလင်မယား၏ ၂၅–နှစ်မြောက် မင်္ဂလာနေ့ကို ကျင်းပရာ သူကြီးလင်မယားက တစ်ရွာလုံးကို ဖိတ်သည်။ သူကြီး၏ အိမ်သို့ တစ်ပတ်တိတိ ဧည့်သည်မစဲ၊ ဧည့်ဟောင်းပြန်၊ ဧည့်သစ်လာဖြင့် အိမ်တွင် လူစည်ကားနေခဲ့သည်။ ဧည့်သည်များကို သူကြီး လင်မယားက ပျူပျူငှာငှာ ကြိုဆိုဧည့်ခံသည်။ နောက်ဆုံး ဧည့်သည်တစ်ယောက်မှ မကျန်တော့သည့် အချိန်တွင် လင်မယားနှစ်ယောက်လည်း ဖတ်ဖတ်မော ဖြစ်ကာ အသေကောင်ကဲ့သို့ အိပ်မောကျသွားသည်။ ညဥ့်လယ်သို့ ရောက်သောအခါ မယားလုပ်သူ ရုတ်တရက် နိုးလာပြီး ယောကျ်ားဖြစ်သူကို အတင်းနှိုးသည်။
"ကိုရင် ထစမ်းပါ။ အိမ်ထဲမှာ သူခိုးဝင်တယ်ထင်တယ်၊ ရှပ်ရှပ် ရှပ်ရှပ်နဲ့ အသံတွေ ကြားတယ်"
သူကြီးသည် တစ်ဖက်သို့ စောင်းအိပ်လိုက်ပြီး အိပ်ချင်မူးတူးအသံဖြင့် ဇနီးသည်အား ပြောသည်။
"အိပ်မှာဖြင့် အိပ်စမ်းပါဟာ၊ သူခိုးလဲ ဘာဖြစ်သေးလဲ၊ ဧည့်သည်မဟုတ်ရင် ပြီးရော"

## ၃၆။ ပြေးကြည့်စမ်း

"မေမေ ဟိုမှာ ကြည့်စမ်း၊ သူခိုးကို လူအုပ်က လိုက်ဖမ်းနေတယ်"
"ဟဲ့ မြန်မြန် သွားကြည့်စမ်း၊ သားတို့အဖေများ ဖြစ်နေမလားလို့"



BURMESE CLASSIC .com

## ၃၇။ မေ့တက်သူ

သတိမေ့တက်သူ ပါမောက္ခကြီးက သူ၏ဇနီးအား ပြောပြနေသည်။
"ဒီနေ့ ငါ့ ပိုက်ဆံအိတ်ကို ခါးပိုက်နိုက် နှိုက်သွားတယ်"
"ရှင့်အိပ်ထဲကို လက်ဝင်လာတာ ရှင်မသိတာများ အံ့ရော"
"လက်ရောက်လာတာကို ငါသိလိုက်ပါတယ်။ ဒါပေမယ့် အဲဒီလက်ဟာ ငါ့လက်ပဲလို့ ထင်လို့"

## ၃၈။ သတ္တိကောင်းသူ

"ခင်ဗျားရဲ့ အိမ်ခန်းကို သူခိုးတွေ ဖောက်တွင်း ခိုးသွားတယ်ဆို"
"ဟုတ်တယ်"
"ကုတင်အောင်မှာ ပုန်းနေတဲ့ ယောက်ျားတစ်ယောက်ကို ခင်ဗျားရဲ့ မိန်းမ တွေ့တယ်လို့ပြောကြတယ်၊ ဟုတ်သလား"
"ဟုတ်တယ်"
"သူခိုးတွေထဲက တစ်ယောက်လား"
"မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်ပဲ"

## ၃၉။ ယူချင် ယူပါစေ

အိမ်ရှင်ပိုင် အဖိုးတန် စိန်ရွှေရတနာများကို အနုကြမ်းစီးသူတို့ သေတ္တာစ်လုံးထဲသို့ ထည့်နေကြသည်။ အလစ်တွင် အိမ်ရှင်မသည် တယ်လီဖုန်း ရှိရာဘက် ထွက်လာကာ ရုံးသို့ ရောက်နေသော ယောက်ျားအား ဖုံးဆက်သည်
"မောင်ရေ၊ အိမ်မှာ အနုကြမ်းစီးသူတွေ ရောက်နေတယ်။ ရှိသမျှ ပစ္စည်းတွေကို သိမ်းနေကြပြီ။ အဲဒါ အမြန်ဆုံး ရဲကို ခေါ်ပြီး လာခဲ့ပါ"
"ဟေ့ မိန်းမ၊ မင်း ရူးနေသလား။ ရဲကို အကြောင်းကြားလိုက်လို့ ငါရတဲ့ လခကလေးနဲ့ ဒီလောက်များတဲ့ စိန်ရွှေ ရတနာတွေ ဘယက်က ရသလဲလို့ မေးရင် မင်းဘယ်လိုလုပ်ဖြေမလဲ။ ကဲ"

## ၄၀။ ထူးဆန်းတဲ့ဖြစ်ရပ်

"မနေ့ညက ထူးဆန်းတဲ့ ဖြစ်ရပ် တစ်ခု ဖြစ်ခဲ့တယ်။ ငါအိပ်နေတုန်း အသံတစ်သံကြားတာနဲ့ အိပ်ရာက နိုးသွားတယ်။ မျက်လုံးကို ငါဖွင့်လိုက်တော့ လက်တစ်ဖက်ဟာ ငါ့ရဲ့ အိပ်ထောင်ထဲက ပိုက်ဆံအိတ်ကို ထုတ်ပြီး အထဲက ပိုက်ဆံတွေကို ယူနေတာ တွေ့ရတယ်။ ငါခြောက်လုံးပြူးကို ဆွဲယူလိုက်တယ်။ ဒါပေမယ့် မပစ်လိုက်မိဘူး"

"ဘာဖြစ်လို့လဲ"

"ငါ မုဆိုးဖို မဖြစ်ချင်လို့"

## ၄၁။ အလီဘိုင်

"ဟဲလို၊ ဘော်ဘီလား၊ မင်းကို ပုလိပ်တွေ လိုက်ရှာနေတယ်၊ ဆီနိတ်တာ အမတ် မစ္စတာဂရင်းကို မင်းသတ်တယ်လို့ သူတို့ သင်္ကာမကင်း ဖြစ်နေတယ်။ မင်းသတ်တာ မဟုတ်ကြောင်း အကြောင်းပြစရာ မင်းဆီမှာ ရှိသလား"

"သိပ်ရှိတာပေါ့၊ အဲဒီတုန်းက တရားဟောဆရာ မစ္စတာဘရောင်းကို ငါလုပ်ကြံနေတဲ့ဥစ္စာပဲဟာ"

## ၄၂။ ရှက်လို့

ညအချိန်တွင် အာဘရမ်၏ အိမ်ထဲသို့ သူခိုးများဝင်သည်။ အိမ်တစ်ခုလုံးကို မွှေနှောက် ရှာဖွေသော်လည်း သစ်သားဖြင့် လုပ်ထားသော သေတ္တာကြီးတစ်ခုမှလွဲ၍ ဘာမှ မတွေ့ရချေ။ သို့ဖြင့် သေတ္တာကြီးကို အိမ်ပြင်သို့ ထုတ်သည်။ အလွန်လေးသဖြင့် လူပြတ်သော နေရာသို့ ရောက်သောအခါ သူခိုးသုံးယောက်စလုံး မောဟိုက်ကုန်ကြ၏။ သေတ္တာကို ဖွင့်ရန် ကြိုးစားသောအခါ အတွင်းမှ တစ်ခုခုခံသလို ဖြစ်နေသဖြင့် သုံးယောက်သား အတင်းဆွဲ ဖွင့်ကြ၏။ ပွင့်သွားသောအခါ သေတ္တာထဲတွင် အိမ်ရှင်အဖိုးကြီးကို တွေ့ကြရသည်။

"အဖိုးကြီး၊ ဘာဖြစ်လို့ သေတ္တာထဲ ပုန်းနေရတာလဲဗျ"

"ငါ ဘယ်လောက် ဆင်းရဲတယ်ဆိုတာကို လူသိမှာ ကြောက်လို့ပါ"

### ၄၃။ စေတနာနဲ့ပါ

"ဟေ့ ချာတိတ်၊ သူများရဲ့ ခြံထဲမှာ သစ်ပင်ပေါ်တက်ပြီး မင်းဘာလုပ်နေသလဲ"
"ဒီလိုပါခင်ဗျာ၊ မြေပေါ်ကျနေတဲ့ ပန်းသီးကို ပြန်ချိတ်ပေး မလို့ပါ"

### ၄၄။ နောက်ကျရင် သိရမှာပဲ

"ဟေ့ဂျွန်၊ ကယ်ပါ ယူပါ ဆိုပြီး၊ အသံကုန် ဟစ်နေသံကို မင်းကြားတယ် မဟုတ်လား။ ဘာဖြစ်သလဲဆိုတာ သိရအောင် သွားကြည့်ရင် ကောင်းမယ် ထင်တယ်"
"ဘာသွားစရာလိုသလဲကွ၊ မနက်ဖြန် သတင်းစာထဲမှာ ပါလာမှဲ ဥစ္စာ"

### ၄၅။ အရက်ကြောင့်ပဲ

"ဒေါက်တာ၊ ကျွန်တော့်ရဲ့ အူကျ (ဟာနီးယား) ရောဂါဟာ အရက်ကြောင့်ပဲလားဟင်"
"ဖြစ်နိုင်တယ်၊ ပုလင်းလွတ်တွေကို ခင်ဗျား သွားပြန်ရောင်းတဲ့အခါမှာ အလေးအပင်ကို ဆွဲမိသလို ဖြစ်သွားတာကိုးဗျ"

### ၄၆။ ခုတ်တယ်၊ ထစ်တယ်

ဆေးရုံတွင် ဖြစ်သည်။ လူနာများအခန်းသို့ ခွဲစိတ်ဆရာဝန်နှင့် ၎င်း၏ လက်ထောက်တို့ ပုဆိန်တစ်လက် ကိုင်လျက် ဝင်လာသည်။ ဆရာဝန်က စာရွက်ကို ဖြန့်ကာ ဖတ်သည်။
"အီဗန် ပီထရော့၊ ညာခြေထောက်ကို ဖြတ်ရမယ်"
"ဒုတ်"
"နီကိုလိုင်းဆီး ဒေါ်ရော့၊ ဘယ်ခြေထောက်ကို ဖြတ်ရမယ်"
"ဒုတ်"
"နီကိုလိုင်းဆီး ဒေါ်ရော့၊ ညာလက်ကို ဖြတ်ရမယ်"
"ဒုတ်"

"လက်လို့ ကျုပ်ပြောတယ်"
"ဒုတ်"
"ညာလက်လို့ ကျုပ်ပြောတယ်"
"ဒုတ်"

**၄၇။ မရှာမိအောင်**

"မေမေ၊ ညအိပ်ရာဝင်ရင် ကျွန်တော် ခြေအိတ်မချွတ်ဘဲ အိပ်တော့မယ်"
"ဘာဖြစ်လို့လဲ သားရဲ့"
"မနက်တိုင်း ခြေအိတ်ရှာရတာ စိတ်ညစ်လွန်းလို့"

**၄၈။ ရိုက်သင့်တယ်**

တရားသူကြီးက မေးသည်။
"ခင်ဗျားလို လူကြီးလူကောင်းတစ်ဦးက ကိုယ့်မိန်းမကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ရိုက်နှက်တယ်ဆိုတာ ကျွန်တော့ အနေနဲ့ မယုံနိုင်အောင် ဖြစ်နေတယ် တစ်ချိန်လုံး သူက ကျွန်တော့်ကို ဆူဆဲနေတော့ တစ်ချိန်မှာ ပေါက်ကွဲပြီး ထိုးကြိတ်မိတာပါ"
"သူက ခင်ဗျားကို ဘယ်လို ပြောလို့လဲ"
"ရှင်၊ ကျွန်မကို ရိုက်ရဲရင် ရိုက်စမ်း၊ ရှင့်ကို ကျွန်မ လုံးဝ မကြောက်ဘူး။ လက်တစ်ချက် ရောက်တယ်ဆိုတာနဲ့ နင့်ကို သင်းချိုင်းဘက် ခြေတစ်ဘက်နင်းနေတဲ့ ဟိုတရားသူကြီး အစုပ်ပလုပ်ဆီ ငါ့ဆွဲခေါ်သွားမယ်လို့ ပြောတယ်"
"အမှုကို ပိတ်လိုက်တယ်"

**၄၉။ ကြောင်လမ်းပြ**

"အိမ်က ကြောင်ကို သွားပစ်လိုက်လို့ မိန်းမက ပြောလို့ တစ်နေ့က တောထဲသွားပစ်ခဲ့တယ်"
"အိမ်ကို ကြောင်မပြန်လာဘူး မဟုတ်လား"
"ပြန်မလာဘူး၊ ဟုတ်လား၊ သူ့နောက်ကိုသာ ကျွန်တော် မလိုက်ခဲ့ရင် ကျုပ်တောင် အိမ်ပြန်ရောက်မှာ မဟုတ်ဘူး၊ ပြန်လမ်းကို ကျုပ် မမှတ်မိဘူးလေ"

### ၅၀။ အဟန့်အတားဖြစ်မယ်

အမေရိကန် လူမဲတစ်ယောက် စစ်တပ်ထဲဝင်သည်။ စစ်သား စုဆောင်းရေးဌာနမှ အရာရှိက ၎င်းအား မေးသည်။
"မြင်းတပ်မှာ အမှုထမ်းမလား"
"ဖြစ်နိုင်ရင် မရိန်းတပ်မှာပဲ အမှုထမ်းပါရစေခင်ဗျာ"
"ဘာဖြစ်လို့လဲ၊ မြင်းတပ်က တပ်တွေထဲမှာ ဂုဏ်အရှိဆုံးပဲ ဥစ္စာ"
"'တပ်ဖွဲ့ နောက်ပြန်ဆုပ်' လို့ တပ်မှူးက အမိန့်ပေးတဲ့အခါ မြင်းဟာ ကျွန်တော့ အတွက် အနှောက်အယှက် ဖြစ်မှာမို့ပါ"

### ၅၁။ ပေါ်ခဲ့သော ဆန္ဒ

နှစ် ၅၀ မြောက် မင်္ဂလာနေ့ပွဲကို အာမေးနီးယား အဖိုးကြီးနှင့် အဖွားကြီးတို့ ကျင်းပသည်။ မြေးများက ဤသို့ မေးသည်။
"အဖိုး၊ အဖိုးနဲ့ အဖွား ဒီလောက် ကြာကြာ အတူ နေနေခဲ့ကြတာ တစ်ခါတစ်လေမှ ကွာရှင်း ပြတ်စဲချင်တဲ့စိတ်မပေါ်ခဲ့ဖူးဘူးလားဟင်"
"ကွာရှင်း ပြတ်စဲဖို့ ဟုတ်လား။ အဲဒီစိတ်တော့ မပေါ်ဖူးဘူး၊ ဒါပေမယ့် မင်းတို့ အဖွားကို လည်လှီးသတ်ချင်တဲ့ ဆန္ဒတော့ ခဏခဏ ပေါ်မိတယ်"

### ၅၂။ အမှာစာ

ကုမ္ပဏီပိုင်ရှင် အဖိုးကြီးသည် မိမိ၏ အရိုက်အရာကို ဆက်ခံမည် သားအား အခန်းထဲခေါ်ကာ စာအိပ်သုံးခုပေးသည်။
"ငါ့အစား မင်း ကုမ္ပဏီ ပိုင်ရှင် ဖြစ်လာတဲ့အခါမှာ မင်းရဲ့အမြင်အရ ဘယ်လိုမှ ဖြေရှင်းလို့ မရတဲ့ ပြဿနာတွေ ပေါ်လာခဲ့ရင် စာအိပ်တွေကို အမှတ်စဉ်အရ ဖွင့်ပါ" ဟု ၎င်းက မှာကြားသည်။ မကြာမီ အဖိုးကြီး ကွယ်လွန်ပြီး သားဖြစ်သူ ကုမ္ပဏီပိုင်ရှင် ဖြစ်လာသည်။ သားလက်ထက် ရောက်မှ ပြဿနာတွေ တစ်ခုပြီး တစ်ခု ပေါ်ပေါက်လာသည်။ ဖြေရှင်းလို့ မရသဖြင့် ပိုင်ရှင်သစ်သည် ပထမဆုံးစာအိပ်ကို ဖွင့်လိုက်သည်။
"မိမိ၏ လက်ထောက်ကို အပြစ်ဖို့ပါ" ဟူသော စာတမ်းကို ၎င်း တွေ့ရသည်။

အချိန်အတန်ကြာသွားသည်။ ဒုတိယစာအိပ်ကို ဖွင့်ရမည့် အခြေအနေ ဖြစ်လာသည်။ သို့ဖြင့် ဖွင့်လိုက်ရာ "အရန်ဖယ်ထားသော ငွေတွေကို ထုတ်ပြီး လုပ်ငန်းကို အခြေခံ က စပြီး ပြောင်းလဲ ဖွဲ့စည်းလိုက်ပါ" ဟု ၎င်း ဖတ်ရသည်။ ဤအတိုင်း လုပ်သော်လည်း အခြေအနေမှာ ပိုမို ဆိုးရွားလာခဲ့သည်။ သို့ဖြင့် နောက်ဆုံး စာအိပ်ကို ဖွင့်လိုက်ရသည်။ အထဲတွင် ရေးထားသည်ကား "စာအိပ်သုံးအိပ်ကို မင်းပြင်ပေတော့" ဟူ၍ဖြစ်လေသည်။

## ၅၃။ တာဝန်မကျေတဲ့သား

တောရွာတစ်ရွာရှိ ပျံကျလုပ်သားကြီးတစ်ဦး၏ အိမ်ရှေ့သို့ အကောင်းစား ကားတစ်စီး ထိုးဆိုက်လာကာ ကားထဲမှ သားနားစွာ ဝတ်စားထားသော လူငယ်တစ်ယောက်ထွက်လာသည်။ အိမ်ရှေ့တွင် ထင်းပေါက်နေသော လူကြီးဆီ ၎င်း လျှောက်လာပြီး ပြောသည်။
"အဖေ၊ ကျွန်တော့ကို မမှတ်မိဘူးလား၊ ကျွန်တော် မောင်တိုးလေး၊ လွန်ခဲ့တဲ့ ဆယ်နှစ်က မြို့ထဲတက်ပြီး ဆေးပေါလိပ်သွားဝယ်ချေလို့ အဖေကျွန်တော့ကို ခိုင်းလိုက်တယ်လေ။ ကျွန်တော် မြို့မှာပဲ နေလိုက်ပြီး အလုပ်လုပ်ရင်း စာသင်တယ်။ အလုပ်ကောင်းရတယ်။ သူဌေးသမီးတစ်ယောက်ကို လက်ထပ်လိုက်တယ်။ အခု ကျွန်တော့မှာ ကိုယ်ပိုင်အိမ်နဲ့ ကိုယ်ပိုင်ကားနဲ့ ဖြစ်နေပြီခင်ဗျ"
"အေး ဝမ်းသာတယ် သားရယ်၊ ဒါနဲ့ ငါမှာတဲ့ ဆေးပေါ့လိပ်ပါလာသလား"

## ၅၄။ အလွယ်ကလေးပဲ

အဝတ်အစားမပါပဲနဲ့ ရှင်ကျွန်မရဲ့ ပုံတူကို ဆွဲပေးနိုင်မလား ဟု ပန်းချီပြခန်းသို့ ဝင်လာသော အမျိုးသမီးက ပန်းချီဆရာကို မေးသည်။
"သိပ်လွယ်တာပေါ့ဗျာ" ဟု ပန်းချီဆရာက ပြောကာ မိမိ့ကိုယ်ပေါ်မှ အဝတ်အစားများကို ဝမ်းသာအားရ ချွတ်ချလိုက်သည်။

## ၅၅။ အချိန်မရွေး သေနိုင်တယ် ဆိုလို့

အင်္ဂလိပ်လူမျိုးတစ်ယောက်နှင့် စကော့တလန်သား တစ်ယောက်တို့ အိပ်ခန်းတစ်ခန်းထဲကျကာ ရထားစီးလာကြသည်။ တစ်ဘူတာ ရောက်တိုင်း စကော့တလန်သားသည် တစ်နေရာသို့ ထွက်သွားကာ ရထားပြန်မထွက်မီ အပြေးအလွှား ပြန်ရောက်လာသည်။ အကြိမ်များလာသည်နှင့် အင်္ဂလိပ် စပ်စုသည်။
"တစ်ချိန်လုံး မိတ်ဆွေ ဘယ်ကို ပြေးသွားနေတာတုန်းဗျ"
"ဒီခရီးကို မထွက်ခင် ကျွန်တော် နှလုံးရောဂါ အထူးကုဆရာဝန်ဆီ ရောက်ခဲ့တယ်။ သူကျွန်တော့်ရဲ့ ရောဂါ အခြေအနေ မကောင်းလှဘူး။ အချိန်မရွေး သေနိုင်တယ်လို့ ပြောတယ်။ ဒါကြောင့် ကျွန်တော် နောက်တစ်ဘူတာ အထိပဲ လက်မှတ်ဝယ်တယ်လေ"

## ၅၆။ အဖိုးတွက်

စားသောက်ဆိုင်တစ်ခုက ထူးဆန်းသော ကြေငြာစ်ခု ထည့်သည်။ ယနေ့ ကြွရောက်သုံးဆောင်သူများ အတွက် ကျသင့်ငွေကို ၎င်းတို့၏ မြေးများက ပေးချေမည်ဟူ၍ ဖြစ်သည်။ ဤကြော်ငြာအရ ပထမဆုံး ရောက်လာသော ပုဂ္ဂိုလ်သည် ကောင်းပေ့ ဟင်းလျာများနှင့် ဈေးကြီးပေ့ ဆိုသော အရက်များကို မှာယူစားသောက်သည်။ စားပြီးချိန်တွင် စားပွဲထိုးက ၎င်းအနားရောက်လာကာ ကျသင့်ငွေ ပြေစာကို ထိုးပေးကာ ပိုက်ဆံတောင်းသည်။
"ဘယ်လိုလဲဗျ၊ ဒီနေ့ လာ စားသောက် သူတွေ အားလုံးအတွက် သူတို့ မြေးတွေကပဲ ပေးချေရမယ်ဆို"
"ဟုတ်ပါတယ်၊ အခု လူကြီးမင်းဟာ လူကြီးမင်းရဲ့ အဖိုးအတွက် ပေးချေရမှာ ဖြစ်ပါတယ်။ အခုပေးတဲ့ ပြေစာဟာ လူကြီးမင်းရဲ့ အဖိုးရဲ့ ပြေစာ ဖြစ်ပါတယ်"

## ၅၇။ အလုပ်လက်မဲ့

ဂျူးတစ်ယောက် အလုပ်လာလျှောက်သည်။ ၎င်းအား အလုပ်မခန့်ချေ။ ဂျူးက မကျေမချမ်း ပြောသည်။
"ဂျူး ဆန့်ကျင်ရေး စိတ်ဓာတ်ကြောင့် ခင်ဗျားတို့ ကျွန်တော့်ကို မခန့်တာလား"
"ခင်ဗျားတို့ ဂျူးတွေကို အလုပ်ခန့်လို့ ဘာထူးမှာလဲ။ တစ်နေ့ ကျရင် ဒီနိုင်ငံကနေ အပြီးအပိုင် ထွက်သွားကြမှာပဲ ဥစ္စာ "



BURMESE CLASSIC .com

"ကျွန်တော် ဒီနိုင်ငံကနေ ဘယ်တော့မှ မထွက်သွားဘူးလို့ ဆုံးဖြတ်ထားတယ်"
"အဲဒီလိုဆိုရင် ပိုလိုတောင် မခန့်သေးတယ်။ ကျုပ်တို့ ရုံးမှာ စိတ်မနှံ့သူတွေ မလိုဘူး"

## ၅၈။ မိုးပျံတိုက်မှာ နေချင်တယ်

ဟိုတယ်မန်နေဂျာကို စကော့တလန်သား မေးနေသည်။
တစ်ယောက်ခန်းယူရင် အခန်းခ ဘယ်လောက်ကျမလဲဗျ
"ပထမအထပ်မှာ ပေါင် ၅၀၀၊ ဒုတိယအထပ်မှာ ပေါင် ၄၀၀၊ တတိယအထပ်မှာ ပေါင် ၃၀၀၊ စတုတ္ထအထပ်မှာ ပေါင် ၂၀၀၊ ပဉ္စမအထပ်မှာ ဆိုရင်တော့ ပေါင်တစ်ရာပဲ ကျပါတယ်"
စကော့တလန်သားက အနည်းငယ် စဉ်းစားပြီး မိမိ၏ သေတ္တာကို ဆွဲဟာ ဟိုတယ်မှ ထွက်မည် လုပ်သည်။
"ဘာလဲ၊ ဈေးများတယ် ထင်လို့လာ ခင်ဗျာ"
"မဟုတ်ပါဘူး၊ ခင်ဗျားဟိုတယ်က တော်တော်နိမ့်တာပဲ"

## ၅၉။ စစ်အကယ်ဒမီ

ဆိုဗီယက်ပြည်ထောင်စုရှိ နာမည်ကြီး စစ်အကယ်ဒမီတစ်ခုသို့ အမေရိကန် သူလျှိုတစ်ယောက်ကို စေလွှတ်လိုက်ရာ တစ်လအတွင်း ၎င်း ပြန်ရောက်လာသည်။
"ဘယ်လိုဖြစ်တာလဲ" ဟု ၎င်းအား ဝိုင်းမေးကြသည်။
"မော်စကို ရောက်တယ်၊ အကယ်ဒမီ တက်ခွင့်ရအောင် ဆောင်ရွက်တယ်။ သင်တန်းစတယ်။ သင်တန်း ပို့ချချက်တွေကို ဘယ်သူမှ လိုက်ပြီး မှတ်စု မရေးကြဘူး။ ကျွန်တော် လိုက်ရေးတယ်။ မသင်္ကာဘူးဆိုပြီး ကျွန်တော့်ကို ကျောင်းက ထုတ်ပစ်လိုက်တယ်"
သို့ဖြင့် နောက်တစ်ယောက်ကို လိုအပ်သော လေ့ကျင့်မှုများ ပေးကာ စေလွှတ်လိုက်ပြန်သည်။ နောက်သုံးလကြာသောအခါ ၎င်းပြန်ရောက်လာသည်။
"ဘာဖြစ်ပြန်ပြီလဲကွ"
"သင်တန်းဆရာ ပို့ချနေချိန်မှာ ဘယ်သူမှ လိုက်မရေးဘူး။ ကျွန်တော်လဲ လိုက်မရေးဘူး။ စာကြည့်ချိန်မှာ အကုန်လုံးအိပ်ကြတယ်။ ကျွန်တော်လဲ မအိပ်ပဲ မနက်က သင်တာတွေကို မှတ်စုထုတ်တယ်။ မသင်္ကာဘူးဆိုပြီး ကျွန်တော့်ကို ကျောင်းက ထုတ်လိုက်တယ်"
နောက်တစ်ယောက်ကို ရွေးကာ စေလွှတ်လိုက်ပြန်သည်။ ၎င်းသည်

ခြောက်လအကြာတွင် ပြန်ရောက်လာသည်။
"မင်းလည်း သင်တန်းမပြီးခင် ပြန်လာပြန်ပြီးလား။ ဘာဖြစ်လို့လဲ"
"စာသင်ချိန်မှာ ဘယ်သူမှ စာလိုက်မရေးဘူး။ ကျွန်တော်လဲ လိုက်မရေးဘူး။ စာကြည့်ချိန်မှာ အကုန်လုံးအိပ်တယ်။ ကျွန်တော်လဲ အိပ်တယ်။ အစမ်းစားမေးပွဲ လုပ်တော့ အားလုံးအောင်ကြတယ်။ ကျွန်တော် မအောင်ဘူး"

**၆၀။ ရှေ့ရေး**

ယူကရိန်းတစ်ယောက်ကို ကေဂျီဘီက ဆင့်ခေါ်သည်။
"အစ္စရေးနိုင်ငံကနေပြီးတော့ ခင်ဗျားဆီကို ပုံမှန် ပါဆယ်တွေ ပို့နေတယ်၊ ဘာကြောင့်လဲ"
"စစ်အတွင်းက ဂျူးတစ်ယောက်ကို ကျွန်တော် ဖွက်ထားပေးဘူးလို့ပါ"
"ဆိုဗီယက်နိုင်ငံသားတစ်ဦးအနေနှင့် အခုလို ပါဆယ်တွေကို လက်ခံယူနေတာ မသင့်ဘူးဆိုတာ ခင်ဗျား မသိဘူးလား။ ခင်ဗျားရဲ့ ရှေ့ရေးကို မတွေးဘူးလား"
"တွေးပါတယ်။ တရုတ်တစ်ယောက်ကို ဖွက်ထားပါတယ်"

**၆၁။ အထင်မှားမှာ စိုးလို့**

အသက်အရွယ် ကြီးရင့်လာပြီဖြစ်သော နွားသိုးကြီးကို သားစပ်ခြင်းတာဝန်မှ ပိုင်ရှင်လယ်သမားက အငြိမ်းစား ပေးလိုက်ကာ နွားမများနှင့် အတူ ရောထားလိုက်သည်။
မကြာမီ ငယ်ငယ်ရွယ်ရွယ် သန်တုံးမြန်တုံး နွားသိုးတစ်ကောင်ကို လယ်သမားကြီး ဝယ်လာသည်။ နွားပျိုကို မြင်သောအခါ နွားအိုကြီးသည် မြေကြီးကို ချိုဖြင့် ထိုးသည်။ အသံမျိုးစုံလုပ်ကာ မိမိ၏ မကျေနပ်မှုကို ပြသည်။ ၎င်း၏ အမူအရာမှာ 'ဖွဲတစ်ဆုပ်တော့ တက်နိုင်သေးသည်' ဟူသော သဘောသက်ရောက်နေသဖြင့် လယ်သမားကြီး က ၎င်းအနားကပ်လာကာ အောက်ပါအတိုင်းပြောသည်။
"ဘာ ပူပူညံညံ လုပ်နေတာလဲ၊ မင်းမှာ ဒီအတွက် အားမရှိတော့ဘူးလေ"
"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော် နွားမ မဟုတ်ဘူးဆိုတာတော့ သူသိအောင် ပြထားရမယ်လေ"

## ၆၂။ နံပါတ်မဲ့

ယာဉ်ထိန်းရဲက ကားမောင်းသူ အမျိုးသမီးကို ပြောသည်။
"ခင်ဗျား ဘာဖြစ်လို့ ကားနံပါတ်မပါဘဲ မောင်းရတာလဲ"
"မလိုပါဘူး၊ နံပါတ်ကို ကျွန်မ အလွတ်ရနေတဲ့ ဥစ္စာ"

## ၆၃။ ကားစီးရင် ခါးပတ် ပတ်

ယာဉ်ထိန်းရဲက ကားကို ရပ်ခိုင်းကာ မေးသည်။
"ခင်ဗျားရဲ့ဘေးက ထိုင်နေတဲ့ ခရီးသည် ဘာဖြစ်လို့ လုံခြုံရေးခါးပတ် မပတ်ခိုင်းတာလဲ"
"သူက ကျုပ် မိန်းမပဲ ဥစ္စာ"

## ၆၄။ တစ်နာရီကို မိုင်လေးဆယ်

မော်တော်ဆိုင်ကယ် စီးလာသော အမျိုးသမီးကို ယာဉ်ထိန်းရဲက တားသည်။
"ခင်ဗျားတစ်နာရီကို မိုင်လေးဆယ်နဲ့ မောင်းတယ် "ဟု ပြောကာ ဒဏ်ရိုက်ရန် ပြေစာစာအုပ်ကို ထုတ်သည်။
"တစ်နာရီ မိုင်လေးဆယ် ဟုတ်လား။ ကျွန်မ အိမ်က ထွက်လာတာ တစ်နာရီတောင် မပြည့်သေးဘူး"
ယာဉ်ထိန်းရဲ ခေါင်းကို ကုတ်လိုက်ပြီး ပြောသည်။
"ဆောရီးပဲ၊ အဲဒါကို ကျွန်တော် မသိလို့ပါ။ ဆက်သွားနိုင်ပါတယ်"

## ၆၅။ ရောင်းပစ်ချင်တယ်

ကားစုတ်တစ်စီးကို ရဲသားတားသည်။
"ခင်ဗျားဟာ တစ်နာရီကို မိုင်ခြောက်ဆယ်နှုန်းနဲ့ မောင်းလာတယ်၊ အရှိန်ဖြင့် မောင်းမှုနဲ့ ကျွန်တော် ဒဏ်ရိုက်ရပါလိမ့်မယ်"
"ဒဏ်ငွေဆောင်ဘို့ အဆင်သင့်ပါပဲ။ဒါပေမယ့် တစ်ခုတော့ မေတ္တာရပ်ပါရစေ။ တစ်နာရီ မိုင်ရှစ်ဆယ်နှုန်းနဲ့ ကျွန်တော် မောင်းလာတယ်လို့ ရေးပေးပါ"
"ဘာဖြစ်လို့လဲ"
"ဒီကားစုတ်ကို ဈေးကြီးကြီးနဲ့ ရောင်းချင်လို့"

## ၆၆။ ပြေးမလွတ်ပါလား

"တစ်နာရီ မိုင်တစ်ရာနှုန်းနဲ့ ကျွန်တော် မောင်းလာတယ် ဟုတ်လား။
မဖြစ်နိုင်တာဗျာ၊ အများဆုံး တစ်နာရီ မိုင် ငါးဆယ်နှုန်းပဲ ကျွန်တော်
မောင်းလာတာဗျ "
ဟု ကားမောင်းသူက ရဲသားကို အတင်းငြင်းသည်။
ရဲသား စိတ်တိုလာကာ ရွဲ့ပြီး ပြန်ပြောသည်။
"ကားကို မမောင်းပဲ ရပ်ထားတာလို့တောင် ခင်ဗျား ပြောချင်တယ် ထင်တယ"
"တကယ်ပြောရရင် ကျွန်တော် ရပ်ထားတာပါ"
"အိုကေ၊ ဒီလိုဆိုရင် ဒဏ်ငွေ ဒေါ်လာ ၅၀ ဆောင်ပါ"
"ဘာဖြစ်လို့လဲ"
"တားမြစ်နေရာမှာ ကားရပ်ထားလို့"

## ၆၇။ တာဝန်ကျေတဲ့သား

ချူချာအဖိုးကြီး မသေမီ မိမိအား ပင်လယ်ထဲ မြှုပ်ရန် သားနှစ်ဦးကို မှာခဲ့သည်။
အဖေ့အတွက် တွင်းတူးရင်း သားနှစ်ယောက်စလုံး ရေနစ် သေဆုံးသွားကြသည်။

## ၆၈။ အချိန်မှန်မှန် ဆန်ပြုတ်သောက်ပါ

မနက်စာ ဆန်ပြုတ်ကို သားငယ်လေးနှင့် ယောကျ်ားလုပ်သူကို မိန်းမက
ထည့်ကျွေးသည်။ သားငယ်သည် ဆန်ပြုတ်ကို မစားချင်ဘူးဆိုကာ
အင်တင်တင်လုပ်သည်။ အမေလုပ်သူ စိတ်တိုလာပြီး ဇွန်းဖြင့်သား၏ နဖူးကို
ခေါက်လိုက်သည်။
"ဟဲ့ ကလေးကို ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"
ဟု ယောကျ်ားက မိန်းမကို မာန်ကာ ကလေးကို ချော့သည်။ နားနားကပ်၍လည်း
တိုးတိုးပြောသည်။ သားငယ်သည် အဖေ့စကားကို ကြားသည်နှင့် ဆန်ပြုတ်ကို
ခဏအတွင်း ကုန်အောင်စားပစ်လိုက်သည်။ ထို့နောက် ကျောင်းအိတ်ကို ယူကာ
ကျောင်းဘက် ထွက်သွားသည်။ နှစ်ယောက်ထဲ ကျန်သောအခါ မိန်းမက
ယောကျ်ားကို မေးသည်။
"ရှင် ကလေးကို ဘာပြောလိုက်သလဲ၊ ဆန်ပြုတ်မကြိုက်တဲ့ ကလေး ချက်ချင်း

စားပစ်လိုက်ပါလား"
"အော်၊ သားဆန်ပြုတ်မစားရင် သားရဲ့ 'ငယ်ပါ' လေးဟာ ဘယ်တော့မှ ကြီးလာမှာ မဟုတ်ဘူးလို့" ပြောလိုက်တယ်
မိန်းမ အတန်ကြာ တွေသွားသည်။ ထို့နောက် ရုတ်တရက် ယောက်ျား၏ နဖူးကို ဇွန်းဖြင့် ခေါက်လိုက်သည်။
"ဟဲ့ ဘာဖြစ်လို့ ငါ့ကို ခေါက်ရတာလဲ"
"ငယ်ငယ်တုန်းက ဆန်ပြုတ်မှန်မှန် မသောက်ခဲလို့"

## ၆၉။ ကြောက်လို့

ရဲစခန်းတွင်ဖြစ်သည်။
"စခန်းရှေ့က လမ်းပေါ်မှာ လမ်းလျှောက်နေတုန်း ကျွန်တော်လက်ပတ်နာရီကို မကြာခင်လေးတင်က ဖြုတ်သွားတယ်ခင်ဗျ"
"ရဲစခန်းနဲ့ နီးနီးလေးပဲ၊ ခင်ဗျာ ဘာဖြစ်လို့ လှမ်းအော်ပြီး အကူအညီ မတောင်းသလဲ"
"ကျွန်တော် ပါးစပ်မဟရဲလို့၊ ရွှေသွားကို လုယက်တဲ့သူ မြင်သွားမှာ စိုးတယ်"

## ၇၀။ ပျောက်တဲ့ ပစ္စည်း ပြန်တွေ့ပြီ

မြို့နယ်ပါတီယူစနစ် ကော်မတီ အတွင်းရေးမှူးထံ အမျိုးသမီးတစ်ဦး ရောက်လာကာ မိမိ၏ ယောက်ျားသည် မိမိအပေါ်သစ္စာဖောက်သည်ဟု သက်သေမကင်း ဖြစ်ကြောင်း လာရောက်တိုင်ကြားသည်။
"မဖြစ်နိုင်တာခင်ဗျာ၊ ခင်ဗျား ယောက်ျားဟာ လူရိုးပဲ"
"အထောက်အထားအဖြစ်နဲ့ အမျိုးသမီး အတွင်းခံဘောင်ဘီတွေကို ယူလာခဲ့တယ်။ ရှော့ကြည့်ပါ"
"ကောင်းပြီ၊ သူ့ကို ခေါ်ပြီး ကျွန်တော် ဆွေးနွေးကြည့်မယ်"
ဤသို့ ကတိပေးပြီးနောက် အတွင်းရေးမှူးသည် အတွင်းခံဘောင်းဘီများကို စားပွဲ အံဆွဲထဲ ထည့်လိုက်သည်။ တိုင်းပါတီကော်မတီမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်မည်ကို သတိရသဖြင့် ဘောင်းဘီကို မိမိ၏ လက်ဆွဲအိပ်ထဲသို့ ပြောင်းထည့်လိုက်သည်။
အတွင်းရေးမှူးသည် စိတ်လက်ပေါ့ပါးစွာဖြင့် အိမ်သို့ ပြန်ရောက်လာသည်။ သားဖြစ်သူက ရုပ်ရှင်သွားမည်ဟု ပူဆာသည်။ အမေ့ထံတွင် အကြွေ မရှိသဖြင့် သားအ အဖေ့ထံ တောင်းသည်။



BURMESE CLASSIC .com

"အဖေ့ လက်ဆွဲအိတ်ထဲမှာ ပိုက်ဆံရှိတယ်။ မင်းအမေကို ယူခိုင်းလိုက်"
မိန်းမဖြစ်သူ လက်ဆွဲအိတ်ကို ဖွင့်သည်။ စက္ကူနှင့် ပတ်ထားသော အထုပ်ကို တွေ့သဖြင့် ဖြေ ကြည့်လိုက်သည်။ အတွင်းခံ ဘောင်းဘီတို့ကို တွေ့ရာ ဝမ်းသာအားရဖြင့် ယောကျ်ားကို လှမ်းပြောသည်။
"အတွင်းခံ ဘောင်းဘီပျောက်လို့ ရှာနေတာ နှစ်ရက်ရှိပြီ၊ ရှင်က လက်ဆွဲအိတ်ထဲ ထည့်ပြီး လျှောက်သွားနေတာကိုး"

## ၇၁။ မဆာလို့ပေါ့

ယုန်နှင့် ခြသေ့်တို့ စားသောက်ဆိုင်ထဲ ဝင်လာသည်။
"ကျွန်တော် သိပ်ဆာနေတယ်၊ ဟင်းသီး ဟင်းရွက် ချည်းပါတဲ့ အသုပ်စုံ တစ်ပွဲ အမြန်ဆုံးပေးပါ"
ဟု ယုန်က စားပွဲထိုးကို မှာသည်။
"ခင်ဗျားရဲ့ မိတ်ဆွေကော မဆာဘူးလား"
"မလိုအပ်တဲ့ မေးခွန်းပဲ၊ သူသာ ဆာနေရင် ကျုပ် ဒီမှာတောင် ထိုင်မနေဘူး"

## ၇၂။ မျက်စိပါပေမယ့်

ချူချာ တစ်ယောက် မော်တော်ကား ဝယ်သည်။ ဝယ်သော ကားကိုမောင်းလာရာ သစ်ပင်တစ်ပင်ကို တိုက်မိသည်။ ကားထဲမှ ချူချာထွက်လာကာ ရှေ့မီးနှစ်လုံးကို လက်ဖြင့်ထုလိုက်သည်။
"ဒီလောက်ကြီးတဲ့ မျက်လုံးကြီးတွေ ဘာကိုမှ မမြင်ဘူး။ တောက်"

## ၇၃။ တစ်ပတ်ရိုက်

စားသောက်ဆိုင်မှ ထွက်လာသော အရက်မူးသမားတစ်ယောက်သည် လမ်းဒေါင့်တစ်နေရာတွင် အပေါ့သွားသည်။ ဤသည်ကို ရဲသားက မြင်သဖြင့် အော်လိုက်သည်။
"ဟေ့ လူ၊ ကိုယ့်ပစ္စည်းကို ဝှက်လိုက်စမ်း၊ ရပ်လိုက်စမ်း"
အိမ်သို့ ပြန်ရောက်သောအခါ ဖိုးသမားက မိမိ၏ ဇနီးကို ပြောသည်။
"ငါ ဒီနေ့ ပုလိပ်ကို တစ်ပတ်ရိုက်လိုက်တယ်။ သူက ပစ္စည်းကို ဝှက်လိုက်၊ ရပ်လိုက်လို့ အမိန့်ပေးတယ်။ ငါလဲ ဝှက်လိုက်တယ်။ ဒါပေမယ့် မရပ်လိုက်ဘူး၊ ဟဲ ဟဲ"

## ၇၄။ ယောက္ခမနဲ့ သမက်

လူရွယ်တစ်ဦး ရဲသားဆီ ပြေးလာကာ အော်ပြောသည်
"ကျွန်တော့်ကို ခဏ ဖမ်းချုပ်ထားပါ။ နို့မဟုတ်ရင် ကျွန်တော့် ယောက္ခမကို ကျွန်တော် သတ်မိလိမ့်မယ်"
ရဲသားက ပြန်ပြောသည်။
"ကျုပ်ရဲ့ ယောက္ခမကိုပါ တဆက်တည်း သတ်ပေးစမ်းပါ၊ ပြစ်ဒဏ်ပေါ့လျှော့စေဘို့ ကျုပ်ကူညီပေးမယ်"
လူရွယ်သည် စိတ်ပျက်လက်ပျက်ဖြစ်ကာ အစိုးရ ရှေ့နေထံ ပြေးသည်။
"ရှေ့နေမင်းခင်ဗျာ၊ ကျွန်တော့်ကို ထိန်းသိမ်းထားစမ်းပါ။ နို့မဟုတ်ရင် ကျွန်တော့် ယောက္ခမကို သတ်မိလိမ့်မယ်"
"ကျုပ်ရဲ့ ယောက္ခမကိုပါ တပါတည်း သတ်ပေးစမ်းပါ။ အပြစ်ဒဏ်လျှော့အောင် ကျုပ်ပါ လုပ်ပေးမယ်"
လူရွယ်သည် ယခင်ကထက် ပို၍စိတ်ပျက်သွားကာ အရက်ကို ဖိသောက်သည်။ မူးမူးနှင့် မိမိ၏ ယောက္ခမ၊ ရဲသား၏ ယောက္ခမနှင့် ရှေ့နေ၏ ယောက္ခမတို့ကို သတ်ပစ်လိုက်သည်။ လူသုံးဦးကို သတ်မှုဖြင့် ၎င်းအား ရုံးတင်စစ်ဆေးသည်။ တရားသူကြီးက နောက်ဆုံးစီရင်ချက်ကို ဖတ်ကြားသည်။
ယောက္ခမ သုံးဦးကို သတ်မှုဖြင့် တရားခံ အီဗန်နော့အား ထောင်ဒဏ် ခြောက်လ ကျခံစေ
စီရင်ချက်ကို ဖတ်အပြီးတွင် တရားသူကြီးသည် တရားခံဘက်လှည့်ကာ တိုးတိုးလေး ပြောသည်။
"ကျုပ်ရဲ့ ယောက္ခမကိုပါ သတ်ပေးခဲ့ရင် ခင်ဗျားကို ကွင်းလုံးကျွတ် လွှတ်ပေးဘို့ အဆင့်သင့်ရှိနေတာဗျ"

## ၇၅။ ပျင်းစရာကြီး

"လူ့ဘဝဟာ အပြောင်းအလဲမရှိတော့ ပျင်းစရာ ကောင်းလာတယ်"
"ဘာကို ဆိုလိုတာလဲ"
"ကြည့်လေ၊ မနေ့ကလဲ ပိုက်ဆံမရှိဘူး၊ ဒီနေ့လဲ မရှိဘူး"

### ၇၆။ မျှော်လင့်ချက်ကင်းတဲ့ဘဝ

မြင်းတစ်ကောင်က အခြားတစ်ကောင်ကို ပြောသည်။
"ငါ သိပ်ကံဆိုးတာပဲ၊ ငါ ရတဲ့ တကယ့် ခေါင်းပုံဖြတ်
သွေးစုတ်သမားတစ်ယောက်ဖြစ်နေတယ်၊ မနက်ကနေ ညနေပိုင်းအထိ ငါ့ကို
တောက်လျှောက် ခိုင်းနေတော့တာပဲ"
"တိရစ္ဆာန်များ ကာကွယ်ရေးအဖွဲ့ဆီ စာရေးပြီး တိုင်ပါလားကွ"
"ဒါတော့ မဖြစ်ဘူး၊ ငါစာပါရေးတက်တယ်ဆိုတာ သူသိသွားရင် သူ့ရုံးမှာပါ ငါ့ကို
ခိုင်းအုံးမှာကွ"

### ၇၇။ သိရအောင်

မြေးက ဖွားဖွားကို ပြောသည်။
"ဖွားဖွား မီးဖွင့်ပေးစမ်း ပါ။ ဘယ်လက်ချောင်း နာသလဲဆိုတာ ကျွန်တော်
မမြင်ရဘူး"

### ၇၈။ နှိုးပါ

တည်းခိုးခန်းပိုင်ရှင်က ညားကာစ လင်မယား စုံတွဲကို မေးသည်။
"ဘယ်အချိန်မှာ နှိုးရမလဲ ခင်ဗျာ"
"တစ်နာရီမှာ၊ သုံးနာရီမှာ၊ ငါးနာရီမှာ"

### ၇၉။ ချော့ကလက် ထပ်လိုချင်တယ်

အိမ်ပြန်ရောက်လာသော ချာတိတ်က အမေကို ပြောပြနေသည်။
"မေမေ ဒီနေ့ ဘတ်စ်ကားပေါ်မှာ အန်တီတစ်ယောက်ရဲ့ ခြေထောက်ကို
တက်နင်းမိတယ်။ ကျွန်တော်က တောင်းပန်ပါတယ်။ အဲဒီတော့ သူက သားကို
ချော့ကလက် ပေးတယ်"
"သားက ကျေးဇူးတင်စကား မပြောလိုက်ဘူးလား"
"ဟင့်အင်း၊ သူ့ရဲ့ နောက်ခြေထောက်တစ်ဘက်ကို ကျွန်တော်
တက်နင်းလိုက်တယ်"

### ၈၀။ မှာတဲ့ အတိုင်း

တရားရုံးတွင် ဖြစ်သည်။ တရားသူကြီးက တရားခံကို မေးသည်။
"မီးခံသေတ္တာကို မဖွင့်မီ ဘာလို့ နားမကြားတဲ့ အဖွားကြီးကို မောင်မင်း သတ်ပစ်ရတာလဲ"
" 'ကျွန်ုပ် သေပြီးမှ သေတ္တာကို ဖွင့်ပါ' လို့ မီးခံသေတ္တာပေါ်မှာ စာကပ်ထားလို့ပါ"

### ၈၁။ ဆုံကြအုံးမှာပါ

ထောင်မှူးကြီး ထောင်ကျကို ပြောသည်။
"ဆောရီးပဲ၊ ကျွန်တော်တို့ရဲ့ လစ်ဟင်းမှုကြောင့် လွန်ခဲ့တဲ့ တစ်လကတည်းက ခင်ဗျား လွတ်ရက်စေ့နေပေမဲ့ အခုမှပဲ လွတ်ရတဲ့အတွက် စိတ်မကောင်းပါဘူး"
"ကိစ္စမရှိပါဘူး၊ နောက်တစ်ခါကျရင် ဒီရက်တွေကို လျှော့တွက်ပေးရင်၊ ပြီးတာပါပဲ"

### ၈၂။ အခွင့်အရေး

အမေရိကန် အကျဉ်းထောင်တွင် ဖြစ်သည်။ ထောင်ခန်းထဲသို့ ထောင်ကျ နောက်တစ်ယောက်ကို ခေါ်လာသည်။ အခန်းထဲတွင် ရှိနှင့်ပြီး ဖြစ်သော ထောင်ကျက လူသစ်ကို မေးသည်။
"ကိုယ့်လူ၊ ဘယ်လောက် ကြာကြာ နေမှာလဲ"
"၂၅–နှစ်"
"အဲဒီလိုဆိုရင် တံခါးအနားက ကုတင်ကို ယူ။ မောင်ရင်က ကိုယ့်ထက် စောပြီး လွတ်မဲ့လူ၊ ကိုယ်က နှစ် ၄၀–ကြာအောင် နေရမှာ"

## ၈၃။ အိမ်မှာ အတိုင်းပဲ

မေရီသည် ယောက်ျားဖြစ်သူထံ ထောင်ဝင်စာလာတွေ့သည်။
"ရှင်နေရ ထိုင်ရတာ အဆင်ပြေရဲ့လား"
"အိမ်မှာ အတိုင်းပဲ၊ ဘယ်ကိုမှ မထွက်ရဘူး၊ ကျွေးတာလဲ ညံ့လိုက်တာ လွန်ရော"

## ၈၄။ သေးငယ်တဲ့အမှား

ထောင်ကျတစ်ယောက် သက်ပြင်းချပြီး ပြောသည်။
"အမှားကလေး တစ်ခုကိုသာ ငါမလုပ်မိခဲ့ရင် ငါ သန်းကြွယ်သူဌေး ဖြစ်နိုင်တယ်"
"ဘယ်လိုအမှားလဲ"
"ငါ့ရဲ့ ရာတန်တွေဟာ အစိုးရထုတ် ငွေစက္ကူထက် ၂– မီလီမီတာ ပိုရှည်သွားတယ်"

## ၈၅။ စောစောက ပြောရော့ပေါ့

ညစာအတွက် ဘာများ မှာစားချင်သလဲ ဟု မနက်ဖြန် ကြိုးပေးခံရမည့် အကျဉ်းသားကို ထောင်တာဝန်ခံက မေးသည်။
"ခင်ဗျား ကြိုက်တာကို ပြောပါ၊ ခင်ဗျား စားချင်သောက်ချင်တာ အားလုံးကို တောင်းဆို ပိုင်ခွင့်ရှိတယ်"
"ဝမ်းနည်းစရာပဲ၊ လွန်ခဲ့တဲ့ သုံးလလောက်ကသာ အဲဒီလို စကားမျိုး ခင်ဗျား ကျွန်တော့ကို ပြောခဲ့မယ်ဆိုရင် လူသတ် လုယက်တဲ့ အမှုကို ကျွန်တော် ကျူးလွန်မိမှာ မဟုတ်ပါဘူးဗျာ"

## ၈၆။ တွေ့ချင်သေးတယ်

ရာဇဝင် လူဆိုးတစ်ယောက် လွတ်ရက်စေ့၍ ထောင်မှ အထွက်တွင် ထောင်မှူးကြီးက ပြောသည်။
"ကိုင်းကွဲပေတော့၊ နောက်တစ်ကြိမ် မတွေ့ရတော့ဘူးလို့ မျှော်လင့်ပါတယ်"
"ဘာလဲ၊ ထောင်မှူးကြီး အလုပ်ပြောင်းမလို့လားဟင်"

## ၈၇။ နိဗ္ဗာန် တံခါး

သေဒဏ်ကျခံရသော ဖောက်ထွင်းရေးသမားထံ ခရစ်ယာန် ဘုန်းကြီးတစ်ပါး ရောက်လာကာ ပြောသည်။

"ငါ့သား၊ နိဗ္ဗာန်တံခါး ပိတ်မနေရအောင် နောက်ဆုံးအချိန်မှာ ကိုယ့်ရဲ့ ပြစ်မှုတွေ အားလုံးအတွက် ဘုရားသခင်ကို ဝန်ချတောင်းပန်လိုက်ပါ"

"ဘာပြောတယ်၊ ကျုပ် မဖွင့်နိုင်တဲ့ တံခါး မရှိဘူးဗျ၊ နားလည်လား"

## ၈၈။ ဒါကြောင့်ပါ

မိမိအိမ်သို့ ကားနံပါတ် ၁၃၈– ကို စီးကာ ညနေ ခြောက်နာရီ အရောက်လာရန် အမျိုးသမီးက မိမိချစ်သူ ချူချာကို မှာသည်။ သို့သော် ချူချာ လုံးဝ ရောက်မလာချေ။ နောက်တစ်နေ့ တွေ့သောအခါ ၎င်းက ဤသို့ ဖြေရှင်းချက်ပေးသည်။

"ကားကို တစ်ချိန်လုံး စောင့်ခဲ့တာပဲ။ ဒါပေမယ့် ၁၃၆– မြောက်အစီးမှာ ကားလိုင်း ပိတ်သွားတယ်။ မေးကြည့်တော့ ဒါ နောက်ဆုံးအစီးတဲ့"

## ၈၉။ အာဂ ဆရာဝန်

"ဒီဆရာဝန်ဟာ အင်မတန် စွမ်းတယ်၊ ကျုပ်မိန်းမကို တစ်မိနစ်အတွင်း ပျောက်အောင် ကုနိုင်တယ်"

"ဘယ်လို ကုလိုက်လို့လဲ"

"ရောဂါ မှန်သမျှဟာ ဇရာရဲ့ လက္ခဏာလို့ သူပြောလိုက်တယ်လေ"

## ၉၀။ စာရေးနည်း

နာမည်ကျော် စာရေးဆရာဖြစ်အောင် မည်သို့ စာရေးမည်နည်းဟု အမျိုးသမီးကြီး တစ်ဦးက ဘားနတ်ရှောကို မေးရာ

"ဘယ်ဘက်ကနေ ညာဘက်ကို ရေးပါ"

ဟု ရှောက တိုးတိုးလေး ဖြေလိုက်သည်။

## ၉၁။ ရှေ့နေ မရှိတဲ့ တရားခံ

တရားသူကြီး က တရားခံကို ကို မေးသည်။
"ခင်ဗျား ဘာဖြစ်လို့ ရှေ့နေ မငှားသလဲ"
"ဒီဒေါ်လာ ငါးသန်း ကျွန်တော် တကယ် မယူမှန်းသိတာနဲ့ ရှေ့နေတွေအားလုံး ကျွန်တော့ အမှုကို လိုက်ပေးဘို့ ငြင်းလိုက်ကြတယ်လေ"

## ၉၂။ ကလေးသုံးယောက်

"မောင်ရေ၊ ခင်တို့ လက်ထက်ပြီးရင် ကလေးသုံးယောက်ရမယ်"
"ခင် ဘယ်လိုလုပ် ကြိုပြောနိုင်သလဲ"
"ပြောနိုင်တာပေါ့၊ အခု လောလောဆယ် သူတို့ တစ်တွေ မေမေနဲ့ နေနေကြတယ်"

## ၉၃။ စဉ်းစားလွန်းသူ

"ကျွန်တော့ မိန်းမဟာ စဉ်းစားလွန်းလို့ ဆံပင်တောင် ဖြူစ ပြုလာပြီ"
"ဘာတွေ စဉ်းစားလို့ တုန်း"
"ဪ၊ ရွှေရောင်ဆံပင် ဆိုးဆေး ဆိုးရမလား၊ အညိုရောင်ဆေး သုံးရမလားဆိုတာ စဉ်းစားရင်နဲ့ ခေါင်းဖြူ အဖွားကြီး ဖြစ်သွားတယ်လေ"

## ၉၄။ စိုးရိမ်လို့ပါ

"သား သိပ်မြန်မြန် မနင်းနဲ့နော်"
ဟု စက်ဘီးပြိုင်ပွဲဝင်မည့်သားကို အမေဖြစ်သူက သတိပေးသည်။

## ၉၅။ စိတ်ကူးယာဉ်

ထီလက်မှတ်ဝယ်လာပြီး စိတ်ကူးယာဉ်နေသူ အိမ်ထောင်ဦးစီး ယောကျ်ားက ဇနီးမာရှာနှင့် သား ကိုလျာတို့ကို ပြောသည်။
"မော်တော်ကားသာ ပေါက်ရင် မာရှာရေ၊ မင်းကို ငါဘေးမှာ ထိုင်ခိုင်းမယ်၊



BURMESE CLASSIC .com

သားကိုလျှာကိုတော့ နောက်ခန်းမှာ ထိုင်ခိုင်းမယ်၊ ပြီးတော့ တို့မိသားစု ကားနဲ့ ပျော်ပွဲစား ထွက်ကြမယ်"
"ကျွန်တော် နောက်ခန်းမှာ မထိုင်ချင်ဘူး"
"သား၊ မင်းက ဘာဖြစ်လို့ မင်းက မထိုင်ချင်ရတာလဲ။ ထိုင်ကို ထိုင်ရမယ်"
"မထိုင်ချင်ဘူးဗျာ"
"အဲဒါဆို ကားထဲက ထွက်ကွာ"

**၉၆။ မသေသေးဘူး**

ဆေးရုံလုပ်သားများက လူနာကို တွန်းလှည်းပေါ် တင်လာကြသည်။ လူနာက မေးသည်။
"ခင်ဗျားတို့ ကျွန်တော့ကို ဘယ်ခေါ်သွားနေတာလဲဗျ"
"ရေခဲတိုက်ကို"
"ဒါပေမယ့် ကျွန်တော်မှ မသေသေးပဲဟာ"
"ကျွန်တော်တို့ကလဲ ရေခဲတိုက်ကို မရောက်သေးပါဘူး"

**၉၇။ အရေးထဲ အရာပေါ်**

အလုပ်များပြီး အလိုလို စိတ်တိုနေသော အရာရှိကြီး တစ်ဦးထံ ဇနီးဖြစ်သူ ဖုံးဆက်သည်။ အိမ်ဖော် အမျိုးသမီးသည် အလုပ်မှ ထွက်တော့မည်ဟု ကြေငြာကာ လခကို ရှင်းပေးရန် တောင်းဆိုကြောင်း သတင်းပေးသည်။
"ဒီကိစ္စမှာ ဘယ်သူ အပြစ်ရှိသလဲဟေ့"
"ရှင့်ပေါ့၊ ရှင်မနက်က ဖုံးဆက်တုန်းက သူ့ကို ဆဲရေးတိုင်းထွာလိုက်တယ်တဲ့"
"ဟေ့၊ ဟုတ်လား ငါက မင်းထင်လို့ ပြောနေကျ အတိုင်း ဆဲပြောလိုက်တာကွ"



BURMESE CLASSIC .com

## ၉၈။ သူကတော့ ဖိမ်ကျနေပြီ

ဖိုးသမားနှစ်ယောက် အရက်သောက်ချင်သဖြင့် မိမိတို့တွင်ရှိသော ပိုက်ဆံကို ထုတ်ကြသည်။ တစ်ပုလင်း ဘိုးပြည့်ရန် အနည်းငယ်လိုနေသဖြင့် လမ်းလျှောက်လာသော လူတစ်ယောက်ကို လိုငွေဖြည့်ကာ ပုလင်းကို သုံးယောက်ခွဲသောက်ရန် ကမ်းလှမ်းသည်။ ထိုလူက ပိုက်ဆံကို ဖြည့်ပေးပြီး ပြောသည်။

"တစ်ခုတော့ ရှိတယ်။ ကျုပ်က ပုလင်းကနေ မော့ချတာမျိုး မကြိုက်ဘူး။ ဒါကြောင့် ဖန်ခွက် ရှာကြရအောင်"

သို့ဖြင့် ဖန်ခွက် အရှာထွက်ကြသည်။ ရှာရင်း ရှာရင်းဖြင့် တစ်နေရာတွင် ဖိုးသမားတစ်ယောက် ရေအိုင်ထဲ လဲနေသည်ကို တွေ့ကြရသည်။ စောစောပိုင်းက ဖိုးသမားနှစ်ယောက်စလုံး ပြိုင်တူ ပြောလိုက်ကြသည်။

"တချို့လူတွေ အနားတောင် ယူနေကြပြီ၊ တို့ကတော့ ဖန်ခွက်ရှာတုန်း"

## ၉၉။ တော်ပါသေးရဲ့

"ရေဒီယို သတ္တိကြွမှုတွေ နေရာအနှံ့ ဖြစ်နေတယ်၊ အဲဒါ ကလေးတွေ မွေးလာတဲ့အခါ တချို့ ခေါင်းနှစ်လုံး ပါလာတက်တယ် ပြောကြတယ်ရှင့်"
ဟု ကိုယ်ဝန်ဆောင် မိန်းမက မိမိ၏ ယောကျ်ားကို ပြောသည်။

အချိန်ရောက်သောအခါ ထိုမိန်းမ မီးဖွားသည်။ ယောကျ်ားဖြစ်သူသည် စိုးရိမ်တကြီးဖြင့် သားဖွားဆေးရုံသို့ ဖုန်းဆက်သည်။

"ဟဲလို ဆေးရုံကပါလား"

"ဟုတ်တယ်"

"မနေ့က ဆေးရုံတင်တဲ့ ကျွန်တော့ဇနီး မာရီယာ မွေးပြီး လာ ခင်ဗျာ"

"မွေးပြီ"

"ဘာလေးလဲ"

"အသားမည်းကလေး"

"ခေါင်းရော၊ ခေါင်း ဘယ်နှစ်လုံး ပါသလဲ ခင်ဗျ"

"တစ်လုံးထဲ"

"အင်း၊ တော်ပါသေးရဲ့"

## ၁၀၀။ လူ့သဘာဝ

ပါမောက္ခက ကျောင်းသားကို မေးသည်။
"ရွှေနှင့် အသိဉာဏ်အနက် ကြိုက်တာ တစ်ခုကို ရွေးဆိုရင် မင်းဘာကို ယူမလဲ"
"ရွှေကို ယူမှာပေါ့"
"ဆရာကတော့ အသိဉာဏ်ကို ယူမယ်၊ ဘာကြောင့်လဲ သိလား"
"သိပါတယ်။ မိမိမှာ မပြည့်စုံတာကို ယူချင်ကြတာဟာ လူ့သဘာဝဲ ဥစ္စာ"

## ၁၀၁။ မခြောက်လှန့်နဲ့

ရာသီဥတု ကောင်းလာသည့် အကြောင်းကို လယ်သမားနှစ်ဦး ပြောနေကြသည်။
" နောက်နှစ်ရက်၊ သုံးရက် လောက်သာ ဒီအတိုင်း မိုးဆက်ရွာပေးမယ် ဆိုရင်၊
မြေကြီးအောက်မှာ ရှိတာ မှန်သမျှ ကြွတက်လာမှာ သေချာတယ်"
ဟု တစ်ယောက်က အားရသံဖြင့် ပြောရာ ကျန်တစ်ယောက်က အောက်ပါအတိုင်း
ပြန်ပြောသည်။
"ဟေ့၊ ဒီလိုတော့ ငါ့ကို မခြောက်နဲ့ကွာ၊ ဒီသုသာန်မှာ ငါ့မိန်းမဟောင်း
နှစ်ယောက်ကို မြှုပ်ထားတာကွ"

## ၁၀၂။ ခေါင်းနှစ်လုံးရှိရင်

"အကယ်၍သာ ခင်ဗျားဆီမှာ ခေါင်းနှစ်လုံးရှိမယ် ဆိုရင် ဘာလုပ်မယ်
စိတ်ကူးသလဲ"
"ဒီလို အဓိပ္ပာယ်မရှိတဲ့ မေးခွန်းမေးသူကို တစ်လုံး ခွဲပေးလိုက်မှာပေါ့"

## ၁၀၃။ ငါ့နာရီပြန်ဆး

ညအချိန်ဖြစ်သည်။ ရဲစခန်း၌တယ်လီဖုန်းသံ မြည်လာသည်။ တာဝန်ကျရဲက
ကောက်ကိုင်လိုက်သည်။
"ပြောပါ၊ ရဲစခန်းကပါ"
"ကျွန်တော် ရဘင်နိုဗစ်ချ်ပါ၊ အခု ဘယ်နှစ်နာရီ ရှိပြီလဲ ခင်ဗျ"
"ညဥ့်တစ်နာရီတိတိ"

"ကျေးဇူးပဲ"
နောက်ဆယ်မိနစ်ခန့်ကြာသောအခါ တယ်လီဖုန်းမြည်လာပြန်သည်။
"ကျွန်တော် ရဘာင်နိုဗစ်ချ်ပါ၊ ဘယ် အချိန်ရှိပြီလဲ ခင်ဗျ"
"ခင်ဗျား စောစောကပဲ ဆက်သေးတယ်"
"ဟုတ်တယ်၊ ဒါပေမယ့် အချိန်နည်းနည်း ကြာသွားပြီလေ"
"ကောင်းပြီ၊ အခု တစ်နာရီနဲ့ ဆယ်မိနစ်"
"ကျေးဇူးပဲ"
ဆယ်မိနစ်ခန့် ကြာသွားပြန်သည်။ တယ်လီဖုန်း မြည်လာပြန်သည်။
"ရဲစခန်းကလား၊ ကျွန်တော် ရဘာင်နိုဗစ်ချ်ပါ။ အချိန်ဘယ်လောက်ရှိပြီလဲ ခင်ဗျ"
"ဟေ့ ရဘာင်နိုဗစ်ချ်၊ ခင်ဗျား ကျုပ်ကို ဒုက္ခပေးလှချည်းလား။ ခင်ဗျားဆီက ကျုပ်တို့ သိမ်းထားတဲ့ စားပွဲတင်နာရီကို ပြန်ယူတော့၊ အခု ရဲစခန်းကို လာယူလှဲ့ "

## ၁၀၄။ အမျိုးဂုဏ်ကို ထိန်းရမယ်

သေဒဏ်ကျခံရသော ပြစ်သစ်၊ ဂျာမန်နှင့် ရုရှားတို့ သုံးဦးကို အဆုံးစီရင်ရန် ခေါ်ထုတ်လာသည်။ ပြစ်သစ်က ပြောသည်။
"ကျွန်တော့်ကို ခေါင်းဖြတ်စက်နဲ့ သတ်ဖို့ မေတ္တာရပ်ခံပါတယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့ အမျိုးသားဓလေ့ ထုံးစံပါ"
၎င်းကို ခေါင်းဖြတ်စက်ဖြင့် သတ်ရန်ခေါ်သွားသည်။ သို့သော် စက်ချို့ယွင်းသဖြင့် ခေါင်းမပြတ်ဘဲ ဖြစ်သွားသည်။ သို့ဖြင့် ၎င်းအား သေဒဏ်မှ လွတ်ငြိမ်းခွင့် ပေးလိုက်သည်။ အပြန်လမ်းတွင် ခေါင်းဖြတ်စက်ပျက်နေကြောင်း ဂျာမန်နှင့် ရုရှားကို ပြစ်သစ်က တိုးတိုးလေး ပြောချိန်ရလိုက်သည်။
ဂျာမန်၏ အလှည့် ရောက်လာသည်။ ၎င်း ခေါင်းဖြတ်စက်ဖြင့် သတ်ရန် ရွေးသည်။ ၎င်းအားလည်း လွှတ်လိုက်ရသည်။ ရုရှား၏ အလှည့် ရောက်လာသည်။ ရုရှားက ဤသို့ ပြောသည်။
"ကျွန်တော်တို့၏ လူမျိုးရဲ့ ထုံးစံက သေဒဏ် ပေးခံရင် ကြိုးဆွဲချတဲ့နည်းကိုပဲ အသုံးပြုပါတယ်။ ဒါကြောင့် ကျွန်တော် ကြိုးဆွဲချတဲ့နည်းကို ရွေးပါတယ်။ ပြီးတော့ ခေါင်းဖြတ် စက်ကလဲ ပျက်နေတယ် မှတ်လား"

## ၁၀၅။ ရိုးသားတဲ့ စစ်သား

အထွေထွေ စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန် ရောက်လာသော စစ်သားကို အရာရှိ က ဘာကြောင့် တပ်ထဲ ဝင်လာသနည်း ဆိုသည်ကို မေးရာ ၎င်းက ရိုးရိုးသားသား ဖြေရန် ဆုံးဖြတ်လိုက်သည်။
"တစ်အချက်၊ အမိ နိုင်ငံတော်ကို ကျွန်တော် ကာကွယ်လိုတယ်"
"မှန်တယ်"
"နှစ်အချက်၊ စစ်မှုထမ်းခြင်းအာဖြင့် ကျွန်တော် ယောကျ်ား ပီသလာမယ်"
"ဘဲရီးဂွတ်"
"တတိယအချက်၊ ကျွန်တော် သဘောတူသလား ဆိုတာကို ဘယ်သူမှ မမေးဘူး"

## ၁၀၆။ အတူတူပဲ

"မေရီရေ၊ အိုင့်ယောကျ်ားလေး ဝတ်လစ်စလစ်ကို သိပ်ကြိုက်တာပဲ"
"အိုင့် ယောကျ်ားလဲ အိုင့်ကို ဘာအဝတ်အစားမှ ဝယ်မပေးဘူး"

## ၁၀၇။ မေ့တက်သူ

ဆရာက သင်တန်းသားကို မေးသည်။
"ဒီနေ့ သင်တန်းအတွက် လိုအပ်တဲ့ မြေပုံကို ပြင်ဆင်လာဘို့ ကျွန်တော် ခင်ဗျားကို မှာခဲ့တယ်။ မပြင်လာဘူး ထင်တယ်"
"ကျွန်တော် မေ့သွားတယ်"
"ခင်ဗျားရဲ့ မေ့တက်တဲ့ အကျင့်ကြောင့် ကျုပ်လဲ စိတ်ညစ်လာပြီ၊ မေ့တက်ရင် စာနဲ့ ရေးမှတ်ထားပေါ့ဗျာ"
"ကျွန်တော် ကြိုးစားကြည့်ပါတယ်။ ဒါပေမယ့် မရဘူး။ ဘယ်မှာ ရေးမှတ်ထားသလဲဆိုတာကို ဘယ်လိုမှ ပြန်သတိဖော်လို့ မရဘူး"

## ၁၀၈။ အကူအညီ

"ဟို့နေက ကျွန်တော် ရေးပေးလိုက်တဲ့ ဆေးစာဟာ ခင်ဗျားကို အထောက်အကူ ပြုရဲ့လား"
"ကျေးဇူးပဲ ဒေါက်တာရယ်။ ဆေးကို ကျွန်တော့ ဦးလေး မှားသောက်မိလို့ အခု ကျွန်တော်ပဲ အမွေစား အမွေခံအဖြစ် ကျန်ရစ်တယ်"

## ၁၀၉။ နောက်တစ်ခါမှ လာမယ်

လင်မယားကွာရှင်းခွင့် ကိစ္စကို တရားရုံးတွင် ကြားနာသည်။
သားသမီးသုံးယောက်ကို ခွဲဝေယူရန်နှင့် ပတ်သတ်၍ တရားသူကြီး ရှေ့တွင် လင်နှင့် မယား အငြင်းပွားနေကြသည်။
"ကျွန်မကို နှစ်ယောက် ပေးရမယ်"
ဟု မိန်းမက ပြောသည်။
"ဘာရမလဲ၊ ကျွန်တော် နှစ်ယောက် ယူမယ်"
ဟု ယောကျ်ားက စောဒက တက်သည်။
အပြန်အလှန် အငြင်းပွားနေကြသည်မှာ နာရီဝက်ခန့် ကြာသွားသည်။
"မြန်မြန် ဆုံးဖြတ်ကြဗျာ"
ဟု တရားသူကြီးက သတိပေးသည်။ နောက်ဆုံးတွင် မိန်းမက စိတ်မရှည့်တော့ဘဲ ယောကျ်ားကို ပြောလိုက်သည်။
"လာ၊ သွားကြမယ်၊ ကလေးလေးယောက် ဖြစ်တဲ့အခါ နောက်တစ်နှစ်ကြာမှ ပြန်လာကြရအောင်"

## ၁၁၀။ ကလေးသုံးယောက်အဖေ

နိုင်ငံခြားတွင် နှစ်ပေါင်းများစွာ အမှုထမ်းပြီး ပြန်လာသော ယောကျ်ားက အိမ်ခန်းတွင် ကလေးသုံးယောက်ကို မြင်သည်နှင့် မိန်းမကို မေးသည်။
"ဟေ့၊ မာရီယာ ဒီကလေးတွေက ဘယ်သူ့ ကလေးတွေလဲ"
"ဘယ်သူ့ကလေးတွေ ရမလဲ၊ ကျွန်မတို့ ကလေးတွေပေါ့"
"ငါ မရှိတုန်း သူတို့တစ်တွေ ဘယ်လိုလုပ်ပြီး လူပြည်ထဲ ရောက်လာတာလဲ။ ရှင်းစမ်းပါအုံး"

"အကြီးဆုံးကလေးက ရှင့်ဆီ ကျွန်မ အလည်လာပြီး မွေးတာလေ၊
အလတ်ကောင်က ရှင် ၂လလောက် ခွင့်နဲ့ ပြန်လာပြီး မွေးတာ"
"တတိယ အကောင်ကရော"
"ဘာလဲ၊ ရှင်က ကလေးတစ်ယောက် ပိုနေတာနဲ့ ပြဿနာ လုပ်ချင်လို့လား၊
သူ့ဟာသူ ဆော့ကစား စမ်းပါစေရှင့်"

## ၁၁၁။ အဖေစစ်၊ အဖေမှန်

ချာတိတ်တစ်ယောက် ရဲစခန်းသို့ အပြေးရောက်လာပြီး အကူအညီ တောင်းသည်။
"ကူကြပါအုံး၊ ကူကြပါအုံး၊ ဟိုမှာ ကျွန်တော့ အဖေကို လူတစ်ယောက်
ရိုက်နှက်နေတယ်"
ချာတိတ်နှင့်အတူ ရဲသားတစ်ယောက် လိုက်ထွက်လာသည်။ လူနှစ်ယောက်
အပြန်အလှန် ထိုးကြိတ်နေသည်ကို တွေ့သည်။ ချာတိတ်ဘက်လှည့်ကာ ရဲသားက
မေးသည်။
"ငါ အခု သူတို့ကို လူချင်းခွဲလိုက်မယ်။ ဘယ်သူက မင်းအဖေလဲ"
"အဲဒီကိစ္စကို အခု သူတို့ အဆုံးအဖြတ် ယူနေကြတာလေ"

## ၁၁၂။ ကြက်ဖတောင် တွန်ပြီ

"ဟေ့ဂျွန်၊ ထတော့လေ၊ ကြက်ဖတောင် တွန်နေပြီ"
"သူ့ဟာသူ တွန်ပစေပေါ့၊ ငါက ကြက်မမှ မဟုတ်ဘဲဟာ"

## ၁၁၃။ အစမ်းစာမေးပွဲ

ဆရာက ကျောင်းသား ဖြစ်သူ ကိုလျာကို သတိပေးသည်။
"ဟေ့ ကိုလျာ၊ မာရှာရဲ့ အဖြေ စာအုပ်ကို မင်းခိုးကြည့်နေတာ ငါးကြိမ် ရှိပြီနော်"
"ကျွန်တော့ အပြစ် မဟုတ်ပါဘူး ဆရာ၊ သူ့လက်ရေးကို ကျွန်တော် ဖတ်မရလို့ပါ"

**၁၁၄။ သစ္စာ**

ညားခါးစ လင်မယားနှစ်ယောက် အပြန်အလှန် ကတိကဝတ် ပြုကြသည်။
တစ်ယောက်ယောက်က သစ္စာဖောက်လျှင် ဖောက်သူက ပဲကြမ်းတစ်စေ့
စားပွဲပေါ်တင်ရန် ဖြစ်သည်။ တစ်ပတ်ခန့် ကြာသွားသည်။ ယောကျာ်းဖြစ်သူက
ပဲကြမ်းစေ့သုံးစေ့ကို စားပွဲ ပေါ်တင်သည်။
မိန်းမမူ တစ်စေ့မှ မတင်ချေ။ သို့ဖြင့် ယောကျာ်းက မေးသည်။
"ဘာလဲ၊ မင်းက ငါ့ကို တစ်ခါမှ သစ္စာ မဖောက်ဘူး ပေါ့လေ ဟုတ်လား"
"မဖောက်ဘူး၊ ဟုတ်လား၊ ရှင့်ကို ပဲဟင်းကျွေးနေတာ နှစ်ရက်တောင် ရှိပြီ"

**၁၁၅။ အိမ်ရှင်အိမ်ငှား**

အခန်းငှား နေထိုင်သော ကျောင်းသားကို အခန်းရှင်က ပြောသည်။
"အခန်းခ အကြွေးတွေကို မပေးမချင်း မင်းကို အခန်းထဲက ပေးမထွက်ဘူး
ကျေးဇူးပဲ၊ နေစရာ အတော်ကြာကြာ ရှိအုံးမှာပဲ"

**၁၁၆။ ကြားရတယ်**

ဂျွန်ကို ဘေးခန်းမှ ဂျက်က မေးသည်။
"ခင်ဗျား မိန်းမ ယူလိုက်ပြီလို့ ကြားတယ်"
"သြော်၊ ခင်ဗျားအခန်းကတောင် ကြားသကိုး"

**၁၁၇။ စည်းကမ်းချက်**

"ကျွန်တော့ ဇနီး ပျောက်ဆုံးနေတယ်ဆိုတာကို လာပြီး သတင်းပို့ပါတယ်ခင်ဗျာ"
"ဒီပုံစံကို ဖြည့်ပါ၊ ပြီးတော့ သူ့ရဲ့ ပုံပန်း လက္ခဏာ တွေကို စာရွက်အလွတ်ပေါ်မှာ
ဆွဲပြပါ"
"ဟုတ်ကဲ့၊ ဒါပေမယ့် သူ့ကို ရှာတွေ့တဲ့ အခါမှာ ဒီစာရွက်ကို သူ့ကို မပြနဲ့နော်"

### ၁၁၈။ ဒေါ်လေး အသစ်ရပြီ

"မင်းနဲ့ မေရီတို့ လက်ထပ်မယ့် အစီအစဉ် ပျက်သွားရတယ်လို့
သတင်းကြားရတယ် ဟုတ်သလား"
"ဟုတ်တယ်"
"မင်းရဲ့ ဦးလေးဟာ သန်းကြွယ်သူဌေး၊ မင်းဟာ သူ့ရဲ့ တစ်ဦးတည်းသော
အမွေစား အမွေခံ ဖြစ်တယ်ဆိုတာကို မင်း မေရီကို မပြောပြဘူးလား"
"ပြောပြတယ်လေ၊ ဒါကြောင့် သူဟာ ငါ့ဒေါ်လေး ဖြစ်လာတာပေါ့"

### ၁၁၉။ ဝမ်းနည်းတယ်

"အန်ကယ့် မျက်နှာ မကောင်းပါလား၊ ဘာဖြစ်လို့လဲ"
"အခုလေးတင် ဆိုင်က ထွက်သွားတဲ့ လူငယ်ကို တွေ့တယ်မှတ်လား။ သူဟာ
အန်ကယ့် ဆိုင်မှာ တစ်နှစ်ပတ်လုံး သူ့ ချစ်သူအတွက် ပန်းတွေ ဝယ်နေကျ၊
မနက်ဖြန် သူမင်္ဂလာဆောင်တော့မယ်။ ဒီလို ဖောက်သည်ကောင်းတစ်ယောက်
ဆုံးရှုံး ရတော့မှာကို တွေးမိပြီး စိတ်မကောင်း ဖြစ်မိတာပါ"

### ၁၂၀။ ဝ မရှိရင် ဝိ မလုပ်နဲ့

ဂျူးမိသားစုထံ 'ပစ္စည်းမဲ့ တော်လှန်ရေး' တပ်သားများ ရောက်လာကြသည်။
အိမ်ရှင်မက မေးသည်။
"ဘာလို့ချင်လိုလဲ"
"ရွှေ"
"ရွှေ၊ ဟုတ်လား၊ ဘာအတွက်လဲ"
"ကွန်မြူနစ် စနစ် တည်ဆောက်ချင်လို့"
"အဲဒီတော့ ဘာဖြစ်လဲ"
"ပိုက်ဆံမလောက်လို့"
"ပိုက်ဆံမရှိဘဲနဲ့များ၊ ဘာလို့ ဆောက်ချင်ရတာလဲ။ မဆောက်နဲ့ပေါ့၊ ဒုက္ခရှာလို့"

## ၁၂၁။ သန့်စင်ရေး

ဘာဖြစ်လို့ လူသုံး ဆပ်ပြာနဲ့ အဝတ်လျှော် ဆပ်ပြာမှုန့်တွေ ဆိုင်ပေါ်က
ပျောက်ကုန်ရတာလဲ
"ပါတီ သန့်ရှင်းရေးလုပ်နေလို့"

## ၁၂၂။ ဆံပင်ညှပ်

"မိတ်ဆွေကို ဘယ်လို ညှပ်ပေးရမလဲ ခင်ဗျာ"
"စကား မပြောဘဲ အသံတိပ် ညှပ်ပေးပါ"

## ၁၂၃။ နားမထိုင်းဘူး

လမ်းဘေးဆိုင်တွင် ဖြစ်သည်။
"ကျွန်တော့်ကို မီးချစ်တစ်ဘူး ရောင်းပါ"
"ရှင် ဒီလောက် အော်ပြောစရာလိုဘူး။ ကျွန်မ နားမထိုင်းဘူး။ ဒါနဲ့ အစီခံနဲ့လား။
အစီခံ မပါတာ ယူမလား"

## ၁၂၄။ သဲစားသား

"ဒေါက်တာ ကယ်ပါဦး၊ ကျွန်မသားလေး သဲတွေ စားမိတယ်။ ဆရာဆီ မလာခင်
ကျွန်မ သူ့ကို ရေတွေ အများကြီး တိုက်ထားတယ်။ ဘာဆက်လုပ်ရမလဲဟင်"
"အခု ခင်ဗျား ကလေး ဘိလပ်မြေ မစားမိအောင် မျက်ခြေမပြတ်
စောင့်ကြည့်ပေတော့"



BURMESE CLASSIC .com

**၁၂၅။ ပိန်ဆေး**

"ဒေါက်တာ၊ ကျွန်မ ဆရာဝန်တွေ အများကြီးဆီ ရောက်ခဲ့ပြီးရောက်ခဲ့ပြီးပြီ၊ ပိန်ချင်ရင် လမ်းများများလျှောက်လို့ တစ်ယောက်ကပြောတယ်။ နောက်တစ်ယောက်ကတော့ အနားယူ စခန်းသွားလို့ ပြောတယ်။ ဒေါက်တာကကော ဘာအကြံဉာဏ် ပေးမလဲဟင်"

"အနားယူစခန်းကို ခြေကျင်လျှောက်သွား"

**၁၂၆။ ရေကူးဆိပ်**

ပင်လယ်ကမ်းစပ် ရေကူးဆိပ်တွင် ဖြစ်သည်။

"ကျွန်တော့ရဲ့ အဝတ်အစားတွေကို သဲတွေ လောင်းထည့်နေတာ ခင်ဗျား ကလေးလား"

"ဟင့်အင်း ကျွန်မရဲ့သားက ရှင့်ဦးထုပ်နဲ့ ရေခပ်နေတယ်"

**၁၂၇။ အဖေတူသား**

မိန်းမက ယောကျ်ားကို ပြောသည်။

"ရှင့်သားဟာ ရှင့်နဲ့ တစ်နေ့တစ်ခြား တူလာပြီး"

"ဟေ့ ပီတာ၊ ဒီကို လာခဲ့စမ်း။ မင်းဘာတွေမဟုတ်မဟတ် တာတွေ လုပ်လာပြန်ပြီလဲ"

**၁၂၈။ မိန်းမကြောက်သူခိုး**

တရားသူကြီးက တရားခံကို မေးသည်။

"မောင်မင်း၊ ဘာဖြစ်လို့ တစ်ဆိုင်ထဲကိုပဲ သုံးကြိမ်တိတိ ဝင်ခိုးရတာလဲ"

"ဒီလိုပါ ခင်ဗျာ၊ ပထမအကြိမ်မှာ မိန်းမအတွက် ကျွန်တော် ဂါဝန်တစ်ထည်ကို ယူသွားပါတယ်။ ဒါပေမယ့် တရားသူကြီးမင်း သိတဲ့အတိုင်း မိန်းမအကြိုက်ကို သိကြားမင်းတောင် မလိုက်နိုင်ဘူး မဟုတ်လား။ သူကြိုက်မယ်ထင်တဲ့ ဂါဝန်ကို နှစ်ကြိမ်တိတိ လာလဲရတာပါ"

### ၁၂၉။ ယုန်နဲပ ဝက်ဝံ

ကဖေးတစ်ခုထဲသို့ ယုန်တစ်ကောင် ဝင်လာကာ ပေါင်မုန့်တစ်လုံးနှင့်
ကော်ဖီတစ်ခွက်မှာသည်။ မှာပြီး လက်ဆေးရန် ထွက်သွားသည်။
ပြန်လာသောအခါ ကော်ဖီ မရှိတော့ချေ။ ယုန်က မေးသည်။
"ကျွန်တော့ ကော်ဖီကို ဘယ်သူသောက်သွားသလဲ"
အားလုံးတိတ်ဆိတ်နေကြသည်။ ၎င်း ထပ်မေးသည်။
"ကျွန်တော့ကော်ဖီခွက်ကို ဘယ်သူ သောက်သွားသလဲ"
ဤအခါတွင်လည်း မည်သူမျှ မဖြေကြချေ။ ယုန်၏ အသံမှာ
ဒေါသသံစွက်လာသည်။
"ကျုပ်မေးနေတယ်၊ ကျုပ် ခွက်ကို ဘယ်ကောင်သောက်သွားသလဲ"
ဤတွင် ဝက်ဝံသည် ထိုင်နေရာမှ ထကာ ဖြေသည်။
"ငါ သောက်လိုက်တယ်၊ မင်းဘာပြောချင်လို့လဲ"
"ဩော်။ ပေါင်မုန့်ကိုပါ ဘာဖြစ်လို့ မစားသလဲလို့"

### ၁၃၀။ မကြားရဘူး

ကျောင်းဆရာက စာသင်သားတို့ကို မေးသည်။
"ရှစ်ကို ရှစ်နဲ့ မြှောက်ရင် ဘယ်လောက်ရလဲ၊ ပီတာ မင်းဖြေစမ်း"
"ကျွန်တော် မကြားရဘူး ဆရာ "
ဆရာသည် ပီတာအနားကပ်လာကာ မေးခွန်းကို ထပ်မေးသည်။
"မကြားရပါဘူး ဆရာ"
"မင်း၊ ငါ့ကို မလိမ်နဲ့၊ ကြား မကြားသိရအောင် မင်းနဲ့ ငါ နေရာချင် လဲကြမယ်"
ပီတာသည် ဆရာထိုင်သည့် စားပွဲသို့ လျှောက်သွားကာ မေးသည်။
"ဆရာခင်ဗျား၊ ကျွန်တော့ အဖေဆီ အချိန်မတော် လာနေတာကို ဘယ်တော့
ရပ်တန်းက ရပ်မလဲ"
"ဟုတ်တယ်ဟေ့၊ တကယ်ပဲ ဘာမှ မကြားရပါလား"

## ၁၃၁။ စိတ်ဆိုးလောက်တယ်

လူသတ်မှုတရားခံကို တရားသူကြီးက မေးသည်။
"ခင်ဗျား၊ ဘယ်လို သတ်သလဲ ဆိုတာကို ရုံးတော်ကို ရှင်းပြပါ"
"ဒီလိုပါခင်ဗျာ၊ ကျွန်တော်ဟာ မီးယပ်နဲ့ သားဖွားဆရာဝန် ဖြစ်ပါတယ်၊ တစ်နေ့ တစ်နေ့မှာ ကျွန်တော့်ဆီကို အမျိုးသမီးလူနာ လေးဆယ်လာပြလေ့ရှိပါတယ်"
"အဲဒါ ဘာဖြစ်သလဲ၊ ခင်ဗျား ဘယ်လို သတ်သလဲ ဆိုတာ ပြောပြပါ"
"ကျွန်တော် ရှင်းပြနေပါတယ်။ ကျွန်တော်ဟာ မိန်းမရောဂါတွေကို ကုသတဲ့ ဆရာဝန်၊ တစ်နေ့မှာ လူနာ လေးဆယ်လာတယ်။ ဒီကြားထဲ နောက်ဆရာဝန် တစ်ယောက်က ခွင့်သွားနေတော့ ကျွန်တော့်ဆီကို အမျိုးသမီး လူနာ တစ်နေ့ကို ရှစ်ဆယ်လာပါတယ်"
"ဟုတ်ပြီလေ။ ကျုပ်တို့ သိချင်တာက သေသူကို ခင်ဗျား ဘယ်လို သတ်လိုက်သလဲ ဆိုတာပဲ"
"ကျွန်တော်ဟာ မီးယပ်နဲ့ သားဖွားဆရာဝန် တစ်နေ့ကို လူနာ ရှစ်ဆယ်လာတယ်။ တစ်နေ့မှာ ဘတ်စ်ကား မှတ်တိုင်မှာ စောင့်နေရင်း အမျိုးသမီးငယ်တစ်ယောက် ကျွန်တော့်အနား ကပ်လာပြီး
ဦးလေး ကျွန်မကို ငါး ဒေါ်လာပေးပါ။ အဲဒီလို့ ပေးတဲ့အတွက် ဦးကို ကျွန်မ တစ်စုံတစ်ခုပြမယ် "
လို့ ပြောတယ်ဗျာ။ စဉ်းစားသာ ကြည့်ကြပေတော့

## ၁၃၂။ မြန်မြန်ယူ

ဈေးထဲတွင် ဖြစ်သည်။ လူတစ်ယောက် ဝါးဖြင့် ယက်ထားသော ခြင်းတောင်းကို ရောင်းနေသည်။
"တစ်လုံးကို ဘယ်ဈေး လဲဗျ"
"ရှုဘယ် ငါးရာပါ"
"၂၅၀ နဲ့ ပေးမလား"
"ယူပါ"
"တစ်ရာပဲ ပေးမယ်ဗျာ၊ သဘောတူရင် အခုပဲ ငွေချေပြီး ကျွန်တော်သွားမယ်"
"သဘောတူပါတယ်၊ ဒါပေမယ့် မြန်မြန်တော့ သွားနော်၊ ဟိုမှာ တောင်းပိုင်ရှင် လာနေပြီ"

## ၁၃၃။ အကြံပိုင်သူ

"ဟေး ဂျွန်၊ မင်း မိန်းမကို မင်းပိုကာ ကစားနည်း သင်ပေးတယ်ဆို"
"ဟုတ်တယ်၊ ဒီအတွက် နောင်တလဲ မရဘူး၊ မနေ့က သူနဲ့ပိုကာ ကစားရာမှာ လစာရဲ့ တစ်ဝက်ကို ငါ ပြန်နိုင်လိုက်တာကွ"

## ၁၃၄။ မှန်းကြည့်ရင် သိနိုင်တယ်

စိတ္တဇဆေးရုံမှ လူနာက မိမိဆွဲထားသောပုံကို ဆရာဝန်အားပြသည်။
"နွားစားကျက်မှာ နွားမတစ်ကောင် မြက်တွေကကို
နစ်နစ်ခြိုက်ခြိုက်စားနေတယ်။""တွေ့တယ်မှုတ်လား"
"မြက်တွေကို မတွေ့ပါလား"
"ဘယ်တွေ့မလဲ၊ နွားစားလိုက်ပြီလေ"
"နွားကိုလဲ မတွေ့ပါလား"
"နွားထွက်သွားပြီလေ၊ မြက်တစ်ပင်မှ မကျန်တော့တဲ့ နေရာမှာ သူ ဘာဆက်လုပ်ရမှာလဲ"

## ၁၃၅။ ဘယ်သူရှုံးသလဲ

သင်္ချာဆရာမသည် တပည့်ဖြစ်သူ၏ သင်ခန်းစာ စာအုပ်မှ သင်္ချာပုစ္ဆာများ တွက်ထားသည်ကို စစ်ဆေးသည်။ ရှုတ်ထွေးစွာ ရေးထားသဖြင့် မည်သို့မှ အဓိပ္ပာယ် မဖော်နိုင်ပဲ ဖြစ်ရာ အောက်ပါအတိုင်း ငြီးငြူသည်။
"မင်းနဲ့ ဆရာနဲ့ တစ်ယောက်ယောက်တော့ ရှုံးပြီ ထင်တယ်"
နောက်နေ့တွင် တပည့်ဖြစ်သူသည် ဆရာအား စာအိပ်တစ်အိပ် ပေးသည်။
"ဒီအထဲမှာ ဘာ ပါသလဲပီတာ"
"ကျွန်တော် မရှုံးကြောင်း မြို့နယ်ဆရာဝန်ကြီးရဲ့ ထောက်ခံစာပါ"

### ၁၃၆။ ရင်ခုန်သံနည်းနည်း မြန်သည်

"ခင်ဗျားရဲ့ နှလုံးခုံသံက ပုံမှန် မဟုတ်ပါလား။ ခင်ဗျားအရက် သောက်သလား"
"သောက်တယ်ဆရာ။ သောက်တာမှ ပုံမှန်ကို သောက်တာ"

### ၁၃၇။ လိပ်ပြာမသန့်ဘူး

အစိုးရရှေ့နေက တရားခံကို မေးသည်။
"မစ္စစ် ဂျွန်ဆင်၊ ဟင်းချို ပန်းကန်ထဲကို အဆိပ် ထည့်ပြီး ယောကျ်ားလုပ်သူကို စားခိုင်းလိုက်တဲ့ အခါမှာ လိပ်ပြာမသန့် မဖြစ်မိဘူးလား"
"ဖြစ်မိပါတယ်"
"ဘယ်အချိန်မှာလဲ"
"နောက်တစ်ပန်းလုံးပေးအုံးလို့ သူတောင်းတဲ့ အခါမှာပေါ့"

### ၁၃၈။ သတင်းပေးရင် ပြီးတာပဲ

ဆရာဝန်ထံ လာပြချင်သည့်အတွက် ဂျွန်သည် တယ်လီဖုန်းဖြင့် ရက်ချိန်းတောင်းသည်။ ဆေးခန်းမှ တာဝန်ကျ သူနာပြုဆရာမက ပြန်ဖြေသည်။
"ဝမ်းနည်းပါတယ်၊ လူကြီးမင်းကို နောက်နှစ်ပါတ်ကြာမှ ဒေါက်တာ လက်ခံနိုင်ပါမယ်"
"ဒီရက်တွေအတွင်း ကျုပ်သေသွားနိုင်တယ်ဗျ"
"ဒီအတွက် စိတ်မပူပါနဲ့၊ လူကြီးမင်းရဲ့ ဇနီးကသာအချိန်မီ အကြောင်းကြားမယ်ဆိုရင် ကျွန်မတို့ လူကြီးမင်းရဲ့ နာမည်ကို စာရင်းထဲက ပယ်ဖျက် ပေးပါမယ်"

### ၁၃၉။ ကံဆိုးတဲ့ အဖေ

မစ္စတာဘာရောင်း၊ ခင်ဗျားကြည့်ရတာ စိတ်မချမ်းမသာဖြစ်နေတဲ့ ပုံပဲ
"ဝမ်းသာစရာမှ မရှိတာဗျာ၊ သမီးငါးယောက် မွေးထားတယ်။ ဒါပေမယ့် သမက်တစ်ယောက်မှ မရသေးဘူး"
"ဒါများဗျာ၊ ကျွန်တော့ကိုပဲ ကြည့်၊ သမီးတစ်ယောက်မွေးတယ်။ အခုဆို သမက်ငါးယောက်တောင် ပြောင်းသွားပြီ။ ကျုပ်ကို အားကျတယ်လို့ ခင်ဗျား ပြောမလား၊ ကဲ"

### ၁၄၀။ အကောင်းဆုံး မိန်းမ

အရာရှိကြီးတစ်ယောက် နယ်လှည့် ခရီးထွက်နေရာမှ မိမိ၏ ဇနီးထံ စာရေးသည်။
"အချစ်ရေ၊ မင်းကို ယှဉ်နိုင်တဲ့ မိန်းမတစ်ယောက်မှ မရှိဘူး။ ဒီအချက်ကို မနေ့က ထပ်ပြီးသိလိုက်တယ်"

### ၁၄၁။ ခေါင်းကိုက်ရောဂါ

အမျိုးသမီးတစ်ဦး အမြဲတန်း ခေါင်းကိုက်လေ့ရှိသဖြင့် ဆရာဝန်ထံ လာပြသည်။ ဆရာဝန်က ယောက်ျားယူလိုက်ရန် အမျိုးသမီးကို အကြံပေးလိုက်သည်။ နောက်တစ်နှစ် ကြာသောအခါ ယင်းအမျိုးသမီးကို အခမ်းအနားတစ်ခုကို တွေ့ရာ ဆရာဝန်က မေးသည်။
"ခင်ဗျား အိမ်ထောင်ပြုလိုက်ပြီလား"
"ဟုတ်ကဲ့၊ ကျေးဇူးပဲ"
"ခေါင်းကော ကိုက်သေးသလား"
"ဟင့်အင်း၊ အခု ကျွန်မ ယောက်ျားပဲ ခေါင်းကိုက်တော့တယ်"

**၁၄၂။ ယုတ္တာရှိရှိ ပြောစမ်းပါ**

အစိုးရရှေ့နေက တရားခံကို မေးသည်။
"ခင်ဗျားဟာ စကော့တလန်မှာ မွေးတယ်။ ဒါကြောင့် စကော့လူမျိုးလို့ ခင်ဗျား အခိုင်အမာ ပြောတယ်နော်"
"ဟုတ်ပါတယ်"
"ကောင်းပြီ၊ အကယ်၍ ခိုတစ်ကောင်ဟာ နွားတင်ကုတ်မှာ မွေးခဲ့ရင် ခိုဟာ နွားဖြစ်သွားရောလား"

**၁၄၃။ ရေနစ်သူများ သိစေရန်**

အိုဒက်ဆာမြို့၊ ပင်လယ်ကမ်းစပ် ရေကူးဆိုင်တွင် အသံချဲ့စက်ဖြင့် အောက်ပါအတိုင်း ကြေငြာသည်။
"လေးစားအပ်သော ရေနစ်သူများခင်ဗျား။ ယူကရိန်းဘာသာကို နိုင်ငံတော် ဘာသာဖြင့် သတ်မှတ်လိုက်ပြီး ဖြစ်ပါ၍ အခြားဘာသာစကားဖြင့် အကူအညီတောင်းခြင်းအပေါ် မည်သို့မျှ တုန့်ပြန်မည် မဟုတ်ပါ"

**၁၄၄။ တောင်းလိုသော ဆန္ဒ**

သိကြားမင်းနှင့် အင်္ဂလိပ်၊ ရုရှား၊ ဂျူးတို့ တွေ့ကြသည်။ ၎င်းတို့၏ ဆန္ဒတစ်ခုစီကို မိမိ ဖြည့်ဆည်းပေးမည် ဟု ပြောသည်။
အင်္ဂလိပ် – 'ဒီကမ္ဘာပေါ်မှာ ကွန်မြူနစ်စနစ်ကို ဖျက်သိမ်းပေးပါ'
ရုရှား – 'ဖက်ဆစ် စနစ်ကို ဖျက်ဆီးပေးပါ'
ဂျူး – 'စောစောက ဆန္ဒနှစ်ခုကို ခင်ဗျား တကယ် ဖြည့်ဆည်းပေးနိုင်လို့လား
သိကြားမင်း – 'ဖြည့်ဆည်းပေးနိုင်တာပေါ့၊ ငါက သိကြားမင်းပဲဟာ'
ဂျူး – 'အဲဒီလိုဆိုရင်၊ ကျွန်တော့ကို ကော်ဖီခါးခါး တစ်ခွက်ပေးပါဗျာ'

### ၁၄၅။ ကြိုက်တဲ့ အရောင်ပြော

"ဒေါက်တာ၊ ကျွန်တော့ကို ကယ်ပါအုံး၊ ကျွန်တော်ရဲ့ မျက်စိရှေ့မှာ အရာခပ်သိမ်း အစိမ်းရောင်ချည်းဖြစ်နေတယ်"
"ခင်ဗျားက ဘယ်အရောင်ကို ပိုကြိုက်လို့လဲ"

### ၁၄၆။ အပြောင်းအလဲ

"ဟာ၊ ဦးတုတ်ပေါပါလား။ ပြန်တွေ့ရတာ ဝမ်းသားလိုက်တာဗျာ။ ဒါနဲ့ နေပါဦး။ အရင်တုန်းက ခင်ဗျားအရပ်က ခပ်ပုပုရယ်၊ ထိပ်က ပြောင်ပြီး ဝဖီနေတာ၊ အခု ခင်ဗျားက အရပ်မြင့်မြင့်၊ ဆံပင်ကောက်ကောက်နဲ့ ပိန်ပိန်သွယ်သွယ်လေး ဖြစ်နေပါလား။ အပြောင်းအလဲ မြန်လှချည်လား"
"ကျွန်တော် ဦးတုတ်ပေါ မဟုတ်ဘူး"
"သြော် ခင်ဗျားက နာမည်ပါ ပြောင်းလိုက်တာကိုး"

### ၁၄၇။ အာဂယောကျ်ားတွေ

ရထားတွဲတွင် ဖြစ်သည်။ ပင်လယ်နက် ကမ်းခြေ အနားယူစခန်းမှ ပြန်လာသော အမျိုးသမီးနှစ်ဦး အတွေ့အကြုံ ဖလှယ် နေကြသည်။ (ရုရှားတွင် ၂၄ ရက်ကြာ အနားယူကြလေ့ရှိသည်။)
"အခုခေတ် ယောကျ်ားတွေက မှန်းစရာ ကောင်းလိုက်တာ ၊ ရောက်တဲ့နေ့မှာပဲ ပါတီယူနစ် ကော်မတီက ငနဲတစ်ကောင် ကျွန်မကို အိပ်ရာထဲ ဆွဲသွင်းတယ်။ နောက် ၂၃– ရက်လုံးလုံး ကျွန်မနောက်လိုက်ပြီး ဘယ်သူ့ကိုမှ ဒီအကြောင်းမပြောပါနဲ့လို့ တောင်းပန်တယ်"
"ကျွန်မလဲ ထူးဆန်းတဲ့ ငနဲ တစ်ကောင်နဲ့ပဲ တွေ့တယ်။ သူက ကေဂျီဘီက အရာရှိ၊ ၂၃– ရက်လုံးလုံး ကျွန်မနဲ့ ပတ်သတ်တဲ့ သတင်းတွေကို သူစုဆောင်းတယ်။ နောက်ဆုံးနေ့မှာမှ အိပ်ရာထဲ ဆွဲခေါ်တယ်၊ ပြီးတော့ နိုင်ငံတော် လျှို့ဝှက်ချက် မပေါက်ကြားစေရပါဘူးဆိုတဲ့ ကတိခံဝန်ချက်ကို ကျွန်မကို လက်မှတ် ထိုးခိုင်းတယ်။ အံ့ရော"

**၁၄၈။ ဆေးအညွှန်းပြောင်းပေးပါ**

"ဒေါက်တာ၊ ဆေးအညွှန်းကို ပြောင်းပေးလို့ မရဘူးလားဟင်"
"ဘယ်လို သဘောလဲဗျ"
"ဩော်၊ ဒေါက်တာက အစာစားပြီးတိုင်း တစ်လုံးကျစီ၊ တစ်နေ့ ဆေးလေးလုံး သောက်ရမယ်လို့ ကျွန်တော့ကို ပြောတယ် မဟုတ်လား၊ အဲဒါ တစ်ခါ သောက်နှစ်လုံး၊ တစ်နေ့ နှစ်ကြိမ်ဆိုရင် မရဘူးလားခင်ဗျာ"
"ဘာဖြစ်လို့လဲ"
"တစ်နေ့လေးကြိမ် အစာစားဘို့အတွက် ကျွန်တော် ပိုက်ဆံ မတက်နိုင်လို့ပါ"

**၁၄၉။ မိန်းမကို ဦးစားပေး**

မေရီက ခင်ပွန်းသည်ကို ပြောပြနေသည်။
"မနေ့က ဘေးအိမ်က ဂျွန်တို့ လင်မယား ဈေးဝယ်ရာက ပြန်လာကြတယ်၊ တိုက်ထဲအဝင်မှာ မျက်နှာကြက်က အုတ်ခဲ ပြုတ်ကျလို့ ဂျွန်ရဲ့ ခေါင်းတည့်တည့်ကို မှန်သွားတယ်၊ နောက်က လိုက်လာတဲ့ သူ့မိန်းမကိုတော့ မထိဘူးတဲ့"
"ကောင်းတယ်၊ နောက်ဆိုရင် ဘယ်သွားသွား မိန်းမကို ရှေ့ကထားရတယ် ဆိုတာ သူ ကောင်းကောင်း သိသွားတော့မယ်"

**၁၅၀။ လွယ်လွယ်ကလေး**

လူနှစ်ယောက် ကားပေါ် ထိုင်လိုက်ကြသည်။ တစ်နေရာတွင် ကတ္တရာလမ်းကို နွားအုပ်ကြီး ဖြတ်ကျော်သဖြင့် ကားကို ရပ်ထားလိုက်ကြရသည်။
ကားပြန်ထွက်သောအခါ တစ်ယောက်က ပြောသည်။
"နွားကောင်ရေ ၃၉၅ ကောင် ရှိတယ်"
"အချိန်တိုလေးအတွင်း မှာ မင်းဘယ်လိုလုပ်ပြီး ရေတွက်နိုင်သလဲ"
"လွယ်လွယ်လေး၊ ပထမ ခြေထောက်တွေအားလုံးကို ရေလိုက်တယ်၊ ပြီးတော့ ၄ နဲ့စားလိုက်တယ်"

၁၅၀ ကနေ ၁၇၈ ကြား စာရွက်တွေ ပျောက်နေတယ်ခင်ဗျ။ 🙁

## ၁၇၈။ အိမ်ထောင်ဦးစီး

မင်္ဂလာပွဲ ပြီးသောအခါ ညားကာစ ဇနီးမောင်နှံသည် ဇနီးသည်၏ အမေအိမ်တွင် နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။ ပထမနေ့ ညစာ စားချိန်တွင်ပင် ယောက္ခမကြီးက ကြေငြာသည်။

"ရတဲ့ လစာ အိမ်ပြန်ယူလာတဲ့အခါ ယူလာမယ်။ မယူလာချင် မယူလာဘူး"

ဤစကားကို ကြားရသောအခါ ဇနီးဖြစ်သူက မကျေမနပ်ပြောသည်။

"ရှင့်စကားက ဘာအဓိပ္ပါယ်လဲ၊ ပိုက်ဆံယူလာချင် ယူလာမယ်၊ မယူလာချင် မယူလာဘူးတဲ့၊ ဟင်း"

စားပွဲကို ယောက္ခမကြီးက လက်သီးဖြင့် ထုလိုက်သည်။

"ဟေ့ ဒီအိမ်မှာ ဘယ်သူ အိမ်ထောင်ဦးစီးလဲ"

ဇနီးဖြစ်သူက အသံတိတ်သွားသည်။ ယောက္ခမကြီးက ဆက်ပြောသည်။

"ပြီးတော့၊ ဒီနေ့မှာ မိန်းမနဲ့ အိပ်ချင် အိပ်မယ်။ နောက်တစ်နေ့မှာ ယောက္ခမနဲ့ အိပ်ချင်အိပ်မယ်"

ဇနီးဖြစ်သူ ဒေါသထွက်သွား၍ ဆတ်ဆတ်ခါ ဖြစ်သွားသည်။

"ရှင် ဘာစကားပြောတာလဲ၊ မိန်းမနဲ့ အိပ်ချင်တဲ့အခါ အိပ် ယောက္ခမနဲ့ အိပ်ချင်တဲ့အခါ အိပ်မယ်တဲ့ ဟင်း"

ဤတွင် အမေလုပ်သူက သမီးကို လှမ်းအော်သည်။

"ဟဲ့ ကောင်မ၊ တိတ်တိတ်နေစမ်း၊ ဒီအိမ်မှာ ဘယ်သူ အိမ်ထောင်ဦးစီးလဲ"

## ၁၇၉။ အရင်းမဆုံးဘို့ အရေးကြီးတယ်

ချူချာတစ်ယောက် ကံစမ်းမဲပေါက်သည်။ ပေါက်သောဆုမှာ 'ဗော်လ်ဂါ' မော်တော်ကား ဖြစ်သည်။ ကားပေါက်ကြောင်း မိမိအိမ်နီးချင်းကို ကြွားသည်။ အိမ်နီးချင်းက ၎င်းကို အကြံပေးသည်။

"ကိုယ့်လူ၊ ဗော်လ်ဂါ ကားထဲမှာ အမည်းရောင်ကားဟာ အလှဆုံးပဲ။ အမဲရောင် မရရင်တော့ အဖြူရောင်ကို ယူဗျာ"

ဆုထုတ်ရန် ချူချာ မော်စကိုကို တက်သွားသည်။ မကြာမီ ပြန်လာသည်။ အိမ်နီးချင်းက မေးသည်။

"ဘယ်လိုလဲ၊ အဆင်ပြေခဲ့ရဲ့လား"

"အဆင်မပြေဘူး။ အမဲရောင်ကော အဖြူရောင်ပါ မရှိတာနဲ့ ဆုံနေတယ်။ ဒါနဲ့ လတ်မှတ်ဘိုးကို ပြန်တောင်းယူခဲ့တယ်"

**၁၈၀။ ဘွဲ့လက်မှတ်**

ဂီတပညာသင်ကျောင်းတက်ရန် ကြက်ဖ လျှောက်လွှာ တင်သည်။ စာကလေးက ကြက်ဖကို ပြောသည်။
"ခင်ဗျားအနေနဲ့ သင်တန်းတက်စရာ မလိုပါဘူးဗျ၊ ဒီအတိုင်းလဲ ခင်ဗျား အင်မတန် အဆိုကောင်းတာဘဲ ဥစ္စာ"
"ကြက်မတွေက ဒီပလိုမာ မရှိရင် လက်မခံဘူး ပြောလို့ပါ"

**၁၈၁။ ရဲဘော်သိကြားမင်း**

ဘရက်ဇညက် ( ဆိုဗီယက်ခေါင်းဆောင် ) ကွယ်လွန်သောအခါ ငရဲသို့ ရောက်သွားသည်။ သိကြားမင်းနှင့် ငရဲမင်းတို့ တွေ့ကြရာ ငရဲမင်းက ပြောသည်။
"ဒီလူကို ခင်ဗျား ခေါ် သွားစမ်းဗျာ၊ လူတကာကို သူ လှုံ့ဆော်နေတယ်။ အားလုံးကို နိုင်ငံရေးသင်တန်း ပေးနေတယ်"
တစ်နှစ်ကြာသောအခါ သိကြားမင်းနှင့် ပြန်ဆုံရာ ငရဲမင်းက မေးသည်။
"ဘယ်လိုလဲ သိကြားမင်း၊ ခင်ဗျားဆီမှာ ဘရက်ဇညာ ကောင်းကောင်းမွန်မွန် နေရဲ့လား"
"တစ်အချက်၊ ကျုပ်ဟာ သိကြားမင်း မဟုတ်ဘူး။ ရဲဘော်သိကြားမင်း။ နှစ်အချက်၊ ခင်ဗျားနဲ့ စကားပြောချိန် မရှိဘူး။ အခုတောင် ပါတီအစည်းအဝေးတက်ဘို့ နောက်ကျနေပြီ"

**၁၈၂။ အရူးစကား**

"ဟော့၊ မင်းစကားပြောတာ အရူးမလိုပဲ"
ယောက်ျားက မိန်းမကို ပြောသည်။
"ရှင်နားလည်အောင် ပြောရတာလေ"
ဟု မိန်းမက အားကျမခံ ပြန်ပက်သည်။

## ၁၈၃။ မိုက်မဲသူ

"မင်းကို ငါ လက်ထပ်တုန်းက အင်မတန် မိုက်မဲခဲ့တဲ့ အကောင်ဖြစ်ခဲ့တာပဲ"
"ကျွန်မ သိသားပဲ၊ ဒါပေမယ့် အချိန်ရလာရင် ရှင်အသိဉာဏ်တိုးလာမှာပဲလေလို့၊ ကျွန်မ မျှော်လင့်ခဲ့တယ်"

## ၁၈၄။ မျိုးကြီးဆွေကြီး

"ခင်ဗျားခွေးဟာ အမျိုးကောင်းထဲက ထင်တယ်"
"ဟုတ်တယ်၊ သူသာ စကားပြောတက်ရင် ရှင့်နဲ့ရော ကျွန်မနဲ့ပါ အဖက်လုပ်ပြီး စကားပြောမှာ မဟုတ်ဘူးရှင့်"

## ၁၈၅။ ဖောက်သည်ရှာနည်း

တက္ကစီမောင်းသူ သူငယ်ချင်း ဂျင်မီကို ပီတာက ပြောသည်။
"ဟေ့ ဂျင်မီ။ ကားနောက်ခန်း ခြေချတဲ့ နေရာမှ ပိုက်ဆံအိတ်ပါလား"
"ဖောက်သည်နည်းတဲ့ အချိန်မှာ ကားနောက်တံခါးကို ဖွင့်ပြီး ပိုက်ဆံအိတ် အလွတ်တစ်ခုကို ငါချထားနေကျကွ။ ပိုက်ဆံအိတ်ကို တွေ့တာနဲ့ အနည်းဆုံး ဘတ်စ်ကားတစ်မှတ်တိုင်လောက်ဖြစ်ဖြစ်၊ စီးချင်ကြတဲ့ လူတွေချည်းပဲ၊ ခဏစောင့်နေ။ မင်းတွေ့လိမ့်မယ်"

## ၁၈၆။ ကြက်တူရွေး အာခေါင်နီ

"အိမ်က ကြက်တူရွေးကို ရှင်ဘာဖြစ်လို့ ဆဲတဲ့စကားတွေ သင်ပေးရတာလဲ"
"မပြောသင့်တဲ့ စကားတွေကို သူ မှတ်မိအောင် ငါရွတ်ပြတာပါကွာ"

## ၁၈၇။ အမြဲတန်းဖွင့်ထားတယ်

ရပ်ဝေးမှ ဧည့်သည်က အိမ်ခံကို မေးသည်။
"ခင်ဗျားတို့ဆီက ည ကိုးနာရီနောက်ပိုင်းမှ ဖွင့်တာ ဘာမှ မရှိဘူးလား"
"ရှိပါတယ်၊ ရဲစခန်း"

**၁၈၈။ အဖြူအမည်း**

ဘူမိဗေဒ ပညာရှင်များအဖွဲ့ ရှုရှားအရှေ့မြောက်ဒေသသို့ ရောက်လာကာ ချူချာတစ်ယောက်၏ အိမ်တွင် တည်းခိုကြသည်။ တစ်နေ့ ချူချာ ၎င်းတို့ကို မေးသည်။

"မိတ်ဆွေတို့၊ အမျိုးသမီးတစ်ယောက်ဟာ တစ်ကိုယ်လုံး အသားမည်းနေတယ်ဆိုတာ ဖြစ်နိုင်သလား"

"ဖြစ်နိုင်ပါတယ် ကိုချူချာ"

"မိတ်ဆွေတို့၊ အမျိုးသမီးတစ်ယောက်ဟာ တစ်ကိုယ်လုံး အသားဖြူနေတယ်ဆိုတာရော ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ် ကိုချူချာ"

"မိတ်ဆွေတို့၊ အမျိုးသမီးတစ်ယောက်ဟာ တစ်ဝက်ဖြူ တစ်ဝက်မည်းဆိုတာရော ဖြစ်နိုင်ပါသလား ခင်ဗျာ"

"မဖြစ်နိုင်ပါဘူး ကိုချူချာ"

"ဒီလိုဆိုရင် ကျွန်တော် တွေ့ခဲ့တာ ပင်းဂွင်းငှက် ပဲ ဖြစ်ရမယ်"

**၁၈၉။ သိရင်ပြောပါတယ်**

မနက်သုံးနာရီ အချိန်တွင် သေတ္တာတစ်လုံးကို ဆွဲလာသော လူတစ်ယောက်ကို ရဲသားမေးသည်။

"ဟေ့၊ ရပ်စမ်း။ သေတ္တာထဲမှာ ဘာပါသလဲ ပြောစမ်း"

"ကျွန်တော်လဲ မသိသေးဘူး ခင်ဗျာ"

**၁၉၀။ ကျည်ဆန်ကုန်ပြီ**

တိုက်ပွဲ ပြင်းထန်စွာ ဖြစ်နေချိန် ဖြစ်သည်။ တပ်သားက အရာခံဗိုလ်ကို သတင်းပို့သည်။

"ဆရာကြီး၊ ကျည်ဆန်ကုန်ပြီခင်ဗျ"

"တစ်ထောင့်မှ မကျန်တော့ဘူးလား"

"မကျန်ဘူးခင်ဗျ"

"အဲဒါဆိုရင် မပစ်နဲ့တော့"

## ၁၉၁။ မျက်နှာများတဲ့လူ

ယောကျ်ားကြီးတစ်ယောက် လမ်းလျှောက်လာသည်။ မျက်နှာချင်းဆိုင်မှလည်း လူတစ်ယောက် လျှောက်လာသည်။ ဒုတိယလူကို အကြောင်ရိုက်ရန် ပထမလူ ဆုံးဖြတ်လိုက်သည်။

"ဟေ့လူ၊ ခင်ဗျား မျက်နှာနဲ့ ကျွန်တော့် မျက်နှာ ကပ်လိုက်ရအောင်၊ အဲဒါဆိုရင် မျက်နှာငါးခု ဖြစ်လာမယ်ဗျ"

ဒုတိယလူသည် ယောကျ်ားကြီးကို အတန်ကြာကြည့်ပြီး ပြောသည်။

"ဘာလဲ ခင်ဗျားမှာ မျက်နှာ တစ်ခုထဲ ရှိသလား"

## ၁၉၂။ ပြိုင်မြင်း

စိတ္တဇဆေးရုံတွင် ဖြစ်သည်။

"ဒေါက်တာ ကျွန်မ ယောကျ်ားကို ကယ်ပါအုံး၊ သူ့ကိုယ်သူ ပြိုင်မြင်းလို့ ယူဆနေတယ်ရှင့်"

"ဒီရောဂါမျိုးဟာ အချိန်ကြာသည်နှင့်အမျှ ပိုက်ဆံလဲ အကုန်အကျ ခံပြီး ကုရပါတယ်"

"ပိုက်ဆံအတွက်တော့ မပူပါနဲ့ရှင့်၊ ယောကျ်ားက ပြိုင်ပွဲ သုံးခုတောင် နိုင်ပြီးပြီရှင့်"

## ၁၉၃။ ချူချာလဲ စားချင်တယ်

ယူကရိန်း၊ ရုရှား နှင့် ချူချာတို့ သုံးဦးအနက် မည်သူ အစာငတ် ပိုခံနိုင်သနည်းဆိုသည်ကို စမ်းသပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ တစ်ယောက်ကို တစ်ခန်းစီ တယ်လီဖုန်း တစ်လုံးစီနှင့် ထည့်ပြီး ပိတ်ထားလိုက်သည်။ တစ်ရက်၊ နှစ်ရက်၊ လေးရက်ကြာသွားသည်။ ယူကရိန်းက ဗွေဆော်ဦး ဖုန်းဆက်သည်။

"စားစရာယူခဲ့ပါ၊ ကျွန်တော်ဆာလို့ သေရပါတော့မယ်"

စားစရာ ယူလာပေးသည်။ နောက်တစ်ရောက်ကြာသောအခါ ရုရှားက ဖုန်းဆက်သည်။

"အစားမစာရရင် သေရပါတော့မယ် ခင်ဗျာ"

ရှုရှားကို အစာကျွေးပြီး တစ်ပတ်ခန့်အကြာတွင် ချူချာနှင့် ပတ်သက်၍စမ်းသပ်သူများ စိတ်ပူစ ပြုလာသည်။ ယခုအချိန်ထိ ချူချာ ဖုံးမဆက်သေးသောကြောင့် ဖြစ်သည်။ နောက် ၇–ရက် ကြာသွားသည်။ ချူချာ ဖုံးမဆက်သေး၊ သေများ သေနေပြီလားဟု တွေးကာ စမ်းသပ်သူများ ချူချာ၏ အခန်းကို ဖွင့်ပြီး ဝင်သည်။ ချူချာသည် တယ်လီဖုံးရှေ့ ဒူးထောက်ထိုင်ကာ အောက်ပါအတိုင်းပြောနေသည်ကို တွေ့ရသည်။
"တယ်လီဖုံးရေ၊ ချူချာ ထမင်းအားကြီး စားချင်တယ်"

## ၁၉၄။ တရုတ်ကလေး

ဖွားသေမှတ်ပုံတင်ရုံးသို့ မိမိ၏ ကလေးကို မှတ်ပုံတင်ရန်အတွက် ချူချာ ရောက်လာသည်။ ရုံးဝန်ထမ်းက မေးသည်။
"ကလေးဟာ ဘာလူမျိုးလဲ"
"တရုတ်"
"ချူချာ၊ ခင်ဗျားရူးနေသလား၊ အဖေက ချူချာ၊ ကလေးက တရုတ်တဲ့၊ မဖြစ်နိုင်တာပဲ"
"ချူချာ မရူးဘူး။ ကမ္ဘာပေါ်မှာ နောက်မွေးတဲ့ ကလေးသုံးအနက် တစ်ယောက်ဟာ တရုတ်တဲ့၊ အခု ချူချာသားဟာ တတိယောက်မြောက် ကလေး"

## ၁၉၅။ ဖြစ်တက်ပါတယ်

"ဒေါက်တာပေးတဲ့ ဆေးစာ ကျွန်တော့ ဆေဒနာကို အတော်လေး သက်သာစေတယ်ခင်ဗျ"
"ဟုတ်လား၊ ဖြစ်တက်ပါတယ်"

## ၁၉၆။ သတိထားပြော

ယောကျာ်းက အစေခံမကို ဒေါသံဖြင့် မေးသည်။
"ဟေ့၊ ဒီပန်းတွေကို ဒီစားပွဲပေါ် တင်ထားဘို့ မင်းကို ဘယ်သူ အမိန့်ပေးသလဲ"
"အန်ကယ်ရဲ့ ဇနီးပါရှင်"
"ပန်းတွေ သိပ်လှတာပဲနော်"

## ၁၉၇။ မူးတက်ရင် မသောက်နဲ့

ပျော်ပွဲစားရုံး တစ်ခုတွင် ဖြစ်သည်။ စားပွဲထိုးကို ခေါ်ကာ ဧည့်သည်တစ်ယောက်က ထူးထူးဆန်းဆန်းမှာသည်။

"ကျွန်တော့အတွက် ဝီစကီ ဝမ်းပက်၊ ခင်ဗျားအတွက် ဝမ်းပက်၊ ပြီးတော့ ဟိုတီးဝိုင်းအဖွဲ့ဝင် တစ်ယောက်စီအတွက် ဝမ်းပက်စီ ယူလာပေးပါ"

တစ်ညနေလုံး ဧည့်သည်က အထက်ပါအတိုင်း အကြိမ်ကြိမ် မှာသည်။

ပိုက်ဆံထောသော ပုဂ္ဂိုလ်ပဲဟု စားပွဲထိုး မှတ်ယူလိုက်သည်။ သို့သော် ပျော်ပွဲစားရုံ မပိတ်မီလေးတွင် ဧည့်သည်သည် နေရာမှထကာ ပြန်မည်ပြုသည်။ စားပွဲထိုးက ၎င်းအား တားသည်။

"ကျသင့်ငွေတွေ ချေသွားအုံးလေ"

"ကျုပ်ဆီမှာ ပိုက်ဆံမှ မရှိတာ"

စားပွဲထိုးသည် ဧည့်သည်ကို လက်သီးဖြင့် ပိတ်ထိုးလိုက်သည်။ နောက်တစ်နေ့တွင် မနေ့က ဧည့်သည် ပြန်ရောက်လာသည်။ စားပွဲထိုးက မေးသည်။

"ဘာလိုချင်လို့လဲ"

"ကျုပ်အတွက် ဝီစကီဝမ်းပက်၊ ဟိုက တီးဝိုင်းအဖွဲ့ဝင်တစ်ယောက်စီအတွက် ဝမ်းပက်စီ"

"ကျွန်တော့အတွက် မပါတော့ဘူးလား"

"ခင်ဗျားအတွက်တော့ မငှဲ့နဲ့၊ ခင်ဗျားဟာ မူးလာရင် ရန်ဖြစ်ချင်တဲ့လူ"

## ၁၉၈။ ကျဉ်းမြောင်းသော ကမ္ဘာ

"ဒါလင်ရေ၊ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးဆိုတာ အမှန်ပဲနော်၊ ဒါလင်ရဲ့ တတိယ ဇနီးနဲ့ ကျွန်မရဲ့ ဒုတိယ ယောကျ်ားတို့ဟာ ဒါလင့် ဒုတိယဇနီးရဲ့ ပထမယောကျ်ားပိုင် ပင်လယ်ကမ်းစပ်တိုက်အိမ်မှာ သူတို့ရဲ့ ပျားရည်ဆမ်းလကို ကုန်လွန်ခဲ့တယ် ဆိုပဲ"

## ၁၉၉။ ရိတ်သင့်တဲ့ အချိန် ရိတ်တာ မဟုတ်ဘူး

ယောက်ျားက မိန်းမကို ပြောသည်။
"မုတ်ဆိတ် ရိတ်လိုက်တိုင်း အသက် ၂၀–လောက် ပြန်ငယ်သွားသလို ခံစားရတယ်"
"အဲဒါဆို ညအိပ်ရာဝင်ခါနီး ဘာဖြစ်လို့ မရိတ်သလဲ"

## ၂၀၀။ ပြောကြတာပဲ

"ဧဟာ အာဒမ်ကို သစ္စာဖောက်ခဲ့သလား"
"အတိအကျတော့ မသိဘူး၊ ဒါပေမယ့် လူဟာ မျောက်က ဆင်းသက်တယ်လို့ ပြောကြတယ်"

## ၂၀၁။ ခုမှပဲ ရှင်းတော့တယ်

အဖွားဖြစ်သူက ရှစ်တန်းကျောင်းသား မိမိ၏ မြေးကိုပြောသည်။
"အဖွားဟာ ပထမ လျှပ်စီး လက်တာကို မြင်တယ်၊ နောက်မှ မိုးခြိမ်းသံကို ကြားရတယ်၊ ဘာကြောင့်လဲ၊ သိပ္ပံနည်းကျကျ အဖွားကို ရှင်းပြစမ်းကွယ်"
"ရှင်းရှင်းလေးပဲ အဖွားရယ်၊ အဖွားရဲ့ မျက်လုံးတွေက အရှေ့မှာ၊ နားက နောက်မှာ ရှိတယ်လေ"

## ၂၀၂။ အရိပ်ပြသော်လည်း အကောင်မထင်

ပရိဘောဂ ဆိုင်ပိုင်ရှင် မစ္စတာစမစ်သည် မိမိ၏ လုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူရန် အတွက် နယူးယောက်မြို့သို့ တက်လာသည်။ တည်းခိုရာ ဟုတ်တယ်၏ ခတ်လေ့ကားတွင် အလွန်တရာ ချောမောလှပသော အမျိုးသမီးငယ်တစ်ဦးကို တွေ့ရာ မိတ်ဖွဲ့ရန် ကြိုးစားသည်။ သို့သော် အမျိုးသမီးငယ်မှာ ပြင်သစ် အမျိုးသမီး ဖြစ်နေသဖြင့် သူ့စကား ကိုယ်နားမည်၊ ကိုယ့်စကား သူနားမလည် ဖြစ်ခါ အခက်ကြုံနေသည်။
ထိုအခါ မစ္စတာစမစ်သည် မှတ်စုစာအုပ်နှင့် ဘောပင်ကို အိပ်ထဲမှ ထုတ်ကာ တက္ကစီပုံကို ဆွဲပြသည်။ သူမ ရယ်မောပြီး ခေါင်းငြိမ့်ပြသည်။ သို့ဖြင့် နှစ်ဦးသာ ကားဖြင့် မြို့ထဲ လျှောက်လည်ကြသည်။ ထို့နောက် စမစ်သည် စားသောက်ဆိုင်နှင့်

စားပွဲတစ်လုံးကို ဆွဲပြသည်။ မေးခွန်း အမှတ်အသားကို ထပ်ဖြည့်လိုက်သည်။ သူမ သဘောတူ ခေါင်းညိတ်သဖြင့် နှစ်ယောက်သား ညစာ အတူစားကြသည်။ ညစာ စားအပြီးတွင် အမျိုးသားနှင့် အမျိုးသမီး နှစ်ယောက်တွဲကနေသည်ပုံကို ဆွဲပြသည်။ အမျိုးသမီးက ဝမ်းသာအားရဖြစ်သည့် အမူအရာကို ပြသည်။ တစ်ညနေလုံး ကပွဲခန်းမတွင် နှစ်ဦးသား ပျော်ရွှင်စွာ တွဲကကြသည်။ နောက်ဆုံးတွင် အမျိုးသမီးက စမစ်ထံမှ ခဲတံပင်နှင့် စာအုပ်ကို တောင်းယူကာ ဖဲမွေ့ရာ ခင်းထားသော နှစ်ယောက်အိပ် ခုတင်ကို ဆွဲပြသည်။ ဤပုံကို မြင်သောအခါ အံ့သြစိတ်နှင့် မစ္စတာစမစ်၏ နှုတ်မှ စကားတစ်ခွန်း လွှတ်ကနဲ ထွက်သွားသည်။

"ငါ ပရိဆောဂ လုပ်ငန်း လုပ်တယ်ဆိုတာ သူဘယ်လို သိသွားပါလိမ့်"

## ၂၀၃။ ပိုကြားတော့ ပိုသိရတာပေါ့

"အဖိုး၊ အဖိုးရဲ့ နားကို ခွဲစိတ်ကုသလိုက်တယ်လို့ ကျွန်မကြားတယ်။ အခုအဖိုးရဲ့ နား ကောင်းကောင်း ပြန်ကြားရပြီလား"

"ဟုတ်တယ်၊ ကောင်းကောင်း ပြန်ကြားရပြီ"

"ဆွေမျိုးသားချင်တွေ ဝမ်းသာကြမှာပဲနော်

"အဖိုးနားပြန်ကြားရတယ်ဆိုတာ သူတို့ မသိကြသေးဘူး။ ဒါကြောင့် အဖိုးရဲ့ သေတမ်းစာကို ပြန်ပြင်ရေးနေတာ ခြောက်ကြိမ်တောင် ရှိပြီ"

## ၂၀၄။ ယဉ်ကျေးမှုဝန်ကြီး

ပြစ်သစ်နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဂရက်တစ်ရပ်ကို ကျင်းပရာ ကမ္ဘာ့ နိုင်ငံအသီးသီးမှ ထင်ရှားသော စာပေနှင့် အနုပညာရှင်များ တက်ရောက်လာကြသည်။ ကွန်ဂရက် ကျင်းပသည့် ခန်းမ၏ အဝင်ပေါက်သို့ ပီကာဆိုရောက်ရှိလာကာ အပေါက်စောင့်ကို ပြောသည်။

"ဖိတ်ကြားစာကို ကျွန်တော် ဟုတ်တယ်မှာ မေ့ကျန်ခဲ့တယ်။ ကျွန်တော် ပီကာဆိုပါ"

"လူကြီးမင်း ပီကာဆို ဖြစ်တယ်ဆိုတာကို ဘယ်လို သက်သေထူနိုင်မလဲ ခင်ဗျာ" ကမ္ဘာကျော် ပန်းချီဆရာကြီး၏ မျက်နှာတွင် အပြုံးရိပ်ပေါ်လာသည်။ ထို့နောက် မှန်တံခါးပေါ်တွင် မိမိ၏ နာမည်ကြီး ခိုပုံကို ဆွဲပြလိုက်သည်။ အပေါက်စောင့်သည် ချက်ချင်းတံခါးကို ဆွဲဖွင့်လိုက်ကာ အများကြားအောင်

အော်ပြောလိုက်သည်။
"ပန်းချီဆရာကြီး ပါဘလို ပီကာဆို ကြွရောက်လာပါပြီ ခင်ဗျာ"
ပီကာဆို ဝင်သွားအပြီးတွင် ဆိုဗီယက် ယဉ်ကျေးမှုဝန်ကြီး ရောက်ရှိလာသည်။
"ကျုပ်ဟာ ဆိုဗီယက် ယဉ်ကျေးမှုဝန်ကြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဖိတ်ကြားစာကို ယူမလာမိဘူး"
"လူကြီးမင်းခင်ဗျာ၊ လူကြီးမင်းဟာ ဆိုဗီယက်ယဉ်ကျေးမှုဝန်ကြီး ဖြစ်ကြောင်း ကျွန်တော် အခိုင်အမာ သိဘို့ လိုပါတယ်ခင်ဗျာ"
"ခင်ဗျား ယုံကြည်အောင် ကျွန်တော် ဘာလုပ်ပြရမလဲ"
"ခုတင်က ပီကာဆိုကတော့ ဟောဒီ ခိုပုံကလေးကို ဆွဲပြပါတယ်ခင်ဗျာ"
"ပီကာဆို ဆိုတာ ဘယ်သူလဲ"
ဤစကားကို ကြားသောအခါ ခွင့်လွှတ်ရန် တောင်းပန်ကာ တံခါးကို ဆွဲဖွင့်လိုက်သည်။ အားလုံးကြားအောင်လည်း ကြေငြာလိုက်သည်။
"ဆိုဗီယက် ယဉ်ကျေးမှုဝန်ကြီး ကြွရောက်လာပါပြီ ခင်ဗျာ"

## ၂၀၅။ ပုံဆွဲ ဆရာမ

ဆရာမပေါက်စသည် စာသင်ခန်းသို့ ပထမဆုံးအကြိမ် ဝင်လာသည်။
"ကလေးတို့ရေ၊ ဒီကနေ့ ရုပ်ပုံတွေ အကူအညီနဲ့ တို့တစ်တွေ စာသင်ကြမယ်နော်၊ ကိုင်း ဟောဒီပုံဟာ ဘာလဲကွယ်"
ဟု ပြောကာ ကျောက်သင်ပုန်းပေါ်တွင် ပန်းသီးတစ်လုံးကို ဆွဲပြသည်။
"ဖင်တုံးကြီး" ဟု ကလေးများ ပြိုင်တူ အော်ကြသည်။
ဆရာမကြီး စိတ်ဆိုးကာ ကျောင်းအုပ်ဆရာကြီးကို သွားခေါ်သည်။ မကြာမီ ဆရာမနှင့် ကျောင်းအုပ်ဆရာကြီးတို့ အတန်းထဲ ဝင်လာသည်။ ဆရာကြီးက ပြောသည်။
"ကိုင်း တပည့်တို့၊ မင်းတို့တစ်တွေ အင်မတန် ဆိုးကြပါလား။ ဟေ့ ဂျော်နီ၊ မင်းရဲ့ အင်္ကျီကော်လာ ညစ်ပတ်လှကြီးလား။ ပီတာ ၊ မင်းကကော ဘာဖြစ်လို့ ကြယ်သီးမတပ်ပဲ ရင်ဘတ်ကို ဖွင့်ထားရတာလဲ။ အဲ သင်ပုန်းပေါ်မှာ ဖင်တုံးကြီးကို ဘယ်သူဆွဲထားသလဲ၊ ပြောစမ်း"

## ၂၀၆။ နွေရောက်ပြီလား

အဖိုးတန် သိုးသာရေဖြင့် ချုပ်ထားသော ဆောင်းဝတ်ရုံကို ဝတ်ကာ ချူချာ
ခာတ်လှေကားထဲ ဝင်ရန်ပြင်သည်။ ဤအချိန်တွင် လုယက်သူနှစ်ဦး
၎င်းအနားရောက်လာသည်။
"ဟေ့၊ ဝတ်စုံကို ချွတ်လိုက်စမ်း"
"ဘာလဲ၊ နွေရောက်ပြီလားဟင်"

## ၂၀၇။ မယုံနိုင်ဘူး

လူတစ်ယောက် ဘီယာဘားထဲ ပြေးဝင်လာကာ မိမိ၏ မိတ်ဆွေကို
လှမ်းအော်ပြောသည်။
"ဟေ့လူ၊ ခင်ဗျား အိမ် မီးလောင်နေတယ်"
"မဖြစ်နိုင်တာ၊ အိမ်သော့ကို ကျွန်တော် ယူလာခဲ့တာဗျ"

## ၂၀၈။ ဝတ္ထုရှည်

စိတ္တဇဆေးရုံတွင် လူနာနှစ်ယောက် စကားပြောနေကြသည်။
"ငါရေးတဲ့ ဝတ္ထုအပေါ် မင်းရဲ့ထင်မြင်ချက်ကို ပြောပါအုံးကွ"
"မဆိုးပါဘူး။ ဒါပေမယ့် ဇာတ်ကောင်များလွန်းတယ်ကွ"
ဤအချိန်တွင် သူနာပြုဆရာမ၏ အော်သံကို ကြားကြရသည်။
"တယ်လီဖုန်း ဒိုင်ယာရီစာအုပ်ကို ဘယ်သူ ယူသွားသလဲ၊ ပြန်လာပေးပါ"

## ၂၀၉။ သိပ်တဲ့ လူနှိုး

စာသင်ချိန်တွင် ဖြစ်သည်။ ဆရာမက တပည့်ကို ပြောသည်။
"မောင်နီ၊မင်းဘေးက မောင်နက်ကို နှိုးလိုက်စမ်း"
"ဘာဖြစ်လို့ ကျွန်တော် နှိုးရမှာလဲ။ ဆရာပဲ သူ့ကို အိပ်ပျော်အောင်
လုပ်လိုက်ပြီးတော့ "

## ၂၁၀။ ခေါင်းနှစ်လုံး

ဂျွန်သည် ရဲတပ်ထဲ ဝင်ရောက် အမှုထမ်းသည်။ တစ်လခန့် ကြာသောအခါ
ငင်းအားအထက်အရာရှိက ခေါ်သည်။
"တာဝန်အရ သွားလာတဲ့အခါ ဘာဖြစ်လို့ ခွေးကို မခေါ်သွားသလဲ"
"ခွေးမပါရင် မဖြစ်ဘူးလား ခင်ဗျာ"
"ဖြစ်တော့ ဖြစ်တာပေါ့။ ဒါပေမယ့် ခေါင်းတစ်လုံးထက် နှစ်လုံးရှိတော့
ပိုအကြံဉာဏ် ထွက်တာပေါ့ကွာ"

## ၂၁၁။ မရွှေ့ပြောင်းနိုင်သော ပစ္စည်း

သူငယ်ချင်းမနှစ်ယောက် တွေ့ကြသည်။ တစ်ယောက်က မေးသည်။
"ယူ့ယောကျ်ားအသစ်နဲ့ အဆင်ပြေရဲ့လား"
"မပြောချင်ပါဘူး၊ ယောကျ်ားက တစ်ယောက်အနေနဲ့တော့ လုံးဝ သုညပဲ"
ယူတို့ လက်မထပ်ခင်က ဒီအကြောင်းကို သူမပြောပြဘူးလား
"မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတစ်ခု သူ့ဆီမှာ ရှိတယ်လို့တော့ ပြောပါရဲ့။ ဒါပေမယ့်
အိုင်က သူ့ဆီမှာ အနားယူအိမ် ရှိတယ်ထင်လို့"

## ၂၁၂။ ရှက်တယ်

"အရက်မူးပြီး အခုလို တောင်းစားနေတာ မရှက်ဘူးလား"
"မရှက်ပါဘူး၊ မမူးရင်သာ ရှက်တာ"

## ၂၁၃။ ပိုက်ဆံမဖြုန်းနဲ့

အနားယူ စခန်းသွားမည့် ယောကျ်ားကို ဘူတာသို့ လိုက်ပို့ရင်း မိန်းမဖြစ်သူက
မှာသည်။
"အိမ်မှာ အလကားရတဲ့ ပစ္စည်းတွေအတွက် ပိုက်ဆံ မကုန်စေနဲ့နော်"

## ၂၁၄။ မေမေ ဘယ်မှာလဲ

မိမိ၏ အနီးပတ်ဝန်းကျင်တွင် မိခင်ကို ရှာမတွေ့သောအခါ ၄–နှစ်သား ပီတာသည် ရဲသားထံ သွားကာ အောက်ပါအတိုင်းမေးသည်။
"ကျွန်တော်မပါဘဲ လျှောက်သွားတဲ့ မိန်းမတစ်ယောက်ကို မတွေ့ဘူးလားခင်ဗျာ"

## ၂၁၅။ လွတ်လပ်သော ဖန်တီးမှု

အမျိုးသမီးတစ်ဦးက စာရေးဆရာကြီး ဘားနတ်ရှောကို မေးသည်။
"ဘုရားသခင်က ယောကျာ်းကို အရင်ဖန်ဆင်းတယ်။ ပြီးတော့မှ မိန်းမကို ဖန်ဆင်းတယ်။ ဘာဖြစ်လို့လဲ"
"ယောကျာ်းကို သူဖန်ဆင်းနေတဲ့ အချိန်မှာ မိန်းမက အကြံဉာဏ်အမျိုးမျိုးပေးပြီး သူ့ကို နှောက်ယှက်မှာ စိုးလို့"

## ၂၁၆။ ဥက္ကဋ္ဌကြီး

နတ်ပြည်သို့အဝင်တွင် တံခါးနှစ်ပေါက်ရှိသည်။ တံခါး ပေါက်တစ်ခု၏ ထိပ်တွင် 'တစ်သက်လုံး မိန်းမကို ကြောက်သူများ' ဟူသော ဆိုင်းဘုတ်ကို ချိတ်ထားသည်။ ထိုတံခါးရှေ့တွင် အတန်းရှည်ကြီး ဖြစ်နေသည်။ နောက်တစ်ပေါက်တွင်မူ 'မိန်းမကို တစ်သက်လုံး နိုင်သူများ' ဟူသော ဆိုင်းဘုတ်ကို ချိတ်ထားသည်။ ထိုတံခါးရှေ့တွင် ယောကျာ်းတစ်ယောက်သာ ရပ်နေသည်။ ၎င်းကို ဝိုင်းမေးကြသည်။
"ခင်ဗျား ဘာဖြစ်လို့ ဒီမှာ ရပ်နေတာလဲ"
"မိန်းမက သူများလုပ်တိုင်း လိုက်မလုပ်နဲ့လို့ ပြောထားမိလို့ပါ"

## ၂၁၇။ လျှို့ဝှက် မဲပေးပွဲ

ရွေးကောက်ပွဲ ရက်တွင် မဲဆန္ဒရှင်တစ်ဦးသည် မဲကတ်ပြားကို လက်ခံယူသည်။ ဤမဲပြားကို မဲပုံးထည့်ရန် ဖြစ်သော်လည်း ၎င်းသည် မိမိ မဲပေးမည့် တစ်ဦးတည်းသော အမတ်လောင်း၏ အမည်ကို ဖတ်သည်။ မဲရုံတာဝန်ခံသည် ၎င်းအား အသံမာမာဖြင့် မေးသည်။



BURMESE CLASSIC .com

"ခင်ဗျား ဘာလုပ်နေတာလဲ"
"ကျွန်တော်မဲ ထည့်မယ် အမတ်လောင်းရဲ့ အမည်ကို သိချင်လို့ပါ"
"အခု ရွေးကောက်ပွဲဟာ လျှို့ဝှက်မဲပေးပွဲဆိုတာ ခင်ဗျား မသိဘူးလား"

## ၂၁၈။ မှတ်သားစရာ

တရားရုံးတွင် ဖြစ်သည်။
"အစိုးရရှေ့နေ ပြောပြတဲ့အတိုင်း ခင်ဗျား ခိုးခဲ့တယ်ဆိုတာ အမှန်ပဲလား"
"သူပြောတဲ့အတိုင်း မဟုတ်ပါဘူး၊ ဒါပေမယ့် သူပြောတဲ့နည်းကတော့ အတုယူစရာကောင်းပါတယ်"

## ၂၁၉။ ကျေးဇူးတင်တယ်

ယဉ်ထိန်းရဲအနီး ကားတစ်စီးရပ်လိုက်ကာ ကားထဲမှ လူရွယ်က ကားတံခါးကို ဖွင့်ကာ ရဲသားကို ပြောသည်။
"ခင်ဗျား ကူညီ ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးပါဗျာ"
"ဘယ်လို၊ ဘယ်လို၊ ခင်ဗျားကို ကျွန်တော်ဘာ ဆောင်ရွက်ပေးခဲ့လို့လဲဗျ"
"မနေ့က ကျွန်တော့ ဇနီးရဲ့ ဒရိုင်ဘာ လိုင်စင်ကို ခင်ဗျား သိမ်းလိုက်တယ်လေ၊ အဲဒါအတွက် ကျေးဇူးတင်လို့ မဆုံးပါဘူး။ သွားအုံးမယ်နော်"

## ၂၂၀။ လူလိမ်လူညာ

တရားသူကြီးက လိမ်လည်မှုဖြင့် တရားစွဲခံရသူကို ပြောသည်။
"ခင်ဗျားအပေါ် ယုံကြည်တဲ့ လူတွေကို ခင်ဗျားမို့ လိမ်ရက်တယ်"
"တရားသူကြီးမင်း ပြောတဲ့ စကားဟာ ကျွန်တော့်အတွက် အလွန် ထူးဆန်းနေတယ်။ ကျွန်တော့်ကို မယုံတဲ့လူတွေကို ကျွန်တော် ဘယ်လိုလုပ် လိမ်နိုင်မှာလဲဗျ။ ယုံမှ လိမ်လို့ ရမှာပေါ့"

### ၂၂၁။ ဒါလေးတောင် မပြောနိုင်ဘူး

"ခင်ဗျား ဒီမြို့မှာ မွေးတယ်လို့လဲ ပြောတယ်၊ ဒါပေမယ့် ဘူတာကို သွားတဲ့ အနီးဆုံး လမ်းကိုတောင် မညွှန်ပြနိုင်ဘူး"
"ဝမ်းနည်းပါတယ်၊ ကျွန်တော် တက္ကစီ သမားဖြစ်နေလို့ပါ"

### ၂၂၂။ စိတ်မပူနဲ့

အရောင်းသင် ဝန်ထမ်းက ဆိုင်မန်နေဂျာကို ပြောသည်။
"ခုတင် ထွက်သွားတဲ့ လူက ဖိနပ်တစ်ရံ ဝယ်သွားတယ်၊ ဒါပေမယ့် ပိုက်ဆံကို မနက်ဖြန်မှ လာပေးမယ်လို့ ပြောသွားတယ်"
"ဘယ်လိုဘယ်လို ဒီလူ ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူး"
"လာမှာပါ၊ နှစ်ဘက်စလုံးကို ဘယ်ခြေထောက်တွေပဲ ကျွန်တော် ထည့်ပေးလိုက်တယ်"

### ၂၂၃။ စောစောကတည်းက

"တရားခံ၊ တရားလိုရဲ့ ခေါင်းကို ခင်ဗျား ထုံးကြိတ်ခဲ့တယ်ဆိုတာကို ဝန်ခံသလား"
"ဝန်ခံပါတယ်။ ဒါပေမယ့် သူခြေထောက်ခွင်နေတာကတော့ ကျွန်တော် မရိုက်ခင်ကတည်းကပါ"

### ၂၂၄။ တစ်ပြိုင်တည်း

"ဒေါက်တာ၊ ခွဲစိပ်ခံရမယ့်အစား ကျွန်တော် သေပဲ သေလိုက်ချင်တယ်"
"အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့၊ နှစ်ခုစလုံးကို တပြိုင်တည်း လုပ်လို့ရတယ်"

## ၂၂၅။ ကြင်ဘက်ရှာသူ

သတင်းစာတစ်စောင်တွင် အိမ်ထောင်ရှာသူ တစ်ဦး၏ ကြော်ငြာကို ဤသို့ ဖတ်ကြရသည်။

"ကျန်းမာရေးကောင်းပြီး ငွေအသင့်အတင့် ပြည့်စုံသော အသက် လေးဆယ်အရွယ် မျက်စိကွယ်နေသူတစ်ဦး ဆွဲဆောင်မှုရှိသော အမျိုးသမီးနှင့် လက်ထပ် လိုသည်။ အဖြေကို ပြန်ကြားရာတွင် ဓာတ်ပုံကို ထည့်ပေးစေလိုပါသည်"

## ၂၂၆။ ကြာလှချည်းလား

အလုပ်ရှင်က အလုပ်သမားကို ဆူနေသည်။

"မောင်ရင်၊ ဒီနေ့ ၂–နာရီနောက်ကျပြီးမှ အလုပ်ရုံကို ရောက်လာတယ်။ ဘာသဘောလဲ"

"ဒီကနေ့ ကျွန်တော် ကံဆိုးမိုးမှောင် ကျလို့ပါ ခင်ဗျာ"

"လင်းစမ်းပါအုံး

"အိမ်ပြတင်းပေါက်က ကျွန်တော် လိမ့်ကျခဲ့ပါတယ်"

"မောင်ရင်၊ ဘယ်အထပ်မှာ နေလို့လဲ"

"ခြောက်ထပ်မှာပါ"

"ခြောက်တပ်မှာ ဟုတ်လား၊ ခြောက်ထပ်ကနေ မြေပေါ်ကို လိမ့်ကျတာ ၂–နာရီ တိတိကြာတယ်လို့။ မင်းငါ့ကို ယုံစေချင်သလားကွ၊ ဟေ"

## ၂၂၇။ မိဘဆိုတာ

မိဘတွေအကြောင်းကို အကိုဖြစ်သူက ညီလေးကို ပြောပြနေသည်။

"ပထမတော့ ငါ့တို့လမ်းလျှောက်တယ်။ စကားပြောတက်အောင် သူတို့ သင်ပေးတယ်။ အဲဒီနောက်မှာ တော့ စကားမပြောပဲ တိတ်တိတ်ကလေး ထိုင်နေဘို့ သူတို့ တောင်းဆိုတယ်"

## ၂၂၈။ အဲရိဖလုတ် (ဆိုဗီယက်လေကြောင်း)

စိတ်ရောဂါ ဆေးရုံသို့ သတင်းထောက် တစ်ယောက်သတင်းယူရန် ရောက်လာသည်။ ဆေးရုံ ခေါင်းမိုးပေါ်မှ နေ၍ မွေ့ရာကို စီးကာ လူနာများ ခုန်ချနေသည်ကို တွေ့ရသည်။
"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"
"အဲရိဖလုတ် လေယာဉ် လုပ်တမ်း ကစားနေကြတယ်လေ"
"ဆေးရုံအုပ်ရော၊ ဘယ်မှာလဲ"
"ပထမ လေယာဉ်ပျံနဲ့၊ ထည့်ပေးလိုက်ပြီ"

## ၂၂၉။ ဒီထက်ပို လျှောက်ရအုံးမလား

ဆရာဝန်က လူနာကို ပြောသည်။
"နေ့စဉ် လမ်းနည်းနည်းတော့ လျှောက်ပေးဘို့လိုလိမ့်မယ်ဗျ"
"ဟုတ်ကဲ့ ဒေါက်တာ၊ ဘယ်အချိန်မှာ လျှောက်ရမလဲဟင်။ ကျွန်တော်အပိုင်ရပ်ကွက်ကို မနက်ပိုင်း စာတွေ လျှောက်ဝေ အပြီးဆိုရင် ကောင်းမလားဟင်"

## ၂၃၀။ ပဟေဠိ

"ခေါင်းရှိလိုက်၊ မရှိလိုက်၊ ရှိလိုက်၊ မရှိလိုက် ဖြစ်တဲ့ အရာကို ဘာကို ခေါ်သလဲ"
"ခြံစည်းရိုးတစ်ဘက်က ခြေထောက်နဲ့ ဖြစ်နေတဲ့ လူ လမ်းလျှောက်လာတာပါ"

## ၂၃၁။ ယောက်ျားတို့ဘဝ

မည်သည့်အကြောင်းများကြောင့် ယောက်ျားများ ညအချိန်မတော် အိပ်ရာက ထကြသနည်း ဆိုသည်ကို အမေရိက နိုင်ငံတွင် သုတေသနပြုလုပ်ရာ အောက်ပါ ရလာဒ်ကို ရသည်။
၅– ရာခိုင်နှုန်းသည် အပေါ့အပါးသွားရန် အတွက် အိပ်ရာကထသည်။
၁၅– ရာခိုင်နှုန်းသည် ညဆိုင်းအလုပ်သို့သွားရန် အိပ်ရာကထသည်။
၈၀– ရာခိုင်နှုန်းသည် အဝတ်အစားဝတ်ရန်နှင့် အိမ်ပြန်ရန် ဖြစ်သည်

## ၂၃၂။ စက်ကို လိမ်လို့ မရဘူး

ဂျပန်နိုင်ငံတွင် နောက်ဆုံးပေါ်ကွန်ပြူတာများ ပြပွဲကျင်းပရာ ကမ္ဘာပေါ်တွင် ဖြစ်ဖြစ်သမျှ ကိစ္စတို့နှင့် ပတ်သတ်၍ သိလို့သည် မည်သည့်မေးခွန်းကိုမဆို ဖြေကြားနိုင်သည့် စက်ကြီးတစ်ခု၏ဘေးတွင် လူအများ စိတ်ဝင်တစား ဝိုင်းအုံနေကြသည်။ အင်္ဂလိပ် လူငယ်တစ်ယောက်က မယုံကြည်စိတ်ဖြင့် ပြောသည်။

"ခင်ဗျားတို့ရဲစက် ဘယ်လောက်အထိ တိကျသလဲဆိုတာ အခုပဲ စမ်းလိုက်မယ်။ ကျွန်တော့ အဖေ အခုဘာလုပ်နေသလဲ"

မီးစိမ်းမီးနီများ စက်ပေါ်တွင် ပေါ်လာပြီး စက္ကန့်ပိုင်းအတွင်း အဖြေစာရွက် ထွက်လာသည်။ စာရွက်ပေါ်တွင် "ခင်ဗျား အဖေ လန်ဒန်မြစ်မှာ ငါးဖမ်းနေတယ်"ဟု ရေးထားသည်ကို တွေ့ရသည်။

"ငါမပြောဘူးလား" ဟူအသော အမူအရာဖြင့် လူငယ်က ကျေနပ်စွာ ပြုံးလိုက်သည်။

"ထင်တဲ့ အတိုင်းပါပဲ၊ စက်က အမှန်ကို မပြောဘူး။ ကျွန်တော့ အဖေရဲ့ အတွင်းရေးမှူးမ ပို့လိုက်တဲ့ ကြေးနန်းစာကို ဖတ်ကြည့်ပါ"

"လော့ဒါဘာတွင် ( အဲဒါ ကျွန်တော့ အဖေ ) မနေ့က ရောမမြို့သို့ ထွက်သွားပါသည်" တဲ့။ "တွေ့ပြီမဟုတ်လား"

စက်ကို ကြော်ငြာသူများ မျက်နှာ ပျက်သွားကြသည်။

"စက်ဟာ ဘယ်တော့မှ မလိမ်ဘူး။ သေချာအောင်ထပ်စမ်းကြည့်ရအောင်" လူငယ်က မိမိ၏ မေးခွန်းကို ထပ်မေးသည်။

"အခု လောလောဆယ် ကျွန်တော့အဖေ ဘာလုပ်နေသလဲ"

မီးစိမ်းမီးနီများ ထပ်ပေါ်လာပြီး ခဏအတွင်း အဖြေစာရွက် ထွက်လာသည်။

"လော့ဒ်ဘာတွန် မနေ့က ရောမသို့ ထွက်သွားသည်။ ခင်ဗျားအဖေ လန်ဒန်မြစ်မှာ ငါးဖမ်းနေသည်"

## ၂၃၃။ စကားပြောကောင်းသူ

"တော်မီရေ၊ ကိုယ့်ကို နားထောင်တဲ့ လူတစ်ယောက်မှ မရှိတာတောင် စကားကို ဆက်ပြောတဲ့လူဟာ ဘယ်လိုလူ ကို ခေါ်သလဲ"

"ကျောင်းဆရာပါ"

## ၂၃၄။ ကြက်ဖနှင့် ကြက်မ

"ကြက်မ၊ ဘာဖြစ်လို့ ရင်သားမရှိတာလဲ"
"ကြက်ဖမှာ လက်မရှိတာလဲ"

## ၂၃၅။ ပြပွဲ

"ဘယ်သွားမလို့လဲ"
"ပြပွဲကို "
"ဘာလဲ၊ မင်းကို ကြည့်မဲ့ လူရှိတယ် ထင်လို့လား"

## ၂၃၆။ မကျေနပ်ဘူး

ဆိုဗီယက်ပြည်ထောင်စု၊ ပြည်သူ့ ကိုယ်စားလှယ်များ၏ ကွန်ဂရက် (လွှတ်တော်) အစည်းအဝေးတွင် ဖြစ်သည်။ အမတ်တစ်ဦးက မိမိဘေးတွင် ထိုင်နေသော ချူကော့ကာ ( ရုရှားအရှေ့မြောက်ဖျားရှိ ချူချာလူမျိုးများ နေထိုင်ရာ ပြည်နယ်) မှ အမတ်ကို မေးသည်။
"ခင်ဗျား ဆွေးနွေးခွင့်ရတဲ့အခါမှာ ဘယ်သူကို ဝေဖန်ဖို့ စိတ်ကူးထားသလဲ"
"ဇာဘုရင်ခေတ်က အစိုးရကို ဝေဖန်မယ်"
"ဘာအတွက်လဲ"
"ချူကော့ကာကို မရောင်းဘဲ အာလတ်စကားကို အမေရိကန်ကို ရောင်းလိုက်လို့ "

## ၂၃၇။ ငွေတောင်းတက်ရတယ်

အမေရိကန်ကန် ဆရာဝန်တစ်ဦးကို ၎င်း၏ မိတ်ဆွေက မေးသည်။
"ဟေ့လူ၊ ခင်ဗျားဆီ လာတဲ့ လူနာတိုင်းကို နေ့လည်စာ ဘာစားသလဲလို့ ခင်ဗျား အမြဲတန် မေးတက်တယ်။ ဘာဖြစ်လို့လဲ"
"ဒါမှ သူတို့ဆီက ကုသခ ဘယ်လောက်တောင်းရမလဲဆိုတာ ခန့်မှန်းနိုင်မှာပေါ့"



BURMESE CLASSIC .com

## ၂၃၈။ သမက်လောင်းရွေးပွဲ

မိမိ၏ တစ်ဦးတည်းသော သမီးကို အိမ်ထောင်ချဆေးရန် ဘုရင်ကြီးက ဆုံးဖြတ်လိုက်သည်။ လူငယ်များကို စုဝေးစေကာ ဘုရင်ကြီးက ကြော်ငြာသည်။
"မိကျောင်းပေါတဲ့ ဟောဒီ မြစ်ကို ဖြတ်ကူးနိုင်သူကို ငါ့သမီးနဲ့ ပေးစားမယ်"
လူအားလုံး မြစ်ကမ်းဘောင်ပေါ်တွင် ရပ်နေကြသည်။ မည်သူမှ မဆင်းရဲဘဲ ဖြစ်နေသည်။ ခဏအကြာတွင် လူငယ်တစ်ယောက် ရေထဲ ခုန်ဆင်းကာ မြစ်တစ်ဘက်ကမ်းသို့ အမြန်ဆုံး ကူးသွားသည်။ ဘုရင့်သမီးသည် လူငယ်နားကပ်ကာ ချီးကျူးသံဖြင့် ပြောသည်။
"ရှင်ဟာ တကယ် သတ္တိကောင်းတဲ့ လူပဲ။ ရှင်နဲ့ ကျွန်မ မကြာမီ လက်ထပ်ရတော့မယ်"
"လက်ထပ်တာတော့ ဟုတ်ပါတယ်။ အခု လောလောဆယ် ငါ့ကို ရေထဲ တွန်းချတဲ့ အကောင်ကို ရှာရမယ်"

## ၂၃၉။ မေတ္တာဘွဲ့

လူငယ်သည် မိမိချစ်နေသော အမျိုးသမီးကို လက်ထပ်ခွင့်တောင်းရန် အကြိမ်ကြိမ် ဆုံးဖြတ်သည်။ အကြိမ်တိုင်း မဝံ့မရဲ ဖြစ်နေကာ နောက်ဆုတ် ပြန်ခဲ့သည်ချည်း ဖြစ်သည်။ ယခုအခေါက်တွင် တယ်လီဖုန်းဖြင့် လက်ထပ်ခွင့်တောင်းရန် ဆုံးဖြတ်ချလိုက်သည်။
"ဟဲလို၊ မေရီလား"
"ဟုတ်ပါတယ်"
"မေရီ၊ ကိုယ့်ကို လက်ထပ်မလားဟင်"
"လက်ထပ်မှာပေါ့၊ ဒါနဲ့ အခုစကားပြောနေတာ ဘယ်သူလဲဟင်"

## ၂၄၀။ ကုမ္ပဏီပိုင်ရှင်

'ကျွန်ုပ်သာ ကုမ္ပဏီပိုင်ရှင် ဖြစ်ခဲ့လျှင်' ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးရန် ဆရာမက တပည့်တို့ကို ပြောသည်။ ကျောင်းသားအားလုံးလိုလို ကြိုးစားရေးကြသည်။ အီဗန်တစ်ယောက်သာ မရေးပဲ ပြတင်းပေါက် ဘက်ငေးကြည့်နေသည်။
"ဟေ့၊ အီဗန် မင်းဘာလို့ မရေးသလဲ"
"ကျွန်တော် အတွင်းရေးမှူးမကို စောင့်နေတယ်"

## ၂၄၁။ သူ့ထက်သူ လူစွမ်းကောင်း

ထောင်ထဲသို့ ထောင်သားတစ်ယောက်ကို ခေါ်လာသည်။ လူဟောင်းများက လူသစ်ကို ဝိုင်းမေးကြသည်။
"မင်းဘာအမှုနဲ့ ကျတာလဲ"
"ပုဒ်မ ၄၀၁ နဲ့ ကျတာပါ"
"ပုဒ်မ ၄၀၁ ဟုတ်လား၊ တို့တစ်တွေ ဘယ်သူမှ မကြားဘူးဘူး"
"လူသားစားတဲ့ အမှုလေ"
အကျဉ်းသားအားလုံး ရဲကနဲ ဖြစ်သွားကြသည်။ မိမိတို့ကို အခန်းပြောင်းပေးရန် ထောင်အာဏာပိုင်တို့ကို တောင်းဆိုကြသည်။ တစ်ယောက်သာ နေရာမှ မရွေ့ဘဲ ထိုင်နေသည်။ လူသစ်က မေးသည်။
"ခင်ဗျားက ဘာပုဒ်မနဲ့ ကျတာလဲ"
"၄၀၂"
"၄၀၂– ဘာလဲ"
"လူသားစားတဲ့ လူကိုမှ ရွေးစားတဲ့ အမှု"

## ၂၄၂။ အားကစားစည်းကမ်း

အားကစားနည်းပြဆရာက မိမိ၏ တပည့်ကို ရှင်းပြနေသည်။
"ဟေ့ ပီထရော့၊ မင်းကို ငါ ဘယ်နှစ်ခါ ပြောရမလဲ။ ဆယ့်ခြောက်မီတာကို သုံးခါထောက်ပြီး ခုန်ရတယ်။ တစ်ကြိမ်တည်းနဲ မခုန်ရဘူး။ မှတ်ထား"

## ၂၄၃။ ရှေ့နေ

ရှေ့နေ ပေါက်စက ပထမဆုံးအကြိမ် တရားရုံးတွင် လျှောက်လဲချက်ပေးသည်
"တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့ ရဲ့ အမှုသည်ကို သူ့ရဲ့ ရှေ့နေအဖြစ်နဲ့ ကျွန်တော့ကို ရွေးတယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် ဆင်ခြင်တုံတရား အားနည်းနေတဲ့ အချက်ကို သက်သေထူနေပါတယ်"

## ၂၄၄။ ကမ္ဘာကျော် လှော့ာက်လဲချက်

"ကျွန်တော်ရဲ့ အမူသည်ဟာ ဘဏ်တိုက်ကို ဖောက်ထွင်းခဲ့ကြောင်း ရိုးသားပွင့်လင်းစွာနဲ့ ဝန်ခံခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို ရိုးသားပွင့်လင်းတဲ့ လူတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှ ရာဇဝတ်မှု ကျူးလွန်နိုင်မဲ့လူ မဖြစ်နိုင်ဘူးဆိုတာ ပေါ်လွင်နေပါတယ်"

## ၂၄၅။ လျှာ နဲ့ သွား

မိန်းမ – 'ကျုပ်သေသွားရင် ကောင်းမယ်'
ယောကျ်ား – 'ငါလဲ ဒီအတိုင်းပဲ'
မိန်းမ – 'အဲဒါဆို ကျုပ်မသေချင်တော့ဘူး'

## ၂၄၆။ သင်ခန်းစာ

ဆာလောနေသော မြေခွေးသည် တောတစ်ခုလုံး အနှံ့ စားစရာ အစာရှာသည်။ မမျှော်လင့်ပဲ မြင်းတစ်ကောင်ကို တွေ့သည်။
"ဟေ့ မြင်း၊ မင်းကို ငါစားရမယ်"
"ငါ့ကို စားလို့ မရဘူး"
"ဘာဖြစ်လို့လဲ"
"ငါက စုပေါင်း လယ်ယာပိုင် မြင်းဖြစ်နေလို့"
"ဘာဆိုင်လို့လဲ"
"ဒီလိုလေ၊ ဆိုကြပါစို့။ ပုဂ္ဂလိကပိုင်မြင်းကို မင်းစားလိုက်တယ် ဆိုပါစို့။ ပိုင်ရှင်ဟာ မင်းကို တစ်ရက်နှစ်ရက်ထက် ပိုမရှာနိုင်ပါဘူး။ နောက်ဆုံး မောပြီး သူလက်လျှော့လိုက်မှာပဲ။ စုပေါင်းလယ်ယာမှာကျတော့ အသင်းဝင် လယ်သမား သုံးရာကျော်ရှိတယ်။ သူတို့ ဝိုင်းရှာလိုက်ရင်၊ မင်းကို ခဏလေးနဲ့ ဖမ်းမိမှာကွ"
"မင်းပြောတာ သဘာဝကျပါတယ်။ ဒါပေမယ့် မင်းဟာ စုပေါင်းလယ်ယာက မြင်းဆိုတာ ဘယ်လိုလုပ်သက်သေထူမလဲ၊ ကဲ"
"ငါ့ရဲ့ နောက်ခြေထောက်မှာ စုပေါင်းလယ်ယာ တံဆိပ်ပါတဲ့ သံခွာ ရိုက်ထားတယ်။ ကြည့်ပါလား"

မြေခွေးငုံကြည့်သည်။ ဤအချိန်တွင် မြင်းက ဖနောင့်နှင့် မြေခွေးကို
ပေါက်ကန်လိုက်ရာ မြေခွေး လွင့်စင်ထွက်သွားသည်။ သုံးမိနစ်ခန့် သတိမရဘဲ
ဖြစ်သွားသည်။ သတိပြန်လည်လာသောအခါ မြေခွေးက
အောက်ပါအတိုင်းပြောသည်။
"ငါကိုက မိုက်တာ၊ စာ မဖတ်တက်ပဲနဲ့များ ငုံကြည့်ရတယ်လို့"

## ၂၄၇။ ပြစမ်း

ခါးပိုက်နှိုက်နှစ်ယောက် ထောင်ထဲတွင် စကားပြောနေကြသည်။
"ထောင်မှူးကြီးရဲ့ လက်ပတ်နာရီက အပုံစားပဲကွ။ မင်းတွေ့ပြီးပြီးလား"
"မတွေ့ရသေဘူး။ ပြစမ်း"

## ၂၄၈။ ငွေ ဘယ်က ရသလဲ

ယောကျာ်းကြီးကို ရဲက မေးသည်။
"ပိုက်ဆံကို ခင်ဗျား ဘယ်က ယူသလဲ"
"မီးခံသေတ္တာထဲက "
"မီးခံသေတ္တာထဲကို ဘယ်သူက ပိုက်ဆံထည့်ထားသလဲ"
"ကျွန်တော့ မိန်းမ"
"သူ ပိုက်ဆံ ဘယ်က ရသလဲ"
"ကျွန်တော် သူကို ပေးတယ်လေ"

## ၂၄၉။ ဗီးနပ်စ်အလှဘုရင်မ

ဗီးနပ်စ်အလှဘုရင်မ၏ ပုံကို ထုသော ပန်းပုဆရာကို သူမက မေတ္တာရပ်ခံသည်။
"လက်မပါစေနဲ့နော်"

## ၂၅၀။ သေသေချာချာစဉ်းစား

"မောင်ရင်က ဦးရဲ့သမီးကို လက်ထပ်ချင်တာ အမှန်ပဲနော်"
"ဟုတ်ပါတယ်"
"မောင်ရင် အိမ်ထောင်စုကို ကျွေးနိုင်ပါမလား"
"ကျွေးနိုင်ပါတယ်"
"သေသေချာချာ စဉ်းစားနော်၊ တို့အားလုံးပေါင်း ရှစ်ယောက်တောင် ရှိတာ"

## ၂၅၁။ ဇွဖ– ပါးရောဂါပျောက်ဆေး

ဆေးဆိုင်မှ ဝါရင့်ဝန်ထမ်းက အရောင်းသမအသစ်ကို ပြသနေသည်။
"ဒီဆေးပုလင်းကြီးကို မှတ်ထား။ ဆရာဝန်ရဲ့ ဆေးစာကို မဖတ်တက်ရင်
ဒီပုလင်းထဲက ဆေးရည်ကို ပေးလိုက်"

## ၂၅၂။ အပြေးချန်ပီယံ

လူတစ်ယောက် ကားမောင်းလာသည်။ ကြက်မတစ်ကောင်သည်
ကားဘေးမှကပ်လျက် ပြေးလိုက်လာသည်။ တစ်နေရာတွင် ကြက်မက ကားကို
ကျော်တက်သည်။ ဒရိုင်ဘာက ကားလီဗာကို နင်းကာ ကြက်မကို
မီအောင်လိုက်သည်။ မမီချေ။ သို့ဖြင့် လက်လျှော့လိုက်ပြီး အနားမှ
မွေးမြူရေးခြံဘက် ပြန်မောင်းကာ တွေ့သော အလုပ်သမားကို မေးသည်။
"ခုတင်က ကြက်မတစ်ကောင် ကျွန်တော့ကားကို ဖြတ်ပြီး ပြေးသွားတယ်။ ကားကို
အရှိန်မြှင့်ပြီး လိုက်တာတောင် မမီဘူး။ ခင်ဗျားတို့ခြံက ကြက်မလား"
"ဟုတ်တယ်။ မကြာခင်က ဖောက်ထားတဲ့ အသားစား ကြက်မျိုးသစ်လေ"
"အသားကရော၊ အရသာရှိရဲ့လားဗျ"
"ဘယ်သူမှ မသိသေးဘူး၊ သူ့ကို ဘယ်သူမှ လိုက်ဖမ်းလို့ မရဘူးလေ"

## ၂၅၃။ ရွှေသူငယ်ချင်း

ဆာရာသည် မိမိ၏ မွေးနေ့ပွဲသို့ တက်ရောက်ရန် ဂျူးမိတ်ဆွေများ ဖြစ်ကြသော အာဘရမ်နှင့် ရာဘင်နိုဗစ်ချ်တို့ကို ဖိတ်သည်။ ရုရှားမိတ်ဆွေဖြစ်သော အီဗန်ကို မဖိတ်ရင် မကောင်းဟု အတွေးပေါက်ကာ ဖိတ်လိုက်သည်။ မွေးနေ့ပွဲသို့ လာသောအခါ ရွှေနှင့် ပတ်သက်သော လက်ဆောင်တစ်ခုကို ယူခဲ့စေလိုကြောင်း ဆာရာက ပြောသည်။

မွေးနေ့ပွဲသို့ အာဘရမ် ပထမဦးဆုံး ရောက်လာသည်။

"ဆာရာရေ၊ မင်းရဲ့ မွေးနေ့မှာ ဆုမွန်ကောင်းတောင်းပါတယ်။ မင်းအတွက် လက်ဆောင် ရှာကြရာတာ 'ရွှေဒင်္ဂါး' ဆေးပေ့ါလိပ်ပဲ ရလို့ ဝယ်လာတယ်၊ လက်ခံပါကွယ်"

ရာဘင်နိုဗစ်ချ် ရောက်လာသည်။

"ဆာရာရေ၊ မွေးနေ့ပွဲမှာ မင်းရဲ့လိုအင်ဆန္ဒအစစ ပြည့်ဝပါစေလို့ ငါဆုတောင်းပါတယ်ကွယ်။ ဒါနဲ့ မင်းအတွက် ရွှေနဲ့ ဆက်စပ်တဲ့ လက်ဆောင်ဆိုလို့ 'ရွှေသမင်' ကော်ဖီမှုန့်ပဲရလာတယ၊ လက်ခံပါကွယ်"

ကပ်စေးနဲပြီး ဉာဏ်များသော ဂျူးမိတ်ဆွေတို့ထံမှ ဒီလောက်ရတာပဲ တော်သေးသည်ဟု ဆာရာ နှလုံးပိုက်လိုက်သည်။ အီဗန်အလာကို စောင့်သည်။ အီဗန်သည် အိမ်အဝင်ဝမှာ ကတည်းက လှမ်းအော်ပြောသည်။

"မင်္ဂလာပါ၊ ဆာရာရယ်။ မင်းအတွက်ရှာကြရာတာ တစ်မြို့လုံးသန့်သွားတယ်။ လိုချင်တာ မရဘူး။ ဒါပေမယ့် စိတ်မပျက်ပါနဲ့။ ရွှေသူငယ်ချင်းတစ်ယောက်ကို ခေါ်လာတယ်။ ဟေ့ နီကိုလိုင် ဝင်လာလေကွာ"

## ၂၅၄။ ခံစားချက်ခြင်းမတူ

"အချစ်ရေ၊ မင်းကို ငါပွေ့ဖက်တဲ့အခါမှာ နတ်ပြည်ရောက်နေသလို ခံစားရတယ်"

"ကျွန်မကတော့ ဘတ်စ်ကားထဲရောက်နေသလိုပဲ"

## ၂၅၅။ ဆရာကြီး

ဈေးထဲတွင် လူတစ်ယောက် ကြက်တူးရွေးကို ရောင်းနေသည်။ တစ်ကောင်ကို မိမိ၏ လက်ဝဲပခုံးပေါ်မှာ နောက်တစ်ကောင်ကို ညာဘက်ပခုံးပေါ်မှာ နောက်ဆုံး တစ်ကောင်ကို ခေါင်းပေါ်မှာ တင်ထားသည်။ ဝယ်လိုသူက မေးသည်။

"ခင်ဗျားရဲ့ ဘယ်ဘက် ပခုံးပေါ်က ကြက်တူရွေးဈေး ဘယ်လောက်လဲ"



BURMESE CLASSIC .com

"သုံးထောင်ကျပါတယ်"
"များလှချည်လား"
"ဒီကောင်က စကားပြောတတ်ရုံတင် မဟုတ်ဘူး။ အဆင့်မြင့် သင်္ချာနဲ့ ဓာတုဗေဒ ပညာကိုပါ နားလည်တာဗျ"
"ညာပခုံးပေါ်ကကော"
"ငါးထောင်"
"ဈေးကြီးလှချည်လား"
"ဒီကောင်က သင်္ချာ၊ ဓာတုဗေဒတင် တက်တာ မဟုတ်ဘူ၊ အင်္ဂလိပ်၊ ဂျာမန် စကားတွေကိုပါ ကောင်းကောင်း ပြောတတ်တယ်လေ"
"ဒီလိုဆိုရင် ခေါင်းပေါ်က အကောင်ရော"
"တစ်သောင်း"
"ဟာ၊ ဒီကောင်က ဈေးအကြီးဆုံးပါလား၊ သူဘာတတ်လို့လဲ"
"ဘာတတ်သလဲတော့ မသိဘူး။ ဟိုနှစ်ကောင်က သူ့ကို 'ဆရာကြီး' လို့ ခေါ်ကြတယ်"

## ၂၅၆။ အမေးနဲ့အဖြေ

ဖိုးသမားတစ်ယောက်မူးပြီး အိမ်ပြန်လာသည်။ အိမ်တံခါးကို ခေါက်သည်။
ဇနီးသည်က အိမ်ခန်းထဲမှ နေ၍ မေးသည်။
"ကိုလျာ၊ ရှင်လား"
အိမ်ပြင်မှ ဘာမှဖြေသံမကြားရချေ။ မိန်းမက ထပ်မေးသည်။
"ကိုလျာ၊ ရှင်လား"
ဤတစ်ခါလည်း ဘာသံမှ မကြားရချေ။ သို့ဖြင့် အိမ်တံခါးကို မဖွင့်ရန် အမျိုးသမီး ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့ မနက်ရုံးသွားရန် သူမတံခါးကို ဖွင့်ရာ ယောကျ်ားဖြစ်သူ ကိုလျာကို တံခါးရှေ့တွင် အိပ်နေသည်ကို တွေ့ရသည်။
"ကိုလျာ၊ ရှင်လားလို့ ကျွန်မ မေးသားပဲ။ ဘာဖြစ်လို့ ပြန်မထူးသလဲ"
"ငါ ခေါင်းညိတ်ပြပါတယ်"

## ၂၅၇။ ရှိခဲ့သော ဆန္ဒ

"ငယ်ငယ်တုန်းက ကျွန်တော် သင်္ဘောသား ဖြစ်ချင်ခဲ့တာဗျ"
"ဘာဖြစ်လို့ မလုပ်ခဲ့သလဲ"
"ကျွန်တော် သတိမေ့တက်တယ်၊ ကျွန်တော့ကြောင့် သင်္ဘောပေါ်က လူတွေ အမျိုးမျိုး ဒုက္ခရောက်နိုင်တယ်ဆိုတာ တွေးမိပြီး ဝါသနာကို စွန့်လိုက်ရတယ်"
"အခု ဘာအလုပ် လုပ်နေလဲ"
"ဆေးဆိုင်မှာ ဆေးစပ်သမား လုပ်နေတယ်"

## ၂၅၈။ နာရီကအချိန်တိုက်တာပါ

အသက်ခြောက်ဆယ်အရွယ် လူကြီးကို အမျိုးသမီးတစ်ဦးက ပြောသည်။
"ဦးငွေမင်း ကျွန်မကို လက်ထပ်ခွင့် တောင်းတုန်းက ရှင့်ရဲ့ ကျန်းမာရေး ဒေါင်ဒေါင် မြည်အောင် ကောင်းပါတယ်လို့ ကျွန်မကို ပြောခဲ့တယ်။ ဒါပေမယ့် မနေ့က ဆေးခန်းမှာ ရှင့်ရဲ့ သွေးခုန်နှုန်းကို ဆရာဝန်က စမ်းသပ်နေတာကို ကျွန်မ တွေ့ခဲ့ရတယ် ဘယ်လိုလဲ"
"ဩော် ဒါလား၊ ဆရာဝန်က သူ့လက်ပတ်နာရီ အလုပ်လုပ်တာ မှန်မှ မှန်ရဲ့လားဆိုတာ ကျွန်တော့ရဲ့ သွေးခုန်နှုန်းကို အခြေပြုပြီး စစ်ကြည့်နေတာပါ"

## ၂၅၉။ မလတ်တဲ့ငါး

"မနေ့က ရှင့်ဆိုင်က ကျွန်မဝယ်ခဲ့တဲ့ငါးဟာ မလတ်ဘူးရှင့်"
"ဟုတ်လား၊ ပင်လယ်က တိုက်ရိုက်လာတဲ့ ငါးပဲရှင့်"
"အဲဒီ ငါးဟာ ခြေလျင် လမ်းလျှောက်လာတာနဲ့ တူတယ်"

www.burmeseclassic.com

## ၂၆၀။ အန္တရယ်များတယ်

လမ်းလျှောက်လာသော ဆင်ကို ပုရွက်ဆိတ်က တားသည်။
"ဟေ့ဆင်၊ ဒီနေရာမှာ လမ်းမလျှောက်နဲ့။ အန္တရယ်များတယ်။ ဟိုမှာ ကျုပ်တို့
အမျိုးတွေ ရန်ဖြစ်နေကြတယ်"

## ၂၆၁။ ဓားပြတို့၏ဂလဲ့စား

"ဓားပြဂိုဏ်းတစ်ခုက သူတို့ရဲ့ အဖွဲ့ဝင်တစ်ယောက်ကို ဂလဲ့စားချေကြတယ်လို့
ကြားတယ်
ဘယ်လို ဂလဲ့စားချေတာလဲ လင်းစမ်းပါအုံး"
"သူ့ကို ကြိုးနဲ့တုပ်ပြီး မီးရထားသံလမ်းပေါ် တင်ထားသတဲ့"
"ရက်စက်လှချည်လား။ ဒီဓားပြ အပိုင်းပိုင်းပြတ်သေမှာပေါ့"
"အပိုင်းပိုင်းတော့ မဖြစ်ဘူး။ နောက်ရထား လာတာကို စောင့်ရင်း အစာငတ်ပြီး
သေသွားသတဲ့"

## ၁၆၂။ သတ္တိကောင်းတဲ့ လူမျိုး

မည်သည့် လူမျိုးက သတ္တိ ပိုကောင်းသနည်းဆိုသည်ကို အမေရိကန်၊ ပြစ်သစ်နှင့်
ရုရှားတို့ အငြင်းပွား နေကြသည်။ အမေရိကန်က စပြောသည်။
"ကျွန်တော့တိုလူမျိုးဟာ သတ္တိ အကောင်းဆုံးပဲ၊ ဥပမာ လူဆယ်ယောက် နှင့်
ကားဆယ်စီးရှိတယ်ဆိုပါစို့။ ကားဆယ်စီးမှာ တစ်စီးမှာ
ဘရိတ်ပျက်နေတယ်ဆိုတာ အားလုံးသိကြတယ်။ ဒါပေမယ့် ဘယ်ကားလဲဆိုတာ
အတိအကျ မသိကြဘူး။ ကားတစ်စီးစီယူပြီး သူတို့ မောင်းကြတယ်။
လမ်းကွေ့တစ်ခုမှာ ကားတစ်စီး ဘရိတ်မအုပ်နိုင်လို့ မှောက်သွားတယ်။
အဲဒီနောက်မှာ ဆေးရုံတက်နေရသူဆီကို ကျန်ကိုးယောက်က
စားစရာပစ္စည်းတွေယူလာပြီး လူနာလာတွေ့ကြတယ်"
ပြစ်သစ်က ရယ်မောပြီး ပြောသည်။
"ဒါကိုများ သတ္တိကောင်းတယ်လို့ ခင်ဗျားတို့ ပြောရဲတယ်။
ကျွန်တော်တို့ဆီမှာကြည့်၊ လူငယ်ဆယ်ယောက်နဲ့ အမျိုးသမီး
ဆယ်ယောက်ရှိတယ်။ အမျိုးသမီးဆယ်ယောက်အနက် တစ်ယောက်မှာ



BURMESE CLASSIC .com

အေအိုင်ဒီအက်စ် ပိုးရှိတယ်ဆိုတာ အားလုံးသိကြတယ်။ ဒါပေမယ့် ဘယ်သူလဲဆိုတာ အတိအကျမသိကြဘူး။ လူငယ်ဆယ်ယောက်ဟာ နှစ်သက်တဲ့ အမျိုးသမီးတစ်ယောက်ဆီကို ရွေးပြီး အိပ်ရာထဲ ဝင်ကြတယ်။ အဲဒီနောက်မှတော့ လူငယ်တစ်ယောက်ရောဂါဖြစ်ပြီး ဆေးရုံတင်ရတယ်။ ကျန်ကိုးယောက်က သူ့ရဲ့ အမျိုးသမီးဆီကို အားပေးဘို့ လာကြတယ်"
အမေရိကန်နှင့် ပြင်သစ်က ရုရှားကို မေးသည်။
"ခင်ဗျားတို့ လူမျိုးရဲ့ သတ္တိရှိနည်းကို ပြောပြပါအုံးဗျ"
"ကျွန်တော်တို့ဆီမှာတော့ ခင်ဗျားတို့မှာလို မရှုတ်ဘူး။ လူဆယ်ယောက်စုမိပြီး အရက်သောက်ကြတယ်။ ဆယ်ယောက်အနက် တစ်ယောက်ဟာ လက်ထောက်ချတဲ့ လူဖြစ်တယ်ဆိုတာ အားလုံးသိကြတယ်၊ ဒါပေမယ့် ဂရုမစိုက်ဘူး။ ဟာသတွေ မျိုးစုံပြောကြတယ်"
"အဲဒီနောက် ဘာဖြစ်သလဲဗျ"
အမေရိကန်နှင့် ပြင်သစ်တို့က စိတ်ဝင်စားလာပြီး မေးသည်။
"ဘာဖြစ်ရမလဲ၊ ကိုးယောက်ထောင်ကျတယ်။ နောက်ဆုံးတစ်ယောက်က သူတို့ဆီ ထောင်ဝင်စာ လာတွေ့တယ်လေ"

## ၂၆၃။ အတုနဲ့ အစစ်

"မိတ်ဆွေရဲ့ နိုင်ငံကူးလက်မှတ်ဟာ အတုဖြစ်နေပါတယ်၊ ဓာတ်ပုံထဲမှာ မိတ်ဆွေဟာ ထိပ်ပြောင် အခု ဆံပင်နဲ့ ဖြစ်နေတယ်"
"နိုင်ငံကူး လက်မှတ်အတုမဟုတ်ပါဘူး။ ကျွန်တော့ ဆံပင်သာ အတု ဖြစ်ပါတယ်"

## ၂၆၄။ ဘာစားသလဲ

ဆော်လမွန်ဘုရင်ကြီးမှာ မယားကိုးရာရှိတယ်လို့ ကြားရတယ်။ ဒီလောက်များတဲ့ မယားတွေကို "သူ ဘယ်လိုလုပ် ကျွေးမွေးထားသလဲဆိုတာ စိတ်ဝင်စားစရာပဲနော်"
"ငါကတော့ သူ ဘာမှီဝဲသလဲဆိုတာကို ပိုသိချင်တယ်"

## ၂၆၅။ ဘယ်လိုသက်သေထူမလဲ

အဒေါ်ဖြစ်သူကို ယနေ့ပင် သင်္ဂြိုလ်ခဲ့သော လူငယ်ကို သူငယ်ချင်းဖြစ်သူက မေးသည်။

"မင်းရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ကြောင့်ကျတဲ့ အမူအရာတွေ ပေါ်နေပါလား။ ကွယ်လွန်သွားတဲ့ အဒေါ်အတွက် စိတ်မကောင်းဖြစ်နေတယ်လို့တော့ ငါ့ကို မပြောနဲ့။ မင်း အဒေါ်အပေါ်မှာ မင်းဘယ်တုန်းကမှ အထွေအထူး ဂရိုက်မစိုက်ခဲ့ဘူးဆိုတာ ငါသိတယ်"

"မင်းပြောတာ ဟုတ်ပါတယ်။ ငါ့အဒေါ်ကို ငါ စိတ်ရောဂါကု ဆေးရုံကို ပို့ထားခဲ့တယ်။ လွန်ခဲ့တဲ့ ငါးနှစ်လုံးလုံး အဒေါ်ဟာ အဲဒီမှာပဲနေပြီး ကွယ်လွန်သွားခဲတယ်။ မကွယ်လွန်ခင်မှာ သူ့ပိုင်ပစ္စည်းတွေ အားလုံး ငါ့ကို ပေးကြောင်း သေတမ်းစာမှာ ရေးထားခဲ့တယ်၊ အခု သေတမ်းစာရေးချိန်မှာ သူစိတ်ကောင်းနေပါတယ် ဆိုတာကို ငါ သက်သေထူရတော့မယ်လေ

## ၂၆၆။ မောပြီ

တပ်ကြပ်ကြီးသည် တပ်စုကို မိုင် ၂၀– ခရီး ပြေးခိုင်းသည်။ ၁၀– မိုင်ကျော်လာသောအခါ မောလှပြီး ဖြစ်ကြောင်း၊ ရှေ့ဆက်မပြေးနိုင်တော့ကြောင်း တပ်သားအချို့ ငြီးငြူစပြုလာသည်။

"တပ်စု ရပ်၊ တန်းစီ၊ ဆက်မပြေးနိုင်တော့တဲ့ ရဲဘော် ရှေ့ကို ခြေလှမ်း သုံးလှမ်းတိုး"

တပ်သား မောင်မြမှ လွဲ၍အားလုံး ရှေ့သို့ သုံးလှမ်းတိုးလိုက်ကြသည်။

"ရဲဘော် မောင်မြ၊ တကယ့်စစ်သားဆိုတာ ဒီလိုမှပေါ့ကွာ၊ မင်းတစ်ယောက်ဘဲ ဆက်ပြေးနိုင်တဲ့လူ၊ ဟော့၊ သူ့ကို အားလုံး အတုယူကြ"

"ဆက်ပြေးနိုင်တဲ့လူ၊ ဟုတ်လား၊ ရှေ့ကို ခြေလှမ်းသုံးလှမ်းဘို့တောင် အားမရှိလိုပါ တပ်ကြပ်ကြီးရယ်"

## ၂၆၇။ နောက်ဆုံးပေါ် နှိုးစက်

"စိတ်ချရတဲ့ နှိုးစက် နာရီတစ်လုံး လိုချင်ပါတယ်"
"အတော်ပဲ၊ နောက်ဆုံးပေါ် နှိုးစက်နာရီကို မနေ့ကပဲ ကျွန်တော့တို့ ဆိုင်ပေါ်တင်ထားတယ်။ ယူကြည့်ပါ။ ဒီစက်က အင်မတန် ထူးခြားပါတယ်။ ပထမ ခေါင်းလောင်တီးတယ်။ အဲဒီနောက်မှာ အမြောက်သံလို မြည်တယ်။ မြည်ပြီးတဲ့အခါ အိပ်နေသူရဲ့ မျက်နှာကို ရေအေးလောင်းချပါတဲ့။ အဲဒါမှ မနိုးဘူးဆိုရင် သူတက်နေတဲ့ ကျောင်း၊ သို့မဟုတ် အလုပ်ဌာနကို တုပ်ကွေးမိနေလို့ မလာနိုင်ကြောင်း အကြောင်းကြားပေးတယ်"
"ယူမယ်၊ ယူမယ် မြန်မြန်လေးထုပ်ပေးပါ"

## ၂၆၈။ သွေးစည်းမှု

"အချင်းချင်း သွေးစည်းမှုရှိလေလေ၊ အားကောင်းလေလေ"
ဟု မိမိနှင့်အတူ ကျောင်းပြေးကြရန် ဂျော်နီက အတန်းသားများကို ပြောသည်။

## ၂၆၉။ မုသား

မိမိ၏ ဇနီးဖြစ်သူ နေမကောင်းသဖြင့် ခွင့်ဆယ်ရက်ပေးပါရန် တပ်သားက တပ်ရင်းမှူးကို ခွင့်တောင်းသည်။
"တပ်သား တော်မီ၊ မင်းတောင်းတဲ့ ခွင့်ကို မငြင်းလိုပါဘူး။ ဒါပေမယ့် အခုလေးတင် မင်းမိန်းမဆီက ငါ စာတစ်စောင်ရတယ်။ စာထဲမှာ သူ့ယောက်ျားကို စာနာစိတ်ထားဘို့ မေတ္တာရပ်ခံထားပြီး တစ်ဆက်တည်းမှာပဲ သူနေကောင်းကြောင်း ရေးထားတယ်ကွ"
တပ်သားတော်မီသည် တပ်ရင်းမှူးကို အလေးပြုလိုက်ပြီး အခန်းထဲမှ ထွက်ရန် ခြေလှမ်းပြင်သည်။ တံခါးဝသို့ ရောက်သောအခါ ရုတ်တရက် ပြန်လှည့်ပြီး တပ်ရင်းမှူးကို
"ကျွန်တော်တို့ တပ်ရင်းမှာ မုသားပြောတဲ့ လူနှစ်ယောက်ရှိတယ်။ တစ်ယောက်ကတော့ ကျွန်တော်ပါပဲ။ ကျွန်တော့ဆီမှာ မိန်းမ မရှိပါဘူး"


BURMESE CLASSIC .com

## ၂၇၀။ ပဟေဠိဆန်တဲ့အပြုံး

"ဖေဖေ၊ ပဟေဠိဆန်တဲ့အပြုံးဆိုတာ ဘယ်လိုဟာကို ခေါ်သလဲဟင်"
"ဒီနေ့ ရုံးဆင်းချိန်အပြီးမှာ အရေးတကြီးကိစ္စတစ်ခုကြောင့် ဖေဖေ အိမ်ပြန်နောက်ကျမယ်လို့ ပြောလိုက်တဲ့အခါ မင်းမေမေရဲ့ မျက်နှာပေါ်မှာ ပေါ်လာတဲ့ အပြုံးမျိုးပေါ့ကွာ"

## ၂၇၁။ အလှူခံဆိုရင် ကြောက်တယ်

လန်ဒန်ရဲတပ်ဖွဲ့တွင် အမှုထမ်းရန် စကော့တလန်သားတစ်ယောက် လျှောက်လွှာတင်သည်။ ရဲအရာရှိက မေးသည်။
"လူစုလူဝေးကို ခွဲဘို့လိုအပ်လာရင် ခင်ဗျား ဘာလုပ်မလဲ"
"အင်္ဂလန်မှာ ဘာလုပ်ရမလဲဆိုတာ ကျွန်တော် မသိဘူး။ ဒါပေမယ့် စကော့တလန်မှာ ဆိုရင်တော့ ဦးထုပ်ကို ပြောင်းပြန်လှန်လိုက်မယ်။ အဲဒီနောက် ဦးထုပ်ကို လက်နှစ်ဘက်နဲ့ ဖြန့်ကိုင်ပြီး လူအုပ်ကြားထဲ လျှောက်ဝင်သွားလိုက်မယ်"

## ၂၇၂။ နားငြီးတယ်

အမြောက်ကျည်ဆန်ကို ထည့်ပေးရသော တပ်သားက တပ်မှူးကို ပြောသည်။
"ကျွန်တော့ကို တခြား အမြောက်တပ်စုကို ပြောင်းပေးပါခင်ဗျာ"
"ဘာဖြစ်လို့လဲ"
"တစ်နေ့လုံး ပစ်ရမယ်ဆိုရင် ကျွန်တော် ပစ်ဘို့ အသင့်ပါ၊ ဒါပေမယ့် အခုလက်ရှိ တပ်စုက လက်ဖနင်တင်က တစ်ချိန်လုံး သီးချင်းဆိုနေလို့ပါ"

## ၂၇၃။ တူတဲ့အချက်

"ကြွက်တူရွေးနဲ့ တူတာ ဆင်မှာ ဘာရှိသလဲ"
"သူလဲ စက်ဘီး မစီးတတ်ဘူး"

## ၂၇၄။ အဆုံးမခံနိုင်ဘူး

လူငယ်သည် မိမိ တစ်ဖက်သတ်ချစ်နေသော အမျိုးသမီးထံ ရောက်လာကာ အမျိုးသမီး၏ နာမည် အတိုကောက်ကို ထွင်းထုထားသည် လက်ထပ်လက်စွပ်ကို လာပေးသည်။ အမျိုးသမီးသည် လက်စွပ်ကို ကြည့်ကာ ခေတ္တမျှ စကားရှာမရသလို ဖြစ်သွားသည်။
"ကျွန်မ ရှင့်ကို ဘယ်လို ပြောရမှန်းမသိဘူး၊ ကျွန်မက နောက်တစ်ယောက်ကို ချစ်နေတာရှင့်"
"သူ ဘယ်သူလဲ"
"ကျွန်မ ဘယ်တော့မှ ရှင့်ကို မပြောဘူး၊ သူ့ကို ရှင်ရန်လုပ်မှာ စိုးတယ်"
"ရန်မလုပ်ပါဘူး၊ ဒီလောက် ကံကောင်းတဲ့လူကို ဒီလက်စွပ် သွားရောင်းမလို့ပါ"

## ၂၇၅။ သဝန်မတိုပါဘူး

"ရှင် ကျွန်မကို အခုလို သဲသဲမဲမဲ လိုက်ပြီး ချစ်ရေးဆိုနေတာ မသင့်တော်ပါဘူး၊ ကျွန်မမှာ ယောကျ်ားရှိတယ်ရှင်"
"ကိစ္စမရှိပါဘူး၊ ကျွန်တော် သဝန်မတိုတတ်ပါဘူး"

## ၂၇၆။ ဝမ်းနည်းဝမ်းသာ

"အခုအချိန်က စပြီး ညနေ ၇–နာရီ တိတိသူနင်းလာနေကျ ခြေသံနဲ့တံခါးခေါက်သံကို အိုင်ကြားရတော့မှာ မဟုတ်ဘူး"
"ယူ့စကားက တစ်မျိုးကြီးပဲ၊ ဘာဖြစ်လို့လဲ မေရီ"
"ပြီးတော့ ၂– နှစ်လုံးလုံး၊ တစ်ပတ်မှာ သုံးကြိမ် အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်ပြီး အိုင့်ကို အနူးညံ့ဆုံးစကားလုံးတွေနဲ့ ချီးမွမ်းစကားကိုလဲ ကြားရစရာ

အကြောင်းမရှိတော့ဘူး။ အခုညနေပဲ သူရေးခဲ့တဲ့ ရည်းစားစာ အားလုံးကို မီးရှို့ပစ်လိုက်တော့မယ်"
"ဘာလဲ၊ ယူ သူ့နဲ့ လမ်းခွဲတော့မှာလားဟင်"
"ဟင့်အင်း၊ သူ့နဲ့ လက်ထပ်တော့မှာလေ"

## ၂၇၇။ ကြိုက်သလို စီစဉ်ပါ

"ကောင်းပြီ၊ ငါ့သမီးက မင်းနဲ့ လက်ထပ်ဘို့ သဘောတူလိုက်ပြီလို့ ဆိုတယ်၊ မင်္ဂလာရက်ကို မင်းတို့ ရွေးပြီးပြီးလား"
"ကျွန်တော်က အရာရာကို လိုက်လျောတက်သူ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီကိစ္စကို သတိုးသမီးကိုပဲ ဆုံးဖြတ်ခွင့် ပေးထားပါတယ်"
"ဘုရားကျောင်းမှာ လက်ထပ်မှာလား"
"သူတို့သမီးရဲ့အမေ ဆုံးဖြတ်ထားတဲ့ အတိုင်းပါပဲခင်ဗျာ"
"ဘယ်လို ဝင်ငွေတွေနဲ့ မင်းတို့ နေကြမှာလဲ"
"ကျွန်တော်ဟာ အရာရာကို လိုက်လျောတက်သူလို့ဦးကို ပြောပြီးပါပကော၊ ဒီကိစ္စကို ဦးပဲ ဆုံးဖြတ်ပါခင်ဗျာ"

## ၂၇၈။ နောက်ဆုံးအခွင့်အရေး

တပ်သားသစ်များကို သင်တန်းဆရာက သေနတ်ပစ်ကွင်းသို့ ခေါ်ကာ သေနတ်ပစ်လေ့ကျင့်စေသည်။ ပစ်မှတ်ကို တစ်ကီလိုမီတာ အကွာခန့်တွင် ထားကာ ပစ်စေရာ ပစ်မှတ်၏ အလယ်တည့်တည့်သို့ ထိဘို့နေနေသာသာ ပစ်မှတ်တိုင်ကြီး တစ်ခုလုံးကိုပင် ထိအောင် ပစ်နိုင်သူ မရှိချေ။ သို့ဖြင့် ဆရာက ပစ်မှတ်ကို မီတာ ၈၀၀- အကွာအထိ ရွှေ့တိုးခိုင်းသည်။ဤတစ်ခါတွင်လည်း မည်သူမျှ မထိချေ။ မထိမချင်း ပစ်မှတ်ကို ရွှေ့တိုးစေရာ နောက်ဆုံး မီတာ သုံးဆယ် အကွာအဝေးသာ ကျန်တော့သည်။ ဤတွင် သင်တန်းဆရာက အမိန့်ပေးသည်။
"လုံ့စွပ်တွေ အသင့်ပြင်၊ ရန်သူကို တက်ထိုး၊ ဒါမင်းတို့အတွက် နောက်ဆုံးအခွင့်အရေးပဲ"

### ၂၇၉။ အကြောက်တရား

"ခုခေတ်လူငယ်တွေဟာ အိမ်ထောင်ပြုရမှာကို ပိုကြောက်လာကြတယ်"
"ကြောက်တာ သိပ်မှန်တာပေါ့၊ ကျုပ်ကိုပဲ ကြည့်၊ လက်မထပ်ခင်တုန်းက ကြောက်ရမှန်း မသိခဲ့ဘူး"

### ၂၈၀။ အလွယ်ကလေး

မိန်းမပြဿနာများဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များ ဖြစ်သည့် ဒေါက်တာဘာနတ်ကို အမျိုးသမီးတစ်ဦးက မေးသည်။
"ကျွန်မကို အဖိုးတစ်သောင်းတန် ဝတ်ရုံ၊ စိန်လက်စွပ်၊ စိန်ဘယက်၊ လျှပ်စစ်မီးဖို၊ ပြီးတော့ မာစီးဒီးကား လက်ဆောင်ပေးခဲ့တဲ့ သူဌေးကြီးတစ်ဦးနဲ့ လက်ထပ်ဘို့ စေ့စပ်ထားတာကို ကျွန်မ ပယ်ဖျက်ချင်တယ်၊ ဘာလုပ်ရမလဲဟင်"
"လျှပ်စစ်မီးဖိုကို ပြန်ပေးလိုက်"

### ၂၈၁။ စိတ်ပူတယ်

"အမတ်အဖြစ် အရွေးခံရရင် ခင်ဗျား ဘာလုပ်မလဲ"
"အမတ်ဖြစ်ရင် ဘာလုပ်ရမလဲ ဆိုတာ ကျွန်တော် မစဉ်းစားဘူး၊ အမတ်ဖြစ်ရင် ဘာလုပ်ရမလဲဆိုတာသာ စဉ်းစားနေတယ်"

### ၂၈၂။ ဆေးလိပ်နံ့

သူငယ်ချင်းနှစ်ယောက် ဆုံကြသည်။
"မင်းမေရီနဲ့ ဘာဖြစ်လို့ ချိန်းမတွေ့တော့တာလဲ"
"တလောက သူ့ကို နမ်းလိုက်ရာမှာ ဆေးလိပ်နံ့ရလို့"
"သူ ဆေးလိပ်မှ မသောက်ဘဲ"
"ငါလဲ အဲဒါကို ပြောတာပေါ့"

## ၂၈၃။ စွယ်စုံမင်းသား

လေတပ်ဆေးရုံ၏ စိတ်ရောဂါ လူနာဆောင်တွင် ဖြစ်သည်။ ကုသမှုကို အပြည့်အဝခံယူပြီး ဆေးရုံမှ ဆင်းရတော့မည့်လူနာများကို ဆေးကော်မရှင်က နောက်ဆုံးအကြိမ် မေးမြန်းသည်။ ကော်မရှင် ဥက္ကဋ္ဌက ပြောသည်။
"ကိုင်း မစ္စတာစမစ်၊ ခင်ဗျားကို လုံးဝ ပျောက်ကင်းအောင် ကျွန်တော်တို့ ကုသပေးလိုက်ပြီ၊ ခင်ဗျား ကိုယ်တိုင်လဲ ကိုယ့်ကိုယ်ကို သူများထက် ထူးဆန်းတဲ့ သတ္တဝါလို့ မထင်တော့ဘူး၊ ဆေးရုံက ဆင်းပြီးနောက် ဘာလုပ်ကိုင် စားသောက်မယ်လို့ စိတ်ကူးသလဲ၊ ကော်မရှင် အဖွဲ့ဝင်များကို ပြောပြစမ်းပါအုံး"
"ဟုတ်ကဲ့၊ ကျွန်တော် တပ်ထဲ မရောက်ခင်က ရှေ့နေလုပ်စားခဲ့တော့ ရှေ့နေ ပြန်လုပ်ရင် ရပါတယ်။ တစ်ချိန်တည်းမှာ စာရင်းအင်းပညာနဲ့ တက္ကသိုလ်က ဘွဲ့ရခဲ့တော့ ကုမ္ပဏီတစ်ခုခုမှာ ဝင်လုပ်ရင်လဲ ဖြစ်ပါတယ်။ အဲဒီနှစ်ခုစလုံးမှာ အဆင်မပြေဘူးဆိုရင်တော့ ကျွန်တော် အမြဲတမ်း ဝါသနာပါခဲ့တဲ့ ဗိသုကာ နယ်ပယ်ထဲ သွားမယ်လို့ စိတ်ကူးထားပါတယ်"
ဤသို့ ပြောအပြီးတွင် စမစ် ခေတ္တမျှ စဉ်းစားကာ ဆက်ပြောသည်။
"တကယ်တန်းဆိုရင် ကျွန်တော့်ကို ဟယ်လီကော့ပတာ အဖြစ်နဲ့လဲ အသုံးချလို့ ရပါတယ်ခင်ဗျ"

## ၂၈၄။ ဒါကြောင့်ပါ

"ဘီ ၆၀၀– ကားကို ဘာဖြစ်လို့ အမည်းရောင် မသုတ်သလဲ"
"မားစီးဒီးနဲ့ မှားမှာစိုးလို့"

## ၂၈၅။ ကျေးဇူးတင်တယ်

ကုန်စုံဆိုင်သို့ ၁၀ နှစ်သားအရွယ် ကျောင်းသားလေးတစ်ယောက် ရောက်လာကာ ဈေးရောင်းသူကို ပြောသည်။
"ဦးလေး တစ်ကီလိုကို ၁၆–ကိုပက် (ရုရှားငွေ ရူဘယ်နှင့် ကိုပက်သည် မြန်မာငွေ ကျပ်နှင့် ပြားကဲ့သို့ ဖြစ်သည်) ကျတဲ့ သကြားကီလိုဝက်၊ တစ်ကီလိုကို တစ်ရူဘယ်ခွဲကျတဲ့ ထောပတ်ကီလိုဝက်၊ တစ်ကီလို ကိုပက် ၆၀– ကျတဲ့ ဒိန်ခဲ ကီလိုဝက်၊ တစ်ကီလို ကိုပက် ၇၀– ကျတဲ့ ကော်ဖီမှုန့် ကျွန်တော် ဝယ်တယ်။ ဦးလေးကို ဆယ်ရူဘယ်တန် တစ်ရွက်ပေးလိုက်တယ်။ ဦးလေး ကျွန်တော့်ကို

ဘယ်လောက်ပြန်အမ်းမလဲ"
ချာတိတ်ပြောသမျှ လိုက်ရေးထားသော ဈေးသည်က ချက်ချင်း ပြန်ဖြေသည်။
"၈– ရူဘယ်နဲ့ ၅၂– ကိုပက်"
"ကျေးဇူးပဲ ဦးလေး၊ အဲဒီ ဘောက်ချာ ကျွန်တော့်ကို ပေးလိုက်ပါ။ မနက်ဖြန် ကျောင်းမှာ ဒီပုစ္ဆာကို ကျွန်တော် တွက်ပြရမှာခင်ဗျ။ အိမ်ကျမှ ကျွန်တော် ပြန်ကူးယူတော့မယ်။ အဲ ပစ္စည်းတွေကိုတော့ ကျွန်တော် မလိုပါဘူး"

## ၂၈၆။ အတုံ့အလှည့်

ပျော်တက်နောက်တက်သော လူငယ်တစ်စုသည် စားသောက်ဆိုင်တစ်ခုတည်းတွင် ပုံမှန် စုဝေးစားသောက်လေ့ ရှိကြသည်။ အခါတိုင်းလည်း ရင်းနှီးနေပြီး ဖြစ်သော စားပွဲထိုးကို ကျီစယ်ကြလေ့ရှိသည်။ စားပွဲထိုး ရေယူလာလျှင် ၎င်း၏ ကွယ်ရာ၌ပန်းအိုးထဲ လောင်းချပြီး ရေမရသေးဟန် ပြောသည်။ ဇွန်း၊ ခရင်း၊ လက်သုတ်ပဝါ စသည်တို့ကို ဝှက်သည်။ စားပွဲထိုးကလည်း မည်သည့်အခါမျှ စိတ်ဆိုးဟန် မပြချေ။ တစ်နေ့ စားသောက်ပြီးစီးသောအခါ သူငယ်ချင်းများက စားပွဲထိုးကို ဘောက်ဆူးကောင်းကောင်းပေးကာ ဤသို့ ပြောသည်။
"ခင်ဗျားဟာ အင်မတန် စိတ်ကောင်းရှိတဲ့ စားပွဲထိုးပဲ။ ခင်ဗျားအပေါ် ကျွန်တော့်တို့ ဘယ်လောက်ပဲ ကျီစယ် ကျီစယ် ခင်ဗျား ဘယ်တော့မှ စိတ်မဆိုးဘူး၊ အဲဒါကြောင့် ဒီနေ့က စပြီး နောက်နောင် ခင်ဗျားကို ကျွန်တော်တို့ မစတော့ဘူး"
"ကျေးဇူးပါပဲ၊ ကျွန်တော်ကလဲ မိတ်ဆွေတို့ရဲ့ ကော်ဖီခွက်ထဲ ဖိနပ်တိုက်ဆေး ထည့်ဖျော်နေတာကို ရပ်လိုက်ပါတော့မယ်"

## ၂၈၇။ အကူမလိုလို့ပါ

"ခင်ဗျားရဲ့ ယောက္ခမကို တရားခံက လည်ညှစ်သတ်နေတာကို ခင်ဗျား မြင်တာ အမှန်ပဲနော်
မှန်ပါတယ် တရားသူကြီးမင်း"
"ဒီလိုဆိုရင် ဘာဖြစ်လို့ ဝင်မကူသလဲ"
"ကျွန်တော် ဝင်ကူမလို့ပါ။ ဒါပေမယ့် လူသတ်သမားဟာ သူတစ်ယောက်တည်းနဲ့ သူ့လုပ်ငန်းကို သူပြီးစီးအောင် လုပ်နိုင်တာ တွေ့တာနဲ့ ဝင်မနှောင့်ယှက်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်"

## ၂၈၈။ ကလဲ့စားအချေခံရမှာ စိုးတယ်

လူငယ်တစ်ယောက်ရဲစခန်းသို ပြေးဝင်လာကာ အမောတကြီး ပြောသည်။
"ကျွန်တော့ကို အချုပ်ခန်းထဲမှာ အခုချက်ချင်း ချုပ်ထားပေးပါခင်ဗျာ။
ခရစ်စမတ်ပွဲအတွက် "ဝယ်လာတဲ့ ငန်းကြီးနဲ့ ယောက္ခမခေါင်းကို ကျွန်တော် ထုမိပါတယ်"
"ခင်ဗျား ယောက္ခမ သေသွားလား"
"မသေလို့ အခုလို ခင်ဗျားကို လာတောင်းပန်နေတာပေါ့"

## ၂၈၉။ မလိမ်နဲ့

ဂျင်မီသည် ရည်းစားဟောင်းနှင့် ချိန်းတွေ့ပြီး မနက် (၄)နာရီတွင် အိမ်သို့ ပြန်လာသည်။ အိမ်ဝင်ဝတွင် ဆေးဖြူသုတ်ထားသော နံရံကို လက်နှစ်ဖက်ဖြင့် ပွတ်သည်။ ထို့နောက် ထိုလက်ဖြင့် နဖူး၊ ကုတ်အင်္ကျီနှင့် ဘောင်းဘီတို့ကို သုတ်သည်။ ဇနီးဖြစ်သူက အိမ်ခန်းတံခါးကို ဖွင့်ပေးသည်။
"မိန်းမရေ၊ မနေ့က ရည်းစားဟောင်းနဲ့ တွေ့လို့ ငါ စိတ်မထိန်းနိုင်ဖြစ်ခဲ့တယ်။ ခွင့်လွှတ်ပါကွ"
"တော်စမ်းပါ၊ ကျွန်မကို လာမလိမ့်ပါနဲ့။ တစ်ညလုံး ဘိလိယက်ကစားလာပြန်ပြီ မဟုတ်လား"

## ၂၉၀။ စောင့်ပါ

စီးပွားရေးသမားသည် သိကြားမင်းကို တိုင်တည်ကာ တစ်ချိန်လုံး ဆုတောင်းသည်။ သိကြားမင်း နားငြီးလာသည်နှင့် ၎င်းအား မေးသည်။
"မင်း ဘာကို လိုချင်လို့လဲ"
"နှစ်ပေါင်းတစ်သန်းဆိုတာ သိကြားမင်းကြီးအတွက် ဘယ်လို အဓိပ္ပာယ်ရှိပါသလဲ"
"'တဒင်္ဂ' လို့ပဲ မှတ်တယ်"
"ဒေါ်လာ (၁) သန်းကကော"
"သဲတစ်ပွင့် လောက်ပဲ တန်းဖိုးရှိတယ်လို့ မှတ်တယ်"
"ဒီလိုဆို ကျွန်တော့ကို သဲတစ်ပွင့် ချီးမြှင့်တော် မူပါ"
"'တဒင်္ဂ' လောက် စောင့်လိုက်အုံး ငါ့သား"

## ၂၉၁။ အိမ်စာ

"ဂျော်နီ တယ်ဟုတ်ပါလား။ ဒီတစ်ခါမှာ ပေးလိုက်တဲ့ လေ့ကျင့်ခန်းတွေကို တစ်ခုမကျန် မှန်အောင် ဖြေခဲ့ပါလား"
"ဖေဖေ၊ အလုပ်ကိစ္စနဲ့ အပြင်ထွက်သွားလို့ပါ"

## ၂၉၂။ လက်တွေ့ပြမယ်

"မင်းရဲ့ နှုတ်ခမ်းမွေးက ရှည်လှချည်းလား။ ထမင်းစားတဲ့အခါ အနှောက်အယှက် မဖြစ်ဘူးလားကွ"
"ဖိတ်ကျွေးကြည့်လေ၊ တွေ့ရမှာပေါ့"

## ၂၉၃။ ရှို့မီး

"အာမခံထားပြီး (၂) ရက်အကြာမှာ လူကြီးမင်းရဲ့အိမ် မီးလောင်သွားတယ်ဆိုတာ သင်္ကာမကင်း ဖြစ်စရာပဲ။ ဒါပေမယ့် လူကြီးမင်းဟာ ဂုဏ်သရေရှိ ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် အာမခံငွေကို ကျွန်တော်တို့ ထုတ်ပေးပါမယ်။ လောင်သွားတဲ့ ပစ္စည်းတွေစာရင်းကို အခု ပြုစုကြရအောင်လားခင်ဗျာ"
"ရေနံဆီ (၁၀) ပုလင်းကို အဲဒီ စာရင်းထဲ ထည့်လို့ ရမလားဟင်"

## ၂၉၄။ တော်လိုက်တဲ့ ဆရာဝန်

"ခင်ဗျားရဲ့ မျက်လုံးကို ကြည့်ခြင်းအားဖြင့် ခင်ဗျားဆီမှာ အဆုတ်အအေးမိတဲ့ရောဂါ၊ ပြီတော့ သွေးအားနည်းတဲ့ ရောဂါဖြစ်နေတယ်လို့ ခန့်မှန်းနိုင်တယ်"
"ဒေါက်တာ ကျွန်မရဲ့ နောက်မျက်လုံးတစ်ခုကို ကြည့်ပေးပါဦး။ အခုမျက်လုံးက မျက်လုံးအတု"

## ၂၉၅။ အစားထိုးပေမယ်

ဆိုင်ရှင်က အရောင်းစာရေးအသစ်ကို မှာကြားနေသည်။
"အရေးအကြီးဆုံးက ဝယ်သူဟာ လက်ချည်းသက်သက် ဆိုင်ထဲက မထွက်သွားစေဖို့ပဲ။ သူလိုချင်တဲ့ ပစ္စည်း ဆိုင်ပေါ်မှာ မရှိရင် ဂိုထောင်ထဲမှာ သွားကြည့်၊ ဂိုထောင်မှာ မရှိရင် တစ်ခုခုကို အစားထိုးပေးကြည့်"
နောက်တစ်နာရီခန့်အကြာတွင် ဝယ်သူတစ်ယောက် ရောက်လာကာ အိမ်သာသုံးစက္ကူ လိုချင်ကြောင်း ပြောသည်။ ဆိုင်ပေါ်တွင် အိမ်သာသုံးစက္ကူ မရှိ၍ အရောင်းစာရေးက ဂိုထောင်ကို ပြေးသည်။ ဂိုထောင်တွင်လည်း ဝယ်သူလိုချင်သည့် ပစ္စည်း မရှိချေ။ သို့ဖြင့် အရောင်းစာရေးက ဤသို့ အကြံပြုသည်။
"အိမ်သာသုံးစက္ကူ တော့ လောလောဆယ် ကုန်နေပါတယ်ခင်ဗျာ။ ဒါပေမယ့် အကောင်းစား သံစားကော်ပတ်တော့ ရှိပါတယ်။ ယူပါလားဟင်"

## ၂၉၆။ ရေချိုးဆိပ်

"ဒီနေရာမှာ ရေကူးလို့ ရမလားဟင်"
"ကျွန်တော်တော့ အကြံမပြုချင်ဘူး။ ဒီမြစ်ထဲကို မိကျောင်းတွေ လာတက်တယ်ဗျ"
"ပင်လယ်ထဲကို မြစ်ရေ စီးဆင်တဲ့ နေရာမှာ ဆိုရင်ကော"
"အဲဒီမှာတော့ ကူးနိုင်တယ်။ ငါးမန်းကို မိကျောင်းတွေက အကြောက်သားကလား"

## ၂၉၇။ ရှာလိုက်ရတာ

လူတစ်ယောက် လမ်းလျှောက်လာသည်။ ရေအိုင်တစ်ခုတွင် အရက်သမားတစ်ယောက် ဟိုစမ်းသည်စမ်းလုပ်နေသည်ကို တွေ့သည်နှင့် မေးသည်။
"ဟေ့လူ ခင်ဗျား ဘာလုပ်နေတာလဲ"
"ရှာနေတာဗျ"
"အတူတူရှာကြရအောင်"
အတူတူရှာကြသည်။ ခဏကြာသော် ဖိုးသမားက ဝမ်းသာအားရပြောသည်။
"တွေ့ပြီ"
"ဘာတွေ့တာလဲ"
"မြစ်ကမ်းကို ရှာတွေ့ပြီ"



BURMESE CLASSIC .com

## ၂၉၈။ ထက်ဝက်ခွဲပေးပါ

ဆံပင်ညှပ်ခံနေသူက ဆံပင်ညှပ်ဆရာကို ပြောသည်။
"ဟိုဘက်သည်ဘက် တစ်ဝက်စီ အတိအကျ ဖြစ်အောင်
ခေါင်းအလည်တည့်တည့်မှာ ခွဲဖီးပေးပါ"
"ဝမ်းနည်းပါတယ်။ မဖြစ်နိုင်ပါဘူး။ မိတ်ဆွေရဲ့ ဆံပင်အရေအတွက်က 'မ'
ဂဏာန်း ဖြစ်နေပါတယ်"

## ၂၉၉။ သတိပေးချင်တယ်

ယောက်ျားက မိန်းမကို မကျေမနပ်ပြောသည်။
"ဟော့ ငါ့ကို အသုံးမကျတဲ့သူလို့ ကလေးတွေ ရှေ့မှာ မပြောနဲ့လို့ ဘယ်နှစ်ခါ မင်းကို
ငါ သတိပေးရမလဲဟင်။"
"ငါနားလည်အောင် အမူအရာနဲ့ပြရင်လဲ ရတာပဲ ဥစ္စာ"

## ၃၀၀။ အသက်ရှည်ချင်ရင် ဆေးလိပ်မသောက်နဲ့

အမေက သားကို ပြောသည်။
"သား ဆေးလိပ်သောက်မယ်ဆိုရင် အသက်ရှည်မှာ မဟုတ်ဘူးကွယ့်"
"သားတို့ ဖိုးဖိုးဟာ ဆေးလိပ်သောက်ပေမယ့် အသက် (၇၀) တောင်ရှိပြီပဲ"
"အေး၊ သူသာ ဆေးလိပ်မသောက်ရင် အခု အသက် (၈၀) လောက် ရှိလောက်ပြီ"

## ၃၀၁။ တိုးတက်တဲ့ခေတ်

"စားသောက်ကုန်တွေကို မကြာမီ တယ်လီဖုန်းက တဆင့် အော်ဒါ လုပ်နိုင်မယ်လို့
ကြားတယ်
ဟုတ်သလား"
"ဟုတ်တယ်။ ဒါပေမယ့် ဒီပစ္စည်းတွေကို ရုပ်မြင်သံကြားက တဆင့်
ထုတ်ပေးမယ်"

## ၃၀၂။ အောင်သွယ်

သတို့သားလောင်းသည် အောင်သွယ်က သတို့သမီးလောင်းအိမ်သို့ ခေါ်လာသည်။ အောင်သွယ်က လူငယ်၏ နားနားသို့ ကပ်ပြီး ပြောသည်။
"အိမ်ကို ဂရုစိုက်ပြီး ကြည့်လိုက်ပါ။ ကြီးကျယ်ခန်းနားတယ်လို့တော့ မပြောနိုင်ပါဘူး။ ဒါပေမယ့် အကောင်းစား ပရိဘောဂ၊ အကောင်းစား ကော်ဇောနဲ့ အကောင်းစား ပန်းချီကားချပ်တွေ ခန်းလုံးပြည့်ပဲ၊ ဒါကို ကြည့်ခြင်းအားဖြင့် ဒီမိသားစုဟာ ကြွယ်ဝချမ်းသာတယ်လို့ အသေအချာ ပြောနိုင်တယ်"
"ဒီပစ္စည်းတွေကို ကျွန်တော် မလာခင် တစ်ယောက်ယောက်ဆီက ခဏ ငှားထားတာကော မဖြစ်နိုင်ဘူးလား"
ဤစကားကို ကြားသောအခါ အောင်သွယ်က စိတ်ဆိုးမာန်ဆိုး တုန့်ပြန်သည်။
"ငှားထားတယ်ဟုတ်လား၊ ဒီလောက် ကြွေးထူတဲ့ ဒီလင်မယားကို ဘယ်သူက ပစ္စည်း ငှားမယ်တဲ့တုန်း"

## ၃၀၃။ သမက်လောင်း

အသက်ထောက်လာပြီဖြစ်သော ကောင်းဘွိုင်တစ်ဦး ဆရာဝန်ဆီ ရောက်လာသည်။
"ဒေါက်တာ၊ ကျွန်တော့် သမက်ကို ကယ်ပါဦး၊ မနေ့က သူ့ခြေထောက်ကို ကျွန်တော် သေနတ်နဲ့ ပစ်မိတယ်"
"ကိုယ့်သမက် အရင်ခေါက်ခေါက်ကို ခင်ဗျားဘာဖြစ်လို့ ပစ်ရတာလဲဗျ"
"ဒီလိုပါ၊ ကျွန်တော်ပစ်တုန်းက ကျွန်တော့် သမီးကို ယူဘို့ သူ သဘောမတူသေးဘူးခင်ဗျ"

## ၃၀၄။ ရေကူးချန်ပီယံ

"ကျွန်တော့် ဦးလေးဟာ ၃– ကီလိုမီတာ အကွာအဝေးကို တစ်နာရီ ဆယ့်ငါးမိနစ်နဲ့ ကူးတယ်။ ပြန်ကူးလာတဲ့ အခါကျတော့ သုံးမိနစ်ပဲ ကြာတယ်"
"အပြန်မှာ ဘာဖြစ်လို့ ဒီလောက်မြန်ရတာလဲ"
"ကမ်းပေါ်မှာ ထားတာတဲ့ သူ့ အဝတ်အစားတွေကို လူတစ်ယောက် ယူပြေးတာ မြင်လို့"

## ၃၀၅။ ကောက်ချက်

"လူလေးယောက်တိုင်းတွင် တစ်ယောက်သည် ဦးနှောက် မကောင်းသူ ဖြစ်လေ့ရှိသည်ကို ဆေးပညာရှင်တို့၏ သုတေသနပြုချက်အရ သိရပါသည်။ ထို့ကြောင့် လူလေးယောက် ဆုံမိသည့်အခါ ကျန်သုံးယောက်ကို အသေအချာ ကြည့်ပါ။ သူတို့ သုံးယောက်စလုံး ဦးနှောက်ကောင်းနေပုံပေါက်လျှင် လိုအပ်သော ကောက်ချက်ကို ဆွဲယူပါ"

## ၃၀၆။ လက်ဖြောင့်တပ်သား

တပ်ရင်းမှူးစခန်းတွင် တယ်လီဖုန်းသံ မည်လာသည်။
ကုန်းလမ်းပို့ဆောင်ရေးဌာနမှ အုပ်ချုပ်ရေး အရာရှိက ဖုန်းဆက်ခြင်းဖြစ်သည်။
"တပ်ရင်းမှူးင်ဗျား၊ စစ်တန်းလျားဘက်ကို အမှတ် ၆– ဘတ်စ်ကား ဖြတ်မောင်းတိုင်း ရဲဘော်တွေ သေနတ်နဲ့ လှမ်းပစ်နေကြတယ်။ အဲဒါ တစ်ခုခု လုပ်မှ ဖြစ်ပါတော့မယ်"
"ထိကောထိရဲ့လားဗျ"
"အခုအချိန်အထိ ခရီးသည်တွေကို မထိသေးပါဘူး။ ဒါပေမယ့် အကြိမ်တိုင်းမှာ ကားဘီးတွေချည်း ပေါက်ကုန်တယ်"
"အဲဒါဆို ကျွန်တော့ အဆောင်တွေ မဖြစ်နိုင်ဘူး။ ဒီကောင်တွေကို ဘယ်လောက်ပဲ သင်တန်းပေးပေး ဘာကိုမှ မပစ်နိုင်ကြသေဘူး"

## ၃၀၇။ စိတ်ပြောင်းမြန်သူ

မိန်းမယူမည့်ဖြစ်၍ အိမ်ထောင်စုကို တင့်တင့်တယ်တယ် ထားနိုင်ရန် မိမိ၏ လက်ရှိလစာကို တိုးပေးရန် ဂျင်မီက ကုမ္ပဏီပိုင်ရှင်ကို မေတ္တာရပ်ခံရာ ပိုင်ရှင်က သဘောတူပြီး လစာ တိုးပေးလိုက်သည်။ တစ်လခန့် ကြာသောအခါ ကုမ္ပဏီပိုင်ရှင်က ဂျင်မီကို မေးသည်။
"မင်းရဲ့ အိမ်ထောင်ရေး အခြေအနေ အဆင်ပြေတယ် မဟုတ်လား ဟေ့"
"ကျွန်တော် အိမ်ထောင် မကျသေးပါဘူး ခင်ဗျာ"
"ဘယ်လို ဘယ်လို၊ မင်းပဲ မိန်းမယူမှာမို့ လစာတိုးပေပါ ပြောလို့ ငါ တိုးပေးခဲ့ပါပကော"
"ဟုတ်ပါတယ်။ လစာတိုး ရပြီးတဲ့နောက် ကျွန်တော် စိတ်ပြောင်းသွားပါတယ်"



BURMESE CLASSIC .com

## ၂၀၈။ အကျိုးမရှိတဲ့ အလုပ်

မိန်းမ – 'ထင်းတွေကို တောထဲ ပို့တယ်' ဆိုတဲ့ စကားဟာ ဘာအဓိပ္ပယ်လဲဟင်
ယောကျ်ား – 'တင်စားတဲ့ စကား၊ အကျိုးမရှိတဲ့ အလုပ်ကို လုပ်တဲ့သဘောပဲ'
မိန်းမ – ' ကျွန်မ သိပ် နားမလည်ဘူး၊ လွယ်လွယ်ဥပမာ တစ်ခု ပေးစမ်းပါ'
ယောကျ်ား – ' စကားပြောနည်း စာအုပ် မင်းကို ငါ လက်ဆောင်ပေးတာနဲ့ အတူတူပဲ၊ ကဲ

## ၂၀၉။ အတွေ့အကြုံနဲ့ ချည်းပဲ

မိမိမောင်းလာသော ကားကို တိုက်မိတော့မလို ဖြစ်သွားသော လူကြီးကို ကားမောင်းသူ လူငယ်က ပြောသည်။
"ခင်ဗျားကြီး နမော်နမဲ့ နိုင်လို့ အခု မတိုက်ရုံတမယ် ဖြစ်ရတာ၊ ကျွန်တော် ကားမောင်းနေတာ ဆယ်နှစ်ရှိပြီ။ ဒီလို အဖြစ်မျိုးနဲ့ တစ်ခါမှ မကြုံဘူးသေးဘူး"
"ငါကလဲ အပျံသင်စငှက် မဟုတ်ဘူး ကိုယ့်လူ။ လမ်းလျှောက်နေတာ နှစ် ၅၀ ရှိပြီ"

## ၂၁၀။ ချောက်ချတဲ့ ကောင်လေး

ချာတိတ်တစ်ယောက် ရဲသားထံ ပြေးလာသည်။
"ဦးလေး ကျွန်တော့်နောက် အမြန်လိုက်ခဲ့ပါ"
"ဘာဖြစ်လို့လဲ"
"ကျွန်တော်တို့ရဲ့ ကျောင်းအုပ်ဆရာကြီး ကားမရပ်ရတဲ့နေရာမှာ သူ့ကားကို ရပ်ထားတာ ပြမလို့"

## ၂၁၁။ သတိထားမှပေါ့

ဘတ်စ်ကားပေါ်တက်လာသော ကျောင်းသားတစ်စု ဆူဆူညံညံနှင့် စကားပြောကြရာ ခရီးသည် အမျိုးသမီးကြီးတစ်ဦးက သတိပေးသည်။
"ဟေ့၊ ဒါ စာသင်ခန်းမဟုတ်ဘူး၊ သတိထားကြမှပေါ့"

## ၃၁၂။ မြွေမြွေချင်း ခြေမြင်

အလစ်သုတ်သမားနှစ်ယောက် မြစ်ကမ်းဘေးတွင် ထိုင်နေကြသည်။
"မင်း၊ ဒီနေ့ ပျော်ပွဲစားရုံမှာ ထမင်းစားခဲ့တယ်ထင်တယ်"
"ဟုတ်တယ်၊ ဒါနဲ့ မင်း ဘယ်လိုလုပ် သိသလဲ"
"မင်းကိုယ်ပေါ်က မိုးကာအသစ်ကို ကြည့်ပြီး သိတာပေါ့ကွ"

## ၃၁၃။ ကျွန်တော့ကို ယုံပါ

"ကိုင်း၊ ရှေ့နေမင်း၊ လျှောက်လဲချက်ကို အတိုချုံးပါ၊ ခင်ဗျား အမှုသည်က သူပြစ်ကမှု ကျူးလွန်ခဲ့ကြောင်း အပြည့်အဝ ဝန်ခံပြီးပြီပဲ"
"တရားသူကြီးမင်းခင်ဗျာ။ သူ့ကို ကျွန်တော့ထက် ပိုယုံတယ်လို့ ဆိုချင်တာလား ခင်ဗျာ"

## ၃၁၄။ အနွေးဓာတ်နှင့် အလင်းရောင်

"ရင့်ကျက်သော အမျိုးသမီး တစ်ဦးသည် သင်၏ ဘဝထဲသို့ အနွေးဓာတ်နှင့် အလင်းရောင်ကို ယူဆောင်လာရန် အသင့်ရှိပါသည် ဆိုပြီး မာဂျရီက သတင်းစာထဲ ကြော်ငြာထည့်သတဲ့။"
"ဟုတ်လား၊ ကမ်းလှမ်းချက်တွေ အများကြီး လာမှာပေါ့"
"ဟင့်အင်း၊ မြို့နယ် လျှပ်စစ်ရုံးကပဲ ကမ်းလှမ်းချက်လာတယ်"

## ၃၁၅။ မငိုပါနဲ့

"ဒီလောက်အထိ ငိုမနေပါနဲ့ကွာ၊ မင်း ပင်ပန်းပါတယ်"
"ရှင့်နဲ့ ကျွန်မ လက်ထပ်မှာကို ကျွန်မ မိဘတွေ သဘောမတူဘူးတဲ့"
"ဟုတ်ပါတယ်၊ ငါသိပါတယ်။ ဝမ်းနည်းမနေပါနဲ့။
ငါနောက်တစ်ယောက်ထပ်ရှာမှာပေါ့"

## ၃၁၆။ ခေတ်လူငယ်

"အခုခေတ် လူငယ်တွေ ဝတ်စားဆင်ယင်ပုံကို ကြည့်ရတာ မျက်စိနောက်လှတယ်။ ဆံပင်တိုတွေနဲ့ အားလုံး ဘောင်းဘီရှည် တွေ ဝတ်လို့။ ဘယ်ဟာ မိန်းမ၊ ဘယ်ဟာ ယောကျ်ားဆိုတာတောင် ခွဲခြားရခက်တယ်။ ဟိုနားက 'ဘဲ'ကိုပဲ ကြည့်"
"အဲဒါ ကျုပ်သမီး"
"ဟုတ်လား၊ ဆောရီးပဲ။ ကျွန်မက ရှင်သူ့အဖေမှန်းမသိလို့"
"အဖေ ဟုတ်လား၊ အမေရှင့် အမေ"

## ၃၁၇။ ကိုယ်စောင့်နတ်

အကြိမ်ကြိမ်ကြိုးစားပြီးနောက် ကားမောင်းလိုင်စင်ရလာသော ဂျက်ဖရီသည် မိမိနှင့်အတူ ကားလိုက်စီးကြရန် အချစ်ဆုံးသူငယ်ချင်းသုံးဦးအား ဖိတ်ခေါ်သည်။ သိပ်လည်း မကျွမ်းကျင်သေးပဲနှင့် ကားကို အရှိန် မြှင့်မောင်းသည် ကို ကြည့်၍ သူငယ်ချင်းတစ်ယောက် ရင်တုန်ပန်းတုန် ဖြစ်ကာ ကားကို အတင်း ရပ်ခိုင်းပြီး ကားပေါ်မှ ဆင်းသည်။ မကြာမီ နောက်နှစ်ယောက်လည်း ကြောက်ကြောက်လန့်လန့်နှင့် ဆင်းကြပြန်သည်။
"သူရဲဘောကြောင်တဲ့ ငနဲတွေပဲ၊ သွားကြစမ်းပါစေ။ သူတို့ မပါလဲ ဘာဖြစ်လဲ။ ငါ့ကိုယ်စောင့်နတ်က ငါ့ကို အမြဲတမ်း ကာကွယ်ပေးမှာပဲ"
ဟု တစ်ဦးတည်း ရေရွတ်ကာ ကားကို ဆက်မောင်းသည်။ မကြာမီ မိမိ၏ပခုံးကို တစ်စုံတစ်ယောက်က ပုတ်လိုက်သလို ဂျက်ဖရီ ခံစားရသည်။ တစ်ဆက်တည်း စကားပြောသံလည်း ကြားလိုက်ရသည်။
"ကျုပ်ဟာ ခင်ဗျားရဲ့ ကိုယ်စောင့်နတ်ပဲ၊ ကျုပ်လဲ ကားပေါ်က ဆင်းပါရစေ"

## ၃၁၈။ အထင်မှားလို့ အသားနာရတယ်

အသက် ၄၀နား ကပ်နေပြီး ဖြစ်သော်လည်း အခုထိ အိမ်ထောင်မပြုသေးသည့် မစ္စတာအန်ထော်နီသည် မျက်လုံးအောက်တွင် ညိုမဲသော ဒဏ်ရာဖြင့် ရုံးသို့ ရောက်လာသည်။ ရုံးသူရုံးသားများက အကြောင်းရင်းကို ဝိုင်းမေးကြသည်။
"ကျွန်တော် ပြောပြတာကို ခင်ဗျားတို့ ယုံချင်မှ ယုံကြမယ်။ ဒီနေ့ မနက် အိပ်ရာထ နောက်ကျသွားတယ်။ ရုံးကို အချိန်မီ ရောက်အောင် အဝတ်အစား ကမန်းကတန်းဝတ်တယ်။ အဲဒီမှာတင် ဘောင်းဘီက ဒုက္ခပေးတော့တယ်။ အတင်းဆွဲဝတ်ရင်းနဲ့ ရှေ့ကြယ်သီး သုံးလုံးစလုံး ပြုတ်ထွက်သွားတယ်။ အဲဒါနဲ့

ဘောင်းဘီကို ဝတ်ထားရက်တန်းလန်းနဲ့ ဘေးအိမ်က မေရီကို ကြယ်သီး ပြန်တပ်ပေးဘို့ အကူအညီ တောင်းတယ်"

"ဆက်မပြောနဲ့တော့ ကျုပ်တို့ သဘောပေါက်ပြီး၊ ကြယ်သီးပြုတ်နေတဲ့ ဘောင်းဘီကို ကြည့်ပြီး သူ့ကို လာစော်ကားတယ်လို့ မေရီက ယူဆပြီး ခင်ဗျားကို ဆော်ပလော်တီးလိုက်တယ်။ ဟုတ်တယ် မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်တော့ စကားကို ဆုံးအောင် နားထောင်ကြပါအုံး၊ ကျွန်တော် ရိုးရိုးသားသား အကူအညီ တောင်းတယ်ဆိုတာ မေရီက နားလည်ပါတယ်။ ဒါကြောင့် မငြင်းဆန်ဘဲ ကြယ်သီးတပ်ပေးတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ သူ့ဆီမှာ ကပ်ကြေးမရှိဘူး။ ကြယ်သီးတပ်ပေးပြီး ထွက်နေတဲ့ အပ်ချည်ကို ပါးစပ်နဲ့ ကိုက်ဖြတ်ပေးချိန်မှာ အခန်းထဲကို သူ့ယောကျ်ား ဝင်လာတယ်ဗျာ"

## ၃၁၉။ တစ်မျိုးမထင်ပါနဲ့

ည ၁၂- ခန့်တွင် လူငယ်သည် မြို့ပတ်ရထားပေါ်မှ ဆင်းကာ မိမိ၏ အိမ်ရှိရာဘက်သို့ ခပ်သုတ်သုတ် လျှောက်သည်။ ပိန်းပိတ်အောင် မှောင်သော ညဖြစ်၍ လမ်းတွင် လူသူမရှိချေ။ လူငယ်သည် လျှောက်နေရင်းနှင့် မိမိနောက်မှ တစ်စုံတစ်ဦး လိုက်လာကြောင်း ခံစားမိသည်။ ထို့ကြောင့် ခြေလှမ်းကို အရင်ကထက် ပိုမြန်အောင် လှမ်းသည်။ နောက်လူကလည်း ထပ်ချပ်မကွာ လိုက်သည်။ တစ်နေရာတွင် လူငယ်သည် သတ္တိကို မွေးကာ နောက်ပြန်လှည့်ပြီး ကြောသည်။

"ဟေ့ လူ၊ ခင်ဗျား ကျုပ်နောက်ကို ဘာလို့ လိုက်နေတာလဲ။ ကျုပ်ဆီက ဘာလိုချင်လို့လဲ"

"ဘယ်လိုမှ မအောင်းမေ့ပါနဲ့ ခင်ဗျား၊ ကျွန်တော်က မစ္စတာဘရောင်းတို့ အိမ်ကို သွားမလို့ပါ။ မစ္စတာဘရောင်းတို့ အိမ်ဟာ မိတ်ဆွေအိမ်နဲ့ ကပ်လျက်ဘဲ။ အဲဒါကြောင့် မိတ်ဆွေနောက်ကိုသာ လိုက်သွား၊ မမှားနိုင်ဘူးလို့ ဘူတာက အလုပ်သမားတွေ အကြံ ပေးလိုက်တာနဲ့ အခုလို ထပ်ချပ်လိုက်နေရတာပါ"

## ၃၂၀။ ကွာရှင်းချင်တာ ကြာပြီ

အဖိုးကြီးနှင့် အဖွားကြီး လင်မယားနှစ်ယောက် နှစ်ဦးသဘောတူကွာရှင်းလိုကြောင်း တရားရုံးသို့ လျှောက်လွှာတင်သည်။ အဖိုးကြီးမှာ အသက် ၁၁၅ နှစ်၊ အဖွားကြီးမှာ အသက် ၁၀၀ ရှိကြပြီး ဖြစ်သည်။ တရားသူကြီး အဖိုးကြီးကို မေးသည်။

"အဖိုး၊ ဘာဖြစ်လို့ ကွာရှင်းချင်ရတာလဲ"
"ဒီ ဆံဖြူ သွားကျိုးမဟာ ကျုပ်ကို တစ်သက်လုံး သစ္စာဖောက်ခဲ့တယ်၊ ကျုပ်ကို မချစ်ခဲ့ဘူး။ အိပ်ရာထဲကို ကော်ဖီ ယူမလာဘူး"
"အဖွားကရော၊ ဘာဖြစ်လို့ ကွာရှင်းချင်ရတာလဲ"
"ဒီသေနာကြီးဟာ ကျုပ်ကို ၁၅–နှစ် သမီးအရွယ်မှာ အဓမ္မ ကျင့်ခဲ့တယ်။ တစ်သက်လုံး ထမီမြင်ရင် ငန်းငန်းတက် ဖြစ်တယ်။ သစ္စာမဲ့တယ်။ "
တရားသူကြီးက နှစ်ယောက်စလုံးကို မေးသည်။
"ဒါဖြင့်ရင် ဘာဖြစ်လို့ စောစောက မလာသလဲ"
"သားသမီးတွေ သေကုန်တဲ့အထိ စောင့်နေရသေးတယ်"

## ၃၂၁။ ကွဲသွားမှဖြင့်

"အဖေ၊ ညီမလေးကို ချီရတာ ပင်ပန်းလှပြီ၊ အဖေ့ဆီက ပုလင်းတွေ ထည့်ထားတဲ့ အိတ်ကိုပဲ ဆွဲပါရစေ"
"ဖြစ်ပါ့မလားကွ၊ မင်းလက်ထဲက လွတ်ကျသွားရင် ဘယ့်နှယ့်လုပ်မလဲ"

## ၃၂၂။ မဆိုင်သူ မထိုင်ရ

အိမ်ထောင် ပရိဘောဂဆိုင်တွင်ဖြစ်သည်။
"မနေ့က ခင်ဗျားတို့ ဆိုင်က ကျွန်တော် ပက်လက်ကုလားထိုင် ဝယ်သွားတယ်။ ဒီနေ့ အပိုင်းပိုင်းကျိုးသွားပြီး "
" ဟုတ်လား။ တစ်ယောက်ယောက် ဝင်ထိုင်လိုက်လို့ ထင်တယ်"

## ၃၂၃။ မနက်ဖြန်အထိ စောင့်ပါ

တက္ကဆပ်ပြည်နယ် လက်နက်များ ရောင်းသည့် ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်လာကာ မိမိအား ခြောက်လုံးပြူးတစ်လက်ရောင်းရန် ပြောသည်။
" ဘာရည်ရွယ်ချက်နဲ့များ မိတ်ဆွေ ခြောက်လုံးပြူးကို ဝယ်လိုတာလဲခင်ဗျာ"
" ကျုပ်ရဲ့ အိမ်နီးချင်းကို ပစ်သတ်ချင်လို့"
" မိတ်ဆွေ စိတ်မဆိုးဘူးဆိုရင် အကြံတစ်ခုပေးပါရစေ။ ဒီကိစ္စကို မနက်ဖန်အထိ စောင့်စေချင်တယ်။ ကနေ့ မိတ်ဆွေကို ကြည့်ရတာ စိတ်လှုပ်ရှားနေပုံရတယ်။ ဒါကြောင့် ကနေ့ပစ်ရင် လွဲသွားနိုင်ပါတယ် "

## ၃၂၄။ စဉ်းစားပါရစေ

" မေရီ၊ မင်းသာကိုယ့်ကို မချစ်နိုင်ဘူးလို့ ငြင်းလိုက်ရင် ကိုယ် ရထားအကြိတ်ခံဘို့ ဆုံးဖြတ်ထားတယ်"
" နောက်ထပ်စဉ်းစားခွင့် ပေးပါအုံး၊ နောက်ရထားဟာ မနက်ဖန်မှ လာမယ့် ဥစ္စာပဲ"

## ၃၂၅။ ဒါကြောင့်ကိုး

ရပ်ဝေးမှ လာသော ဧည့်သည်က ဒေသခံကို တစ်ယောက်ကို မေးသည်။
" ဒီအရပ်မှာ ရာသီဥတု ကောင်းသလားဗျာ"
" သိပ်ကောင်းတာပေါ့၊ ကျွန်တော့်ကိုပဲ ကြည့်၊ ကျွန်တော့်ကို ပထမဦးဆုံး ဒီကိုခေါ်လာတုန်းက ကျွန်တော်ဟာ စကားတစ်ခွန်းမှ မပြောနိုင်ဘူး။ သွားလည်းတစ်ချောင်းမှ မရှိဘူး။ တွားသွားဘို့တောင် အားမရှိဖြစ်ခဲ့တယ်။ အခုတော့ မိတ်ဆွေတွေ့တဲ့ အတိုင်းပဲ။ ကျွန်တော်ဟာ ဗလကောင်းတဲ့ လူ ဖြစ်နေပြီလေ"
" အံ့ဩစရာပါပဲ။ ဒါနဲ့ ခင်ဗျား ဒီအရပ်ကို ရောက်တာ ကြာပြီလား"
" ကျွန်တော် ဒီအရပ်မှာ မွေးတာလေ"

## ၃၂၆။ စီးပွားရေး

"တကယ့်ကို အားကျစရာပါလား။ လွန်ခဲ့တဲ့ ၆-လကမှ ခင်ဗျား စီးပွားရေး စလုပ်ခဲ့တယ်။ အခု ဒေါ်လာ ၁-သန်းရှိနေပြီး၊ ဘယ်လိုလုပ် အောင်မြင်နေရသလဲဗျ"
"ရှင်းရှင်းလေပဲ။ ကျွန်တော် မတည်ငွေက ဒေါ်လာ ၂- သန်းလေ"

## ၃၂၇။ ဝမ်းသာလွန်းလို့

ယောက်ျားနှင့် စကားများပြီး မိန်းမအိမ်ပေါ်မှ ဆင်းကာ အမေ့ထံ ပြန်လာသည်။
မေမေ၊ ကျွန်မအိမ်ပေါ်က အဆင်းမှာ အိမ်ထဲက သေနတ်သံလိုလို
ကြားလိုက်ရတယ်။ သူ ကိုယ့်ကိုယ်ကို သတ်သေတာများ ဖြစ်နေမလားဟင်
မေမေ အထင်တော့ သူ ရှိန်ပိန်ပုလင်း ဖွင့်တာ ဖြစ်လိမ်မယ့်

## ၃၂၈။ နည်းနည်း စောင့်လိုက်မယ်

"ခင်ဗျားလို အသက် ၇၀– အရွယ် အဖိုးကြီးက အသက် ၂၀– အရွယ်
အမျိုးသမီးနဲ့ လက်ထပ်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ခင်ဗျားအတွက်
ကောင်မလေးဟာ အများကြီး အသက်ငယ်နေမှာပေါ့"
"ခင်ဗျား ပြောတာဟုတ်တယ်။ ကျုပ် နောက် ၂–နှစ်လောက် စောင့်လိုက်အုံးမယ်"

## ၃၂၉။ မထင်ပါဘူး

"ကျွန်တော့ကို ငထုံအေလို့ မိတ်ဆွေ ယူဆတယ်ပေါ့လေ၊ ဟုတ်လား"
"မဟုတ်တာ၊ ကျုပ်က လူတစ်ယောက်ကို တစ်ခါ တွေ့ရုံနဲ့ ဘယ်တော့မှ
ဆုံးဖြတ်ချက် မချတက်ပါဘူး"

## ၃၃၀။ ယင်ကောင်ကို မလိမ်နဲ့

"ကြည့်စမ်း၊ မင်းအနားမှာ ဒီယင်ကောင်ပဲ တစ်ချိန်လုံး ရစ်သီရစ်သီ
လုပ်နေပါလား"
"ဘာလဲ၊ ငါ့ကိုယ်က ချီးစော်နံတယ်လို့ မင်းပြောချင်တာလား"
"ငါဒီလို မပြောပါလား။ ဒါပေမယ့် ယင်ကောင်ကို လိမ်လို့တော့ မရဘူးလေ"

### ၃၃၁။ ကားပေါ်မှာ

ဘတ်စ်ကားပေါ်တွင် ဖြစ်သည်။
"ခင်ဗျား ရှေ့မှတ်တိုင်မှာ ဆင်းမလားဟင်"
"ဟုတ်ကဲ့"
"ခင်ဗျားရှေ့က လူတွေကရော"
"သူတို့လည်း ဆင်းမယ်"
"ခင်ဗျား သူတို့ကို မေးသေးလား"
"မေးတယ်"
"သူတို့ ဘာဖြေလဲဟင်"

### ၃၃၂။ ကားသုံးစီးရှိမှ စိတ်ချရတယ်

ခေတ်ပေါ်ရှုရှား သူဌေးတစ်ယောက် မော်တော်ကား အရောင်းဌာနသို့ ရောက်လာကာ မာစီးဒီးကားကို အချိန်အတန်ကြာ အနီးကပ်ကြည့်နေသည်။ ထို့နောက် ဘာမပြော ညာမပြော နှင့် ရုရှားလုပ် 'လာဒါ' မော်တော်ကား သုံးစင်းကို ဝယ်လိုက်သည်။ ဆိုင်ရှင်က စိတ်ဝင်စားသဖြင့် မေးရာ သူဌေးလေးက ဤသို့ ဖြေသည်။
"ရှင်းရှင်းလေးပဲ။ ဒီပိုက်ဆံနဲ့ တစ်စီးအစား ကျွန်တော် သုံးစီးရလိုက်တယ်။ ဒီသုံးစီးအနက်တစ်စီးကို အမြဲတန်း အသုံးပြုနိုင်မယ်။ တစ်စီးစာ ဝပ်ရှော့မှာ ရှိနေမယ်။ နောက်တစ်စီးကတော့ ပျောက်ဆုံးတဲ့ စာရင်းထဲမှာ ရှိနေမယ်လေ"

### ၃၃၃။ ပြည့်ဝလိုသော ဆန္ဒ

မိမိ၏ အမြင့်ဆုံး ဘဝရည်မှန်းချက် အဘယ်နည်းဟု အသက်ထောက်လာပြီ ဖြစ်သော စားပွဲထိုးကို မေးရာ ၎င်းက ဤသို့ ဖြေသည်။
"ဧည့်သည်တွေ အားလုံး ကိုယ့်အိမ်မှာပဲ ကိုယ်စားကြပြီး ဘောက်ဆူးပိုက်ဆံကို စာတိုက်က တစ်ဆင့် ကျွန်တော့ဆီ ပို့ပေးကြဘို့ပါဘဲ"

## ၃၃၄။ ပြောင်းမပြောနဲ့

"အချစ်ရယ်၊ မင်းရဲ့ အသက်ဘယ်လောက်လဲလို့ မေးလာတိုင်း သူတိုင်းကို ၃၀– နှစ်ပါလို့ ဖြေလာခဲ့တာ ၁၀– နှစ်တောင် ရှိပြီ၊ အဲဒီလိုပဲ ဆက်ပြီး ဖြေရမှာ ရှက်တောင် ရှက်လှပြီ"

"ဘာရှက်စရာရှိသလဲ၊ ရှင်ဟာစကားကို တစ်နေ့တစ်မျိုး ပြောတက်တဲ့လူ မဟုတ်ဘူးဆိုတာ အားလုံးသိကြပစေပေါ့"

## ၃၃၅။ ဖြေးဖြေးပေါ့

သွားကုခန်းတွင်ဖြစ်သည်။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ တခြားသွားကို နှုတ်ရမှာဗျ"

"စိတ်အေးအေးထားစမ်းပါ၊ အဲဒီသွားဆီကို တဖြေးဖြေး ရောက်လာမှာပေါ့"

## ၃၃၆။ ဒုက္ခိတကြက်

"ဟေ့ ဘွိုင်၊ ခင်ဗျားယူလာခဲ့တဲ့ ကြက်က ခြေတစ်ဘက် တိုနေပါလား"

"မိတ်ဆွေစားဘို့လား။ ဒါမှမဟုတ် သူနဲ့ တွဲကဘို့ အတွက် ကြက်ကင်ကို အော်ဒါပေးတာလားခင်ဗျ"

## ၃၃၇။ တွေ့သွားလို့ မဖြစ်ဘူး

ဖိတ်ကြားထားသော ဧည့်သည်များ ရောက်မလာမီ ယောကျ်ားဖြစ်သူ စာအုပ်အချို့ကို ဝှက်သည်။ မိန်းမက အံ့သြစွာမေးသည်။

"ရှင်ဘာဖြစ်လို့ စာအုပ်တွေကို ဝှက်နေရတာလဲ၊ ဧည့်သည်တွေ ခိုးသွားမှာကို စိုးရိမ်လို့လား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီစာအုပ်တွေကို တွေ့သွားရင် ပျောက်နေတဲ့ သူတို့ရဲ့ စာအုပ်တွေဆိုတာ သိသွားနိုင်တယ်လေ"

## ၃၃၈။ ငါ့လိုလုပ်

အမျိုးသမီးငယ်တစ်ဦးသည် မော်တော်ကားကို အရှိတ်ပြင်းစွာဖြင့် မောင်းနှင်လာသည်။ ဘေးတွင် ထိုင်နေသော သူငယ်ချင်းမက ပြောသည်။
"ယူ အရှိန်ကို နည်းနည်း လျှော့လိုက်လို့ မရဘူးလား။ အိုင့်မျက်လုံးတွေ ဝေကုန်ပြီ"
"အိုင်လုပ်သလို လိုက်လုပ်လေ"
"ဘာလုပ်ရမှာလဲ"
"မျက်စိကို ပိတ်ထားလိုက်"

## ၃၃၉။ အဖြေ

"အင်္ကျီအသစ် ဝယ်ပေးပါလို့ ရှင့်ကို ကျွန်မ ပြောတိုင်း အမြဲတန်း အဖြေတစ်မျိုးတည်းပဲ ရတယ်"
"မင်းရဲ့ ဆန္ဒကလဲ ပြောင်းမှ မပြောင်းပဲကိုးကွ"

## ၃၄၀။ ကွာခြားချက်

မေးခွန်း – စစ်သားကို သံတမန်မှ လည်းကောင်း၊ အပျိုမမှ လည်းကောင်း၊ မိုးလေဝသဝန်ထမ်းမှ လည်းကောင်း၊ ၎င်းတို့၏ စဉ်းစားတွေးခေါ်ပုံအရ ခွဲခြားပြပါ။
အဖြေ – စစ်သားက yes ဟု ပြောလျှင် yes ဟု အဓိပ္ပာယ်ရသည်။ စစ်သားက no ဟု ပြောလျှင် no ဟုပင် အဓိပ္ပာယ်ရသသည်။ အကယ်၍ စစ်သားက maybe ဟု ပြောလာလျှင် ၎င်းသည် စစ်သားမဟုတ်၊ သံတမန်က yes ဟု ပြောလျှင် yes ဟု အဓိပ္ပာယ်ရသည်။ အကယ်၍ ၎င်းက may be ဟုပြောလျှင် no ဟု ဆိုလိုသည်။ အကယ်၍ သံတမန်က no ဟု ပြောလျှင် ၎င်းသည် သံတမန်မဟုတ်။ အမျိုးမက no ဟုပြောလျှင် no ဟုပင် သဘောပေါက်ပါ။ အကယ်၍ may be ဟုပြောလျှင် yes ဟု အဓိပ္ပါယ်ရသည်။ အကယ်၍သူမက yes ဟု ပြောလာလျှင် ၎င်းသည် အပျိုစင် မဟုတ်တော့။ မိုးလေဝသ ဝန်ထမ်းက yes ဟု ပြောလျှင် no ဟု အဓိပ္ပါယ်ရသည်။ no ဟု သူပြောလျှင် yes ဟု အဓိပ္ပါယ်ရသည်။ အကယ်၍ ၎င်းက may be ဟု ပြောလျှင် ၎င်းသည် မိုးလေဝသသမား မဟုတ်ပါ။

## ၃၄၁။ ပထမရသူ

ရေချိန်ကိုက်ပြီး ပြန်လာသော ယောက်ျားက မိန်းမကို လှမ်းပြောသည်။
"ဒါလင်ရေ၊ ဒီနေ့ ကလပ်မှာ အရက်သောက်ပြိုင်ပွဲ ကျင်းပလို့ပါကွာ"
"ဟုတ်လား။ ဘယ်သူ ဒုတိယ ရသလဲ"

## ၃၄၂။ လေးစားမှုဆေါ့

ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦး စိတ်ရောဂါကု ဆေးရုံသို့ ရောက်လာကာ ဆေးရုံဝန်ထမ်းများကို မိန့်ခွန်းချွေသည်။ မိန့်ခွန်းပြောအပြီးတွင် လေကောင်းလေသန့် ရှုရန် ၊ ဆေးရုံဝင်းရှိ ပန်းခြံဘက် ထွက်သည်။ ဤတွင် စိတ်မနှံ့သူတစ်ဦး၊ တုတ်ချောင်းကိုင်လျက် ၎င်းဆီ ရှေးရှုပြေးလာသည် တွေ့ရသည်။ အခြေအနေ မဟန်တော့ဟု အရာရှိကြီး တွေးမိလိုက်သည်။ လူနာသည် ခေါက်ကုလားထိုင်ကို အရာရှိကြီးရှေ့တွင် ဖြန့်ခင်းလိုက်ကာ၊ 'ထိုင်ပါ' ဟု ပြောသည်။ အရာရှိကြီး အံ့သြသွားသည်။ သို့သော် ဘာမှ ပြန်မပြောဘဲ ထိုင်လိုက်သည်။ နောက်အနှစ်ငယ်အကြာတွင် ဖော်ပြပါ ဆေးရုံကို စစ်ဆေးရန် ၎င်းရောက်လာပြန်သည်။ လိုအပ်သော စစ်ဆေးမှုများ ပြီးစီးသောအခါ ယခင်က အတိုင်း ပန်းခြံဘက်ထွက်သည်။ ယခင်ကအတိုင်းပင် လူနာတစ်ယောက် တုတ်ချောင်းကိုင်လျက် ၎င်းဆီ ပြေးလာသည်ကို တွေ့ရပြန်သည်။ ဟိုတစ်ခါကလိုပဲ ထိုင်ခိုင်းအုံးမှာပဲဟု ယူဆကာ ထိုင်ရန် ပြင်ထားသည်။ သို့သော် စိတ်မနှံ့သူက ယူလာသော တုတ်ချောင်းဖြင့် အရာရှိကြီး၏ ခေါင်းကို ရိုက်သည်။
"ဘာဖြစ်လို့ ရိုက်တာလဲဗျ"
"ဟိုတစ်ခေါက်က ဘာဖြစ်လို့ ကျေးဇူးတင်စကား မပြောတာလဲ"

## ၃၄၃။ သူတို့ကိုပဲ ရှာပေး

ရဲစခန်းတွင် ဖြစ်သည်။
"ရဲမှူးကြီးရှင့်၊ ကျွန်မကို လူ ၁၃– ယောက်က အဓမ္မကျင့်သွားပါတယ်"
"စိတ်မပူပါနဲ့၊ ဒီကောင်တွေအားလုံးကို ကျွန်တော်တို့ တွေ့အောင် ရှာပေးပါ့မယ်"
"ဟင့်အင်း၊ ကျွန်မ စိတ်ဝင်စားတာက နံပါတ ၅ ၊ ၆ နဲ့ ၁၁ ယောက်မြောက် ယောက်ျားတွေပဲ ဖြစ်ပါတယ်"



BURMESE CLASSIC .com

၃၄၄။ ကြော်ငြာ

"ကျွန်တော့အား မိန်းမဖြစ်သူ ပစ်သွားပါ၍ ထိုးလက်စ သိုးမွေးဆွယ်တာကို ပြီးအောင် ဆက်ထိုးပေးနိုင်မည့် သတို့သမီးလောင်းကို ရှာနေပါသည်"

၃၄၅။ လူပျင်း

တစ်ရွာလုံးတွင် ငပျင်းဟု နာမည်ကြီးသည့် မောင်ခွေးကို ဝိုင်းမေးကြသည်။
"ဟေ့ ကောင်၊ မင်းဘာဖြစ်လို့ ထိုင်ပြီး ထင်းခွဲနေတာလဲကွ"
"ကျွန်တော် အိပ်ပြီး ခွဲကြည့်သေးတယ်။ အဆင်မပြေဘူး"

၃၄၆။ နားပိတ်ထား

အမဲလိုက်မုဆိုးကို တွေ့ရသဖြင့် အမေဖြစ်သူ ယုန်မက ယုန်ကလေးများကို ပြောသည်။
"နားတွေ ပိတ်ထားကြ၊ အခုသူပစ်မယ်၊ လွဲမယ်၊ အဲဒီအခါ သူ့ရဲ့ ဆဲသံ၊ ဆိုသံတွေ မိုးလုံးမွှန်သွားလိမ့်မယ်"

၃၄၇။ ပိုနီးတယ်

"လမင်းနဲ့ အာဖရိကတိုက် ဘယ်ဟာက တို့နဲ့ ပိုနီးသလဲ"
"လမင်းပေါ့"
"ဘာဖြစ်လို့လဲ"
"ဒီကနေ့ ကြည့်လိုက်ရင်၊ လမင်းကို မြင်ရတယ်၊ အာဖရိက တိုက်က မမြင်ရဘူး"



BURMESE CLASSIC .com

## ၃၄၈။ လူတော သူတောထဲ သွားနိုင်သေးတယ်

သူငယ်ချင်းမ သုံးယောက် စကားပြောနေကြသည်။
"ငါ့ကို ယောကျ်ားက ကာလာတီဗွီတစ်လုံးဝယ်ပေးတယ်။ အိမ်မှာ ထိုင်ပြီး ကြိုက်တဲ့ အစီအစဉ် ရွေးကြည့်ရုံပဲ"
"ငါ့ကိုတော့ ယောကျ်ားက ဗွီဒီယိုစက် ဝယ်ပေးတယ် ဘယ်ကိုမှ သွားစရာလိုတော့ဘူး၊ ကြည့်ချင်တဲ့ ကားကြည့်ရုံပဲ"
"မင်းကိုရော မင်းယောကျ်ားက ဘာဝယ်ပေးသလဲ"
တတိယအမျိုးသမီးကို ဝိုင်းမေးကြသည်။
"ဘာမှ ဝယ်မပေးဘူး၊ ငါနဲ့အတူ ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံတို့ကို သွားလို့ ရသေးတယ်လို့ ယောကျ်ားက ပြောတယ်"

## ၃၄၉။ ကိုယ်တိုင်လဲ အံ့သြနေတယ်

မကြာမီက ပြုလုပ်တဲ့ အာမေးနီးယား ဝိုင်အရက်များ ပြပွဲမှာ ၁၉၅၆ ခုနှစ်ထုတ် ဝိုင်က "ပထမဆုရပြီး၊ သူ့ထက် ပိုစောတဲ့ ၁၉၄၈ ခုနှစ်ထုတ်ဝိုင်းက ဘာဖြစ်လို့ ပဥ္စမဘဲ ရတာလဲ"
"ကျွန်တော်တို့ ကိုယ်တိုင်လဲ အံ့သြနေတယ်။ စည်တစ်ခုတည်းက လောင်းထည့်တာပဲ"

## ၃၅၀။ မကြောက်ပါဘူး

ထီးဖွင့်ပြီး ရပ်နေသော အစောင့်တပ်သားကို မြင်သဖြင့် စစ်အရာရှိကြီးက ပြောသည်။
"ငါ့ရဲ့ လုပ်သက်တစ်လျှောက်လုံးမှာ မိုးကို ကြောက်တက်တဲ့ စစ်သားဆိုလို့ ဒီတစ်ခါပဲ မြင်ဘူးတယ်"
"ကျွန်တော် မကြောက်ပါဘူး၊ ထီးရှိနေတာပဲ"

## ၃၅၁။ ကုန်ပါပြီ

ယောက်ျားကြီးတစ်ယောက် အရက်ခိုးချက်က်သည်။ အရက်ကို ၅ လီတာ ပုလင်းထဲ ထည့်သည်။ ဘယ်မှာ ဝှက်ရမည်နည်း ဆိုသည်ကို စဉ်းစားသည်။ ထို့နောက် မြေအောက်ခန်းတွင် ဝှက်ထားလိုက်သည်။ ရဲသားများ တွေ့သွားနိုင်သလားဆိုသည်ကို စမ်းသပ်ရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် မိမိပင် အိမ်ရှေ့ရှိ လူခေါ် ခေါင်းလောင်ကို နှိပ်သည်။

"ဘယ်သူလဲ"

"ရဲစခန်းကပါ၊ ခင်ဗျား အရက်ခိုးချက်သလား"

"မချက်ပါဘူး"

"မြေအောက်ခန်းထဲက ပုလင်းထဲမှာ ဘာလဲ"

"အသီးဖျော်ရည်ပါ"

"ပေးစမ်း၊ မြည်းကြည့်ရအောင်"

ခွက်ထဲသို့ ကိုယ့်ဟာကိုယ် ငှဲ့ပြီး သောက်သည်။ သောက်ရင်း မြေအောက်ခန်းထွင် စိတ်မချရဟု အတွေးပေါက်လာကာ အဝတ်အစား ဘီရိုထဲ ဝှက်ရန် ဆုံးဖြတ်လိုက်သည်။ ရဲသားများ တွေ့နိုင်မနိုင်ကို သိရန် စမ်းကြည့်ပြန်သည်။ လူခေါ်ခေါင်းလောင်းကို ၎င်း နှိပ်လိုက်သည်။

"ဘယ်သူလဲ"

"ရဲစခန်းကပါ၊ ခင်ဗျား အရက်ခိုးချက်သလား"

"မချက်ပါဘူး"

"ဘီဒိုထဲမှာ ဘာလဲ"

"ဖျော်ရည်ပါ"

"ပေးစမ်း၊ မြည်းကြည့်ရအောင်"

ခွက်ထဲသို့ အရက်ကို ငှဲ့ကာ သောက်သည်။ ဘီရိုထဲလဲ စိတ်မချရဟု ယူဆကာ ရေခဲသေတ္တာထဲတွင် သိမ်းဆည်းရန် ဆုံးဖြတ်လိုက်သည်။ ဘယ်လောက်အထိ စိတ်ချရသလဲဆိုတာ စမ်းကြည့်အုံးမှပဲဟု ကိုယ့်ဟာကိုယ် ပြောကာ လူခေါ်ခေါင်းလောင်းကို တီးသည်။

"ဘယ်သူလဲ"

"ရဲစခန်းကပါ၊ ခင်ဗျား အရက်ခိုးချက်သလား"

"မချက်ပါဘူး"

"ရေခဲသေတ္တာထဲကဟာ ဘာလဲ"

"ဖျော်ရည်ပါ"

"ပေးစမ်း၊ မြည်းကြည့်ရအောင်"
အရင်ကအတိုင်း အရက်ကိုငှဲ့ကာ သောက်သည်။ ရေချိန်ရစ ပြုလာသည်။ အရက်ပုလင်းသည် စားပွဲပေါ်တွင် ရှိနေသည်။ ဤအချိန်တွင် ရဲသားများ အမှန်တကယ် ရောက်လာကာ ခေါင်းလောင်းကို တီးသည်။
"ဘယ်သူလဲ"
"ရဲစခန်းကပါ၊ ခင်ဗျား အရက်ခိုးချက်တယ်ဆို"
"မချက်ပါဘူး"
"စားပွဲပေါ်က ပုလင်းဟာ ဘာလဲ"
"ဖျော်ရည် ပုလင်းပါ"
"ပေးစမ်း၊ မြည်းကြည့်ရအောင်"
"ခင်ဗျားတို့ဟာ ဘယ်လိုလဲဗျ၊ ခင်ဗျားတို့ မြည်းကြည့်တာနဲ့ ပုလင်းတစ်ဝက်ပဲ ကျန်တော့တယ်၊ ကုန်ပါပြီဗျာ"

## ၃၅၂။ ဘယ်ဟာ ပိုကောင်းလဲ

"လူပေါ်ကြီးဖြစ်ရတာနဲ့ ထိပ်ပြောင်ကြီး ဖြစ်ရတာ ဘယ်ဟာ ပိုကောင်းသလဲ"
"လူပေါ်ကြီး ဖြစ်ရတာက ပိုကောင်းတယ်၊ သိပ်မသိသာဘူး"

## ၃၅၃။ တိုးတက်တဲ့ ဆေးပညာ

အဖွားကြီးက သူနာပြုဆရာမလေးကိုပြောသည်။
"ခုခေတ် ဆေးပညာဟာ အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်လာပါကလား၊ အဖွားတို့ ငယ်ငယ်တုန်းကဆိုရင်၊ ဆရာဝန်က မစမ်းသပ်ခင် အဝတ်အစားကို ချွတ်ခိုင်းတယ်၊ ခုတော့ လျှာ ကလေးထုတ်ပြရုံနဲ့ ပြီးတယ်"

## ၃၅၄။ ဆွေမျိုးတွေ

"မင်းဟာ တကယ့်ဝက်မပဲ"
"ဝက်ထီးဆီက ဝက်စကားကြားရတယ်"
ဖြတ်လျှောက်သွားသူက လှည့်ပြီး ပြောသည်။
"ခင်ဗျားတို့ဟာ ဆွေမျိုးတွေ ဖြစ်ကြပြီးတော့ ရန်မဖြစ်ကြနဲ့လေ"

## ၃၅၅။ ဘယ်တော့မှ မကျေဘူး

သူငယ်ချင်းမနှစ်ယောက် ဘဝအတွေ့အကြုံချင်း ဖလှယ်ကြသည်။
"ကိုယ့်ဘဝ သိတ်မဆိုးလှဘူးလို့ ပြောနိုင်တယ်။ ပျင်းတယ်လို့ ထင်လာရင် ရုံးက ငနဲတစ်ယောက်ယောက်ကို အိမ်လာဖို့ ဖိတ်လိုက်တယ်။ သူက ဝိုင်အရက် ပုလင်း၊ ပန်း၊ ချောကလက် စသည်ဖြင့် လက်ဆောင်လေးတွေ ယူလာတယ်။ ကိုယ်တို့ နှစ်ယောက် သောက်လိုက် စကားပြောလိုက်နဲ့ အချိန်တွေ ကုန်မှန်းမသိ ကုန်သွားတယ်။ နှစ်ယောက်သား အိပ်ခန်းထဲ ဝင်လာတယ်။ အဲ ကိုယ့်ကုတင် အောက်မှာ အိမ်ရှေ့တံခါးက လူခေါ် ခေါင်းလောင်းနဲ့ ဆက်ထားတဲ့ ခလုတ်ကလေးရှိတယ်။ ကိုယ်တို့ နှစ်ယောက် အိပ်ရာပေါ်လှဲချလိုက်တာနဲ့ ခလုတ်ကို နှိပ်လိုက်တယ်။ လူခေါ်ခေါင်းလောင်းမည်အလာမှာ ကိုယ်က ကြောက်လန့်တကြားအမူအရာနဲ့ 'ယောကျ်ားပြန်လာပြီ၊ ဒုက္ခပါပဲ' လို့အော်တယ်၊ ကိုယ်တော်ချော ကမန်းကတန်း အဝတ်အစား ကောက်ဝတ်ပြီး ပြတင်းပေါက်က ခုန်ဆင်းပြေးတယ်။ ဟား ဟား"
သူငယ်ချင်းမနှစ်ယောက် အားရပါးရ ရယ်ကြပြီး လမ်းခွဲလိုက်ကြသည်။
နောက်ခြောက်လအကြာတွင် ပြန်ဆုံကြရာ ဒုတိယ အမျိုးသမီးက ပထမအမျိုးသမီးကို ပြောပြသည်။
"သူငယ်ချင်းလုပ်တဲ့အတိုင်း ကိုယ်လုပ်လိုက်တယ်။ အိပ်ရာပေါ် လှဲချလိုက်တာနဲ့ ခလုတ်ကို နှိပ်လိုက်တယ်။ ပါးစပ်ကလည်း 'ယောကျ်ား ပြန်လာပြီလို့ တုန်တုန်ရင်ရင်' ပြောလိုက်တယ်။ ဘသားချော အကြောက်လွန်ပြီး ကိုယ်တစ်ခြမ်းသေသွားတယ်။ သူ့ခမျာ သနားစရာပဲ။ အခုအထိ ဆေးရုံပေါ်မှာ လေးလတောင် ရှိနေပြီ။ မနေ့က ကိုယ်လူနာ သွားကြည့်တော့ စကားတစ်ခွန်းပဲ စပြောနိုင်သေးတယ်"
"သူငယ်ချင်းကို တွေ့တော့ သူဘာပြောသေးလဲ"
"ကန်းမ နင့်ယောကျ်ား ဘယ်မှာလဲတဲ့"

## ၃၅၆။ သတင်းစားများများဖတ်

ပါတီဌာနချုပ် ဝါဒဖြန့်ချိရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးမှ စက်ရုံလုပ်သားများအား ငါးနှစ် စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေကို ရှင်းပြနေသည်။
"ငါးနှစ်စီမကိန်းမှာ လျာထားချက်အတိုင်း မြို့မှာ လျှပ်စစ်

ခာတ်အားပေးစက်ရုံတစ်ခုကို အောင်မြင်စွာ ဆောက်လုပ်ပြီး စီးသွားပြီ"
ပရိတ်သတ်အထဲမှ တစ်ယောက်က ထပြောသည်။
"အဲဒီမြို့ကနေ့ မနေကပဲ ကျွန်တော် ပြန်လာခဲ့တယ်၊ ဘာခာတ်အားပေးစက်ရုံမှ မရှိဘူး"
ပါတီဝန်ထမ်းက ဆက်ပြောသည်။
"မြို့မှာ ခာတ်မြေသြဇာ စက်ရုံတစ်ခုကို တည်ဆောက်နိုင်ခဲ့တယ်"
(စောစောပိုင်းက ထပြောသူကပင် ပြောသည်)
"မကြာမီက အဲဒီမြို့ကို ရောက်ခဲ့သားပဲ၊ စက်ရုံနဲ့ တူတာတောင် မတွေ့ခဲ့ပါဘူး"
ပါတီဝန်ထမ်းက စိတ်တိုစွာနဲ့ ပြောသည်။
"ရဲဘော်၊ ဟိုဟိုဒီဒီ လျှောက်သွားနေမယ့် အစား၊ သတင်းစာ များများ ဖတ်သင့်တယ်"

## ၃၅၇။ နမြော်တာချင်းတူတယ်

ဆာရာက အီဇတ်ထံ ဖုန်းဆက်သည်။
"ဒီညနေ အာဘရမ် ခရီးထွက်လိမ်မယ်၊ အိမ်ကို လာခဲ့နော်"
"သူထွက်သွားပြီဆိုတာ ငါ ဘယ်လိုလုပ် သိမလဲ"
"ဆယ်ပြားစေ့ကို ပြတင်းပေါက်ကနေ ပစ်ချလိုက်မယ်။ အသံမြည်လာမယ်။ အဲဒါဆိုရင် အိမ်ထဲကို ဝင်လာပေါ့"
ညနေ ရောက်လာသည်။ အာဘရမ် အိမ်မှ ထွက်သည်။ ဆာရာ ဆယ်ပြားစေ့ကို အောက်သို့ ပစ်ချလိုက်သည်။ နာရီဝက် ကြာသွားသည်။ အီဇာတ်ပေါ်မလာချေ။
"အီဇာတ်၊ ရှင်အောက်မှာလား၊ ဘာဖြစ်လို့ တက်မလာသေးတာလဲ"
"ဟုတ်တယ်၊ ငါအောက်ကို ရောက်နေပြီ၊ အကြွေစေ့ကို ရှာနေလို့ပါ"
"ရှာမနေနဲ့၊ ကျွန်မက ကြိုးနဲ့ အကြွေစေ့ကို ဆွဲတင်ပြီးပြီ"

## ၃၅၈။ စိတ်ဆိုးတယ်

"ဟော့၊ မင်းမျက်နှာ မကောင်းပါလား၊ ဘာဖြစ်လို့လဲ"
"ငါ့မိန်းမကို လင်ငယ်နဲ့ တွေ့လို့"
"ဒုက္ခပါပဲ၊ မင်းမိန်းမကို သတ်ပစ်လိုက်သလား"
"ဟင့်အင်း၊ ဒါပေမယ့် တံခါးကို အားနဲ့ ဆောင့်ပိတ်ပြီး အခန်းထဲ ထွက်လိုက်တယ်၊ ငါအင်မတန် စိတ်ဆိုးတယ် ဆိုတာ သူတို့ သဘောပေါက်လောက်ပါတယ်"

**၃၅၉။ ဦးထုပ်ပြန်ပေး**

တိုက်ခန်းတစ်ခုပေါ်တွင် လူခေါ်ခေါင်းလောင်း မည်လာသည်။
"တေဇလူငယ် မောင်ကောင်းထိုက် ဒီအခန်းမှာ နေပါသလား"
"နေပါတယ်၊ ကျွန်တော်ပါပဲ"
"မနေ့က ရေကူးဆိပ်မှာ ရေနစ်တဲ့ ကလေးကို ကယ်ခဲ့တယ်ဆို"
"ဟုတ်ပါတယ်"
"အဲဒါဆို ဘယ်မှာလဲ သူ့ဦးထုပ်"

**၃၆၀။ ရင်ဖွင့်ချင်တယ်**

"ငါ့မိန်းမနဲ့ ငါစကား မများခံနိုင်ရိုးလား၊ ငါဘာပြောပြော အမြဲတန်း ကန့်လန့်ပြောတယ်"
"လင်းစမ်းပါဦး"
"ငါအိမ်ပြန်ရောက်လို့ သူ့ကို 'ကောင်းသော ညနေခင်းပါ' လို့ ပြောတဲ့အခါတိုင်း 'ကောင်းသော မနက်ခင်းပါတော်' လို့ အမြဲတမ်း ပြန်ဖြေတယ်"

**၃၆၁။ နှစ်ကောင်စလုံးဝယ်ပါ**

"အနီရောက် ကြက်တူရွေး ကျွန်တော့ကို ရောင်းပါ"
"မိတ်ဆွေဟာ ပြစ်သစ်လူမျိုး မဟုတ်လား"
"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"
"မိတ်ဆွေဟာ ဟိုအဝါရောင် ကြက်တူရွေးကိုပါ ဝယ်ရလိမ့်မယ်၊ အနီကောင်က အင်္ဂလိပ်စကားကိုပဲ ပြောတယ်၊ အဲ အဝါကောင်ကတော့ အင်္ဂလိပ်ကနေ ပြစ်သစ်ဘာသာကို ပြန်ပေးတဲ့ အကောင်ဗျ"

## ၃၆၂။ လုပ်ပစ်လိုက်မယ်နော်

အရက်သမားတစ်ယောက်က ဘတ်စ်ကားပေါ်တက်လိုက်လာသည်။
"မိတ်ဆွေတို့၊ ရာသီဥတု သိပ်ကောင်းတာပဲနော်"
မည်သူမျှ ပြန်မဖြေကြချေ။
"နွေဦးပေါက် ရောက်ပြီကိုး"
တစ်ကားလုံး တိတ်ဆိတ်နေကြသည်။
"နေကလည်း ပွင့်လိုက်တာ"
ယခင်ကအတိုင်း မည်သူမျှ မတုန့်ပြန်ကြ။
"ကောင်းပြီလေ၊ ဘယ်သူမှ မရှိတဲ့နောက်တော့ ရှုရှုပေါက် လိုက်ဦးမယ်"

## ၃၆၃။ ငြိမ်ဆေး

ရုံးစာရေးမများ အချင်းချင်း စကားများနေကြသည်။ ဘယ်သူမှ
အလျှော့မပေးကြချေ။ ကိုယ်မှန်သည် သူမှန်သည် စသည်ဖြင့် လုပြောနေကြသည်။
ဤတွင် ရုံးအကြီးအကဲက စိတ်တိုစွာနှင့် ပြောလိုက်သည်။
"ဟေ့ ခဏရပ်လိုက်ကြစမ်း၊ နင်တို့ အထဲက အသက်အကြီးဆုံးလူ
အရင်ပြောပါဆေ"
အားလုံး အသံတိတ်သွားကြတော့သည်

## ၃၆၄။ မကိုင်နဲ့

"အရက်ဘားလား"
"မဟုတ်ပါဘူး၊ လူနေ အိမ်ခန်းပါ"
"ဒါပေမယ့် ကျွန်တော်က ဘားကို ဆက်တာဗျ"
"ဘားမဟုတ်ပါဘူး၊ အိမ်ကို ရောက်နေပါတယ်"
"ဘာလဲ၊ အရက်ဘားနဲ့ ခင်ဗျားအိမ်က ဖုန်းဟာ နံပါတ်တစ်ခုတည်းလား"
"မဟုတ်ပါဘူး"
"အဲဒါဆိုရင် ဘာဖြစ်လို့ ခင်ဗျား တယ်လီဖုန်းကို ကောက်ကိုင်ရတာလဲ"

## ၃၆၅။ မြေးကလေးက မှာထားလို့ပါ

အဖွားကြီးတစ်ယောက် အငှားပြေးကားပေါ်တက်လာသည်။ ဒရိုင်ဘာကို မေတ္တာရပ်သည်။
"သားရယ်၊ နီးပဒေါရွာ မှတ်တိုင်ကို ရောက်ရင် အဖွားကို ပြောနော်"
"စိတ်ချပါ အဖွား"
ကားစထွက်သည်။ တစ်နာရီ၊ ထို့နောက် နှစ်နာရီကြာသွားသည်။
"သားနီးပဒေါရွာမှတ်တိုင် မရောက်သေးဘူးလားဟင်"
ဒရိုင်ဘာသည် မေ့တက်ရန်ကောဟု မိမိကိုယ်မိမိ ကျိန်ဆဲကာ အဖွားကို နှိမ်သိမ့်သည်။
"ခဏကြာရင် ရောက်မယ် အဖွား"
ဒရိုင်ဘာသည် ကားကို ပြန်လှည့်ကာ မိုင် ၂၀– ခရီးကို ပြန်မောင်းသည်။
"ကိုင်း ရောက်ပြီအဖွား၊ ဆင်းပေတော့"
"အဖွား၊ ဒီမှာ ဆင်းမှာ မဟုတ်ဘူး၊ နီးပဒေါရွာ မှတ်တိုင်ရောက်ရင် ဒီဆေးပြားကို သောက်လို့ မြေးကလေးက မှာထားလို့ပါကွယ်"

## ၃၆၆။ များတာ ယူမှာပေါ့

ဘိုင်ကျနေသော သူငယ်ချင်းနှစ်ယောက် ရေကူးဆိပ်သို့ ရောက်လာသည်။ 'ရေနစ်သူကို ကယ်ဆယ်သူအား ဆုငွေ ဒေါ်လာ ၅၀– ချီးမြှင့်မည်' ဟူ သော ဆိုင်းဘုတ်ကို တွေ့သဖြင့် နှစ်ဦးသားတိုင်ပင်ကြသည်။
"ဒီလိုလုပ်ရအောင်၊ မင်းရေထဲ ဆင်းသွား။ နစ်ချင်ဟန်ဆောင်ပြီး 'ကယ်ပါ' 'ကယ်ပါ' လို့ အော်၊ ငါက မင်းကို ဆင်းဆယ်မယ်။ ရတဲ့ ပိုက်ဆံ တစ်ယောက်တစ်ဝက် ဘယ်နဲ့လဲ"
"အိုကေ"
ရေထဲသို့ တစ်ယောက်ဆင်းသွားသည်။
ရေနက်ပိုင်းရောက်သောအခါ အမှန်တကယ် နစ်သဖြင့် 'ကယ်ပါ' 'ကယ်ပါ' ဟု ကြောက်လန့်တကြား အော်သည်။ သူငယ်ချင်းက အော်ပြောသည်။
"ဟေ့၊ မင်းဟာမင်း ရေနစ်တာနဲ့ အသံဆိုးကြီးနဲ့ အော်မနေနဲ့။ ဆိုင်းဘုတ်ရဲ့အောက်မှာ 'ရေနစ်သေသူ့ အလောင်းကို ဆယ်တင်နိုင်သူအား ဆုငွေ ဒေါ်လာ ၁၀၀– ချီးမြှင့် မည်လို့ ရေးထားတယ်ကွ"

## ၃၆၇။ စစ်တိုက်တမ်း ကစားမယ်

စိတ်ရောဂါကု ဆေးရုံးဝင်းအတွင်းရှိ ပန်းခြံထဲတွင် လူနာများ စစ်တိုက်တမ်း ကစားနေကြသည်။ ယဉ်ယဉ်ကလေး ရှူးနေသူများက ခုခံကာကွယ်သူ၊ ခတ်ကြမ်းကြမ်း ရှူးနေသူများက ထိုးစစ်ဆင်သူများအဖြစ် သရုပ်ဆောင်ကြသည်။ ခုခံကာကွယ်သူများသည် လူသွားလမ်းတဘက်တချက်တွင် စိုက်ထားသော ပန်းပင်များ နောက်တွင် နေရာယူကြသည်။ ထိုးစစ်ဆင်သူများက 'ရှေ့တက်' ဟု ညာသံပေးကာ တစ်နေရာမှ ပြေးတက်လာကြသည်။ ထိုးစစ်ဆင်သူ တစ်ယောက်သည် ပန်းပင်များကို ခုန်ကျော်ကာ 'ကာကွယ်သူ' တစ်ဦးကို တုတ်ဖြင့် တအားလွှဲရိုက်လိုက်သည်။ ကာကွယ်သူက ခေါင်းကို နေရာမှ မရွှေ့ပဲ အေးအေးလေး ပြန်ပြောသည်။

"မင်းကြိုးစားလဲအလကားပဲ၊ ငါက တင့်ကားထဲမှာ ထိုင်နေတာကွ"

## ၃၆၈။ ဒဏ်ရိုက်ရမယ်

မွေးနေ့ပါတီသို့ သူငယ်ချင်းတစ်ယောက် နောက်ကျပြီးမှ ရောက်လာသည်။ အရင်ရောက်နှင့် နေသော သူငယ်ချင်းများက 'ဒဏ်ရိုက်ရမယ်၊ ဒဏ်ရိုက်ရမယ်' ဟု ဝိုင်းအော်ကာ အရက်ကို တစ်ခွက်ပြီး တစ်ခွက် သောက်ခိုင်းသည်။ သို့ဖြင့် နောက်ကျရောက်လာသော သူငယ်ချင်းသည် အချိန်အနည်းငယ်အတွင်း သူများထက် ပိုမူးလာသည်။ သည့်ထက် ပိုမူးလာလျှင် ပွဲပျက်နိုင်သည်ဟု စဉ်းစားကာ အိမ်ရှင်က ၎င်းကို အိမ်သို့ ပြန်လွှတ်လိုက်သည်။ အိမ်အပြန် လမ်းတွင် လူငယ်သည် ယိုင်တိယိုင်တိုင်ဖြင့် လမ်းမဖြတ်ကူးရမည့် နေရာတွင် လမ်းဖြတ်ကူးသည်။ ဤတွင် ယာဉ်ထိန်းရဲ ပြေးလာကာ ၎င်းအား ဖမ်းသည်။

"ခင်ဗျားကို ဒဏ်ရိုက်ရမယ်"

"ဒီလိုဆို ထည့်လေ"

## ၃၆၉။ လက်ဖက်ရည်ဘိုး

ဟိုတယ်ရှေ့တွင် အထမ်းသမားနှစ်ယောက် စကားပြောနေကြသည်။

"မနေ့က စကော့တလန်က ဧည့်သည် တစ်ယောက်ရဲ့ ပစ္စည်းတွေကို ငါးထပ်အထိ သယ်ပေးခဲ့ရတယ်။ သေတ္တာတစ်လုံးဆိုရင် ဘာတွေ ထည့်ထားသလဲ မသိဘူး။ လေးလိုက်တာလွန်ရော။ အပေါ်ရောက်တဲ့အခါကျတော့ 'ရော့ မင်း လက်ဖက်ရည်သောက်ဖို့' ဆိုပြီး ငါ့လက်ထဲကို တစ်စုံတစ်ခု ထည့်ပေးလိုက်တယ်"

"မင်းကို သူ ဘာပေးလိုက်သလဲ"

"သကြားခဲ"

## ၃၇၀။ ဟာသ မပြောနဲ့

အမှုတစ်ခုကို စစ်ဆေးပြီး၍ တရားသူကြီးများ ထိုင်ရာ အခန်းသို့ တရားသူကြီး တစ်ဦးရယ်မောပြီး ဝင်လာရာ အခြားတရားသူကြီးများက အကြောင်းရင်းကို ဝိုင်းမေးကြသည်။

"အင်မတန်ကောင်းတဲ့ ဟာသတစ်ခုကို ကြားခဲ့ ရလို့ဗျ"

"ဒါဆို ကျုပ်တို့ကိုလဲ ပြောပြပါအုံးဗျ"

"အဲဒါတော့ မဖြစ်ဘူး၊ ဒီဟာသပြောတဲ့လူကို အခုပဲထောင်ဆယ်နှစ် ချခဲ့တယ်"

## ၃၇၁။ လိုလိုမယ်မယ်

ချူချာက သူ၏ဇနီး ချူချာမကို မေးသည်။

"ဟေ့ ညကျရင် အိပ်ရာဆားမှာ ရေခွက် နှစ်ခွက် ချထားစမ်း။ တစ်ခွက်မှာ သောက်ရေထည့်တာ၊ နောက်တစ်ခွက်မှာ ဘာမှမထည့်နဲ့"

"ဘာဖြစ်လို့လဲ"

"ည အိပ်ရာက နိုးရင် ငါ ရေသောက်ချင်စိတ် ပေါ်ချင်ပေါ်မယ်၊ မပေါ်ချင် မပေါ်ဘူးလေ"

## ၃၇၂။ အစိမ်းစား

"အစားအစာကို အစိမ်းစားရင် အကျိုးရှိတယ်လို့ ကျွန်တော့ မိန်းမ မဂ္ဂဇင်းတစ်စောင်မှာ ဖတ်လိုက်ရတယ်တဲ့"

"ကျွန်တော့ မိန်းမလဲ အချက်အပြုတ် ဝါသနာ မပါဘူး"

## ၃၇၃။ ကျန်းမာရေးကောင်းအောင်

"ပြောပြန်ရင်လဲ 'အောင်မင်းလွန်ရာကျမယ်' ဆိုတဲ့စကားအတိုင်း ဖြစ်နေပြီ။ ရှင့်ကို ကျွန်မ ဖိတ်လိုက်တာက ကျွန်မရဲ့ ကျန်းမာရေးအတွက် ဆုတောင်းဖို့အတွက် ဆုတောင်းပြီး အရက်သောက်ဖို့။ အခု ရှင်က ဆက်တိုက်မော့နေတာ ငါးခွက်တောင် ရှိနေပြီ"

"မင်းကို ကြည့်ရတာ အတော် နေထိုင်မကောင်း ဖြစ်နေတဲ့ပုံပေါ်လို့ပါ"

## ၃၇၄။ ဖြေးဖြေးလျှောက်

လမ်းမပေါ်တွင် ဖြစ်သည်။
အမျိုးသမီးက လူငယ်က မေးသည်။
"ရှင်၊ ကျွန်မ နောက်ကို လိုက်နေတာ တစ်နာရီလောက်ရှိပြီ၊ ဘာပြောချင်လို့လဲ"
"ခင်ဗျား လျှောက်တာ မြန်လွန်းတယ်လို့ ပြောမလို့ပါ"
ဟု အသက်ကို အနိုင်နိုင် ရှုရင်း လူငယ်က ပြန်ဖြေသည်။

## ၃၇၅။ နည်းတယ်

နာမည်ကြီး ရုပ်ရှင်မင်းသား၏ဇနီးသည် မိခင်ရှိရာ တောရွာသို့ အနားယူရန် ထွက်ခွာသွားသည်။ ဇနီးမရှိသည်ကို အခွင့်ကောင်းယူကာ မင်းသားသည် မိမိ၏ တိတ်တိတ်ပုန်းချစ်သူကို အိမ်သို့ ခေါ်ကာ ရက်အတန်ကြာ ပျော်ရွှင်စွာ နေခွင့်ကို ရလိုက်သည်။ ဇနီးသည် ပြန်လာမည့် ရက် နီးလာသောအခါ မင်းသားက အစေခံကို ခေါ်လိုက်သည်။ ဤအကြောင်းကို ဇနီးသည် မသိပါစေနှင့်ဟု ပြောကာ စတာလင်ပေါင် ၅၀ ပေးသည်။ အစေခံက ကန့်ကွက်သည်။
"နည်းပါတယ် ဆရာ၊ နောက်ထပ် စတာလင်ပေါင် ၅၀ ပေးပါအုံး"
"မင်းဟာ ဘယ်လိုလဲကွ၊ နည်းတယ်ဆိုပြီးတောင် ငါ့ကို စောဒက
တက်နေပါလား"
"ဟုတ်ပါတယ်၊ နည်းပါတယ်၊ ဒီလို ကိစ္စမျိုးမှာ ဆရာ့ဇနီးက ကျွန်တော့ကို ပေါင်
၁၀၀– ပေးနေကျပါ"

## ၃၇၆။ ဆန့်ကျင်ဘက်

တရားသူကြီး – 'မောင်မင်းပြောတာကို နားထောင်ရတဲ့အခါမှာ မောင်မင်းပြောတာ မှန်သမျှ တခုမကျန် တကယ့်အဖြစ်နဲ့ ဆန့်ကျင်နေပါလား'
တရားခံ – ' ကျွန်တော် ဒီအမှုကို ကျူးလွန်ခဲ့ပါတယ်

## ၃၇၇။ အမှား

ဂျွန်က မိမိ၏ လုပ်ဖော်ကိုင်ဖက်ကို ပြောနေသည်။
"ငါ လက်မထပ်မိခဲ့ရင် ကောင်းမယ်။ အခုပဲ ကြည့်။ ငါ မူးလာတဲ့အခါ ငါ့မိန်းမက ငါ့ကို ကြည့်လို မရဘူး။ ငါကလဲ မမူးတဲ့အခါမှာ သူ့ကို ကြည့်လို မရဘူး"

www.burmeseclassic.com

## ၃၇၈။ အိပ်မပျော်တဲ့ရောဂါ

ဆေးဆိုင်မှ အရောင်းသမကို ဆေးလာဝယ်သူက ပြောသည်။
"ည ညမှာ အိပ်လို့ကို မရဘူး၊ အင်မတန်တိုးတဲ့ အသံတစ်ခုကို ကြားလိုက်ရင်ပဲ မအိပ်နိုင်တော့ဘူး၊ အထူးသဖြင့် ပြတင်းပေါက်နားမှာ တစ်ညလုံးအော်အော်နေတဲ့ ကြောင်ဟာ ကျွန်တော့ကို ဒုက္ခအပေးဆုံးပဲ"
"ဒီဆေးမှုန့်ကို ယူသွားပါ၊ အင်မတန် ထိရောက်ပါတယ်"
"ဘယ်အချိန်မှာ သူ့ကို စားရမလဲ"
"ဆေးမှုန်ပဟာ ခင်ဗျားအတွက် မဟုတ်ဘူး၊ ကြောင်အတွက်"

## ၃၇၉။ ပြဿနာ

တရားရုံးတွင် ဖြစ်သည်။ လင်မယားကွာရှင်းလိုကြောင်း ယောကျ်ားဖြစ်သူ၏ ဦးထိုက် လျှောက်ထားချက်ကို စစ်ဆေးနေသည်။ တရားသူကြီးက တရားလိုကို မေးသည်။
"ဘာကြောင့် ခင်ဗျား ကွာရှင်းချင်ရတာလဲ"
"ကျွန်တော် အိမ်ပြန်လာတယ်။ အိပ်ရာပေါ်မှာ မိန်းမကို နောက်ယောကျ်ားတစ်ယောက်နဲ့ တွေ့တယ်"
"တရားသူကြီးမင်းရှင့်၊ ကျွန်မ ကျမ်းကျိန်ပြီး ပြောရဲပါတယ်။ ပြန်လာတဲ့ ယောကျ်ားဘယ်သူလဲ ဆိုတာ ကျွန်မ မခွဲခြားနိုင်ခဲ့ဘူး။ ယောကျ်ားတွေဟာ မူးလာရင် တစ်ပုံစံထဲပဲ၊ အခု သူလို့ပဲ မုတ်ဆိတ် မရိတ်ထားဘူး၊ ကိုယ်ပေါ်က အဝတ်အစားတွေအားလုံး ညစ်ပတ်ပေရေနေတယ်။ ပါးစပ်ကလဲ အရက်နံ့က တထောင်ထောင်းထွက်နေတယ်။ သူတောင်းဆိုတော့ ကျွန်မ မငြင်းလိုက်ဘူး။ ကိုယ့်ယောကျ်ားလို့ ထင်တာကိုး"
"ကိုင်း ရုံးထဲမှာ ရှိနေတဲ့ မိန်းမ ပရိတ်သတ်ကို ကျွန်တော် မေးချင်တယ်။ အရက်မူးနေတဲ့ ယောကျ်ားနဲ့ တစိမ်းယောကျ်ားကို ခွဲခြားနိုင်ပါသလား"
"ခွဲခြားနိုင်ပါတယ်"
"မခွဲခြားနိုင်ပါဘူး"
အမျိုးသမီးတို့၏ အသံများ အညီအမျှလို ဖြစ်နေ၍ တရားသူကြီးက ရေတွက်ခိုင်းသည်။ ထင်သည့်အတိုင်း ထက်ဝက်စီ အညီအမျှ ဖြစ်နေသည်။ အမျိုးသမီး တစ်ယောက် ဘယ်ဘက်မှ မလိုက်ပဲ ကြားနေနေသည်။

တရားသူကြီးက မေးသည်။
"ခင်ဗျားက ဘယ်လို သဘောရသလဲ"
"ဘယ်လိုမှ သဘောမရဘူး၊ ကျွန်မ ဒီပြဿနာမျိုးနဲ့ ရင်မဆိုင်ရသေးဘူး"

## ၃၈၀။ ကြက်သူခိုး

ဂျွန်သည် ပစ်စာတစ်စောင်ကို ကိုင်ကာ ရဲစခန်းသို့ ရောက်လာသည်။
"ရဲမှူးကြီးခင်ဗျား၊ ဒီ ပစ်စာရေးတဲ့လူ ဘယ်သူလဲ ဆိုတာ စုံစမ်းပေးပါခင်ဗျ"
ရဲမှူးက စာကို ယူဖတ်သည်။
"ဂျွန်၊ ငါ့ကြက်တွေကို မင်းခိုးနေတာ ငါသိတယ်၊ ရပ်တန်းကရပ် မရပ်ရင်၊ မင်းကို ငါ ကောင်းကောင်းဆုံးမရလိမ့်မယ်။ "
ဟု ရေးထားသည်ကို တွေ့ရသည်။ ရဲမှူးက ဂျွန်ကို ပြောသည်။
"ဒီစာအရ ခင်ဗျား အမှန်တကယ်ပဲ သူ့ကြက်တွေကို ခိုးနေတယ်ထင်တယ်။ နို့မဟုတ်ရင် ဒီစာမျိုး သူရေးစရာ အကြောင်းမရှိဘူးဗျ။ အကောင်းဆုံးက သူ့ကြက်ကို ခင်ဗျား မခိုးနဲ့တော့၊ အဲဒါဆိုရင် သူကလဲ ဒီလို ခြိမ်းခြောက်စာရေးမှာ မဟုတ်တော့ဘူး"
"ရဲမှူးကြီး ပြောစကားကို ကျွန်တော် ထောက်ခံပါတယ်။ ဒါပေမယ် ကျွန်တော့်ရဲ့ အိမ်နီးချင်းတွေအနက် ဘယ်သူက ဒီစာရေးသလဲဆိုတာ သိဘို့လိုပါတယ်။ ဒါမှ ဘယ်သူ့ကြက်ကို မခိုးရဘူးလဲဆိုတာကို ကျွန်တော်သိမှာပါ"

## ၃၈၁။ နှစ်ယောက်စလုံး 'စံ' ပဲ

အိမ်သော့ မေ့သဖြင့် ပါမောက္ခကြီး အိမ်ပြန်လာသည်။ တံခါးကို ခေါက်သည်။ အိမ်စောင့် အဖိုးကြီးက တံခါးကို ဖွင့်သည်။
"ပါမောက္ခကြီး မရှိဘူး။ သူက တက္ကသိုလ်မှာပါ"
"ကောင်းပြီလေ။ ကျွန်တော် နောက်မှ လာခဲ့ပါမယ်"

## ၃၈၂။ တီးချင်လို့ မဟုတ်ဘူး
ရထားစထွက်သောအခါ မိန်းမဖြစ်သူက ယောက်ျားကို သက်ပြင်းချကာ ပြောသည်။
"ခုနေများ စန္ဒရားရှိရင် ကောင်းမှာပဲ"
"အဓိပ္ပါယ်မရှိတာတွေ ပြောမနေစမ်းနဲ့ကွာ"
"စန္ဒရားပေါ်မှာ ရထားလက်မှတ်တွေကို ကျွန်မ တင်ထားတယ်ရှင်ရဲ့၊ သိပြီလား"

**၃၈၃။ ဆံပင် ညှပ်ချင်တယ်**

ချူချာ ဆံပင်ညှပ်ဆိုင်သို့ ဝင်လာသည်။ ဆံပင်ညှပ်သမားက မေးသည်။
"ကတုံး တုံးပေးရမှာလား။ ဒါမှမဟုတ် ဘိုကေ ညှပ်မှာလား"
"ကတုံးတုံးပေးဗျာ"
ပြီးလုခါနီးတွင် မိမိ၏ခေါင်းကို မှန်ထဲ ကြည့်ကာ ချူချာက ပြောသည်။
"ကတုံးက ကြည့်မကောင်းဘူး။ ဘိုကေ ပြန်ညှပ်ပေးဗျာ"

**၃၈၄။ ဆင်းရဲသား ဂျူး**

ရာဘင်နိုဘစ်ချ် ကားမောင်းလာသည်။ ယဉ်ထိန်းရဲက ကားကို တားသည်။
"ကားကို သတ်မှတ်နှုန်းထက် ခင်ဗျားပိုမောင်းလာတယ်"
"အမြန်မကြိုက်တဲ့ ရုရှားလူမျိုး မရှိဘူးဆိုတာ သိသားနဲ့ဗျာ"
"ဒဏ်ငွေဆောင်ပါ"
"ဆင်းရဲသား ဂျူးဆီမှာ ပိုက်ဆံ ဘယ်လိုလုပ် ရှိနိုင်မလဲဗျာ"

**၃၈၅။ အတွေ့အကြုံရှိပြီးသား**

တတိယတန်း 'အေ' မှ ချာတိတ်များက တတိယတန်း 'ဘီ'မှ
ချာတိတ်မကလေးများထံ စာရေးသည်။
"ဒီနေ့ ညနေ ကျောင်းဆင်းရင် ပန်းခြံဘက်လာခဲ့ နမ်းတမ်းကစားရအောင်"
ချာတိတ်မများက စာပြန်သည်။
"ဒီအတွက် သက်သက်ဆိုရင် ပထမတန်း 'အေ' ဆီ စာရေးပါ"

**၃၈၆။ ထူးခြားတဲ့ လင်မယား**

"ကျွန်မတို့ အိမ်ထောင်သက် ဆယ်နှစ်ရှိပြီ။ တစ်ခါတည်းပဲ နှစ်ယောက်အတူတူ
အိမ်ထဲက အိမ်ပြင်ထွက်ဖူးတယ်"
"ရုပ်ရှင် သွားကြည့်တာလား"
"မဟုတ်ဘူး။ အိမ်ကို မီးလောင်လို့"

## ၃၈၇။ မသိတာချင်း အတူတူ

ကျောင်းဆရာမက ကျောင်းသားကို မေးသည်။
"ဆိုကြပါစို့။ ငါက မင်းအဖေကို ရူဘယ်ငွေ တစ်ထောင် ချေးလိုက်တယ်။ တစ်လကို ရူဘယ် ၁၀၀ ပြန်ဆပ်မယ်လို့ သူ ကတိပေးတယ်။ ခြောက်လ ကြာတဲ့အခါမှာ သူငါ့ကို ဘယ်လောက်ပေးစရာ ကျန်မယ် ထင်သလဲ"
"ရူဘယ်တစ်ထောင်ပါ"
"ဟေ့ မင်းဟာ ရှစ်တန်းရောက်နေတာတောင် သင်္ချာရဲ့ အခြေခံတွေကို မသိသေးပါလား"
"ဆရာလဲ ကျွန်တော့အဖေ အကြောင်းကို မသိပါဘူး"

## ၃၈၈။ အရက်သစ်

ဒီဂရီ ၂၀၀- အထိပြင်းသော အရက်တစ်မျိုးကို တည်ထွင်လိုက်ပြီးနောက် မြည်းသောက်ကြည့်ရန် အင်္ဂလိပ်လူမျိုးတစ်ဦးကို တစ်ခွက်ပေးလိုက်သည်။ သောက်ပြီး ချက်ချင်း အင်္ဂလိပ်သေသွားသည်။ ပြင်သစ်လူမျိုးကို စမ်းသောက်ရန် ပေးလိုက်ကြပြန်သည်။ ပြင်သစ်လည်း တစ်မိနစ်သာ ခံသည်။ ထို့နောက် ရုရှားကြီးတစ်ဦးကို စမ်းသောက်ခိုင်းသည်။ အရက် အပြည့်ထည့်ထားသော ပုဂံလုံးကို ရုရှားကြီး တစ်ကြိုက်ထဲ မော့ချလိုက်သည်။ နှုတ်ခမ်းကို လက်ဖြင့် ၎င်းသပ်လိုက်ပြီး မကျေမချမ်း ပြောသည်။
"တောက် မိုက်ရိုင်းလိုက်တဲ့ကောင်တွေ၊ အသစ်ထွင်ကာစ ရှိသေးတယ်၊ ရေရောလိုက်ကြပြန်ပြီ"

## ၃၈၉။ သေရွာသွားလဲ အတူတူ

ဂျူးလူမျိုး သန်းကြွယ်သူဌေးကွယ်လွန်သွားရာ မိမိပိုင်ငွေများ အားလုံးကို မိမိ၏ ခေါင်းထဲထည့်ကာ မြှုပ်ရန် သေတမ်းစာ ရေးထားခဲ့သည့် အတိုင်း ဆွေမျိုးများက ၎င်းပိုင်ငွေများကို အခေါင်းထဲ ထည့်သည်။ ငွေစက္ကူများလွန်းသဖြင့် အခေါင်းထဲသို့ မည်သို့မျှ မထည့်နိုင်ဘဲ ဖြစ်နေသည်။ ဤတွင် လမ်းလျှောက်လာသော ရဟူဒီ တရားဟောဆရာက အကြောင်းရင်းကို မေးသည်။ ရှင်းပြသည်ကို နားထောင်ပြီးသောအခါ ၎င်းက အောက်ပါအတိုင်း အကြံပေးသည်။
"ခင်ဗျားတို့တတွေ ဘာဖြစ်လို့ ဒီလောက်တောင် ဒုက္ခခံနေကြတာလဲ။ သူ့ကို ချက်လက်မှတ် ရေးပေးလိုက်ရင် ပြီးတာတဲ့ ဥစ္စာ" ဟူ၍ဖြစ်သည်။

## ၃၉၀။ တစ်ခါလောက် ကြည့်ပါရစေ

အရက်မူးသမားတစ်ယောက် မက်ထရို မြေအောင်ရထားဘူတာထဲ ဝင်ရန် ကြိုးစားသည်။ အစောင့်ရဲသားက ၎င်းအား ဝင်ခွင့်မပြုချေ။ ဖိုးသမားက လျှာလေးအာလေးဖြင့် ရဲသားကို ပြောသည်။
"ဝင်ခွင့်ပြုပါဗျာ။ မြေအောက်ရထားဆိုတာ ဘာမျိုးလဲဆိုတာ သိချင်လို့ပါ"
"ဘာလဲ၊ ခင်ဗျား တစ်ခါမှ မက်ထရို မစီးဖူးဘူးလား"
"ခင်ဗျားမှ တစ်ခါမှ ဝင်ခွင့်မပေးတဲ့ ဥစ္စာ"

## ၃၉၁။ အိပ်မက်လား၊ တကယ်လား

"ဒေါက်တာ၊ ကျွန်တော်ညက အိပ်မက်မက်ရာမှာ ကျွန်တော်ဟာ ကျွဲကြီးဖြစ်ပြီး မြက်တွေကို ဝါးစားတယ်ခင်ဗျ"
"ဒါလေးနဲ့များ၊ စိတ်မပူပါနဲ့၊ အိပ်မက်ဆိုတာ အမျိုးမျိုး မက်တက်တာပဲ"
"ဒီလိုဆိုရင် ကျွန်တော်အိပ်တဲ့ ဖျာ ဘယ်ရောက်သွားသလဲဆိုတာ ရှင်းပြပါ"

## ၃၉၂။ ခေါင်းကောင်းရင် အထောင်းခံရသက်သာတယ်

နိုင်ငံစုံ တပ်ဖွဲ့တစ်ခုတွင် ဖြစ်သည်။ အထက်အမိန့် မနာခံမှုဖြင့် အီတလီစစ်သား၊ ပိုလန်စစ်သားနှင့် အစ္စရေး(ဂျူး) စစ်သားသုံးဦးကို ကြိမ်ဒဏ်ခတ်ရန် တပ်ခွဲမှူးက ဆုံးဖြတ်လိုက်သည်။
"ကျွန်တော့်ကို သိတ်ရက်စက်တယ်လို့ မယူဆကြနဲ့။ ခင်ဗျားတို့ကို ကြိမ်လုံးနဲ့ မရိုက်ခင် ကိုယ့်ကျောကို ကြိုက်တာနဲ့ ကာကွယ်ခွင့် ပြုမယ်"
အီတလီစစ်သားသည် မိမိ၏ ကျောကို သံလွင်ဆီနှင့် လိမ်းလိုက်သည်။ တကယ်ရိုက်သောအခါ အထွေအထူး နာကျင်ခြင်း မဖြစ်ချေ။
ပိုလန်စစ်သားအလှည့်သို့ ရောက်သည်။
"ဗိုလ်ကြီးခင်ဗျား၊ ကျွန်တော်က ကျွဲလို မာတဲ့အကောင်၊ ဒါကြောင့် ဘယ်လိုပဲ ရိုက်ရိုက်ဂရုမစိုက်ပါဘူး"
သို့ဖြင့် ၎င်းအား ကြိမ်လုံးနှင့် အကြိမ်ကြိမ်ရိုက်သည်။ ပြီးသောအခါ ပိုလန်စစ်သားသည် ဘာမှမဖြစ်သလို ထထိုင်လိုက်သည်။



BURMESE CLASSIC .com

ဂျူးအလှည့် ရောက်လာသည်။
"ကိုင်း၊ မင်းရဲ့ကျောကို ဘာနဲ့ ကာကွယ်မလဲ"
"ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်ရဲ့ ကျောပေါ်မှာ ဟိုပိုလန်စစ်သားကို တင်ထားပေးပါခင်ဗျာ
"

### ၃၉၃။ မမှန်မကန် သက်သေထွက်ဆိုမှု

တရားရုံးတွင်ဖြစ်သည်။
"တရားခံပြသက်သေ၊ မမှန်မကန် သက်သေထွက်ရင် ခင်ဗျားကို ဘာက စောင့်ကြိုနေမယ်ဆိုတာ သိတယ်နော်"
"သိပါတယ်။ အက်စ်အီးတစ်စီးရမှာ ဖြစ်ပါတယ်"

### ၃၉၄။ ဦးစားပေးအဆင့်

မိန်းမလုပ်သူက ယောကျ်ားဖြစ်သူကို မြည်တွန်တောက်တီးနေသည်။
"ကျွန်မ အခုတော့ ကောင်းကောင်းသိရပြီ။ ရှင့်အတွက် ဘောလုံးက အဓိကပဲ။ ဘောလုံးပြီးမှ ကျွန်မကို ရှင်သတိရတယ်"
"မင်းမှားနေပြီကွ၊ ဘောလုံးပြီးရင် ဘတ်စ်ကတ်ဘော ကျန်သေးတယ်"

### ၃၉၅။ တော်သေးတာပေါ့

ဟိုတယ်တွင်ဖြစ်သည်။ မိမိဘေးကုတင်တွင် အိပ်နေသော ဂျွန်ကို ဂျက်က လှုပ်နိုးသည်။
"ဟေ့ကောင် ထ။ ခေါင်းအုံးပေါ် ခြေထောက်တင်ပြီး မင်းအိပ်နေပါလားကွ"
"ဟုတ်လား၊ ဒီလိုဆို တော်သေးတာပေါ့။ တစ်ညလုံး ငါ ခေါင်းကိုယ်တယ်လို့ ထင်နေတာကွ။ အခုတော့ ခေါင်းမဟုတ်ဘဲ ခြေထောက်ကိုက်တာကိုး"

## ၃၉၆။ မျက်မှန်ဆန်း

မျက်မှန်ဆိုင်တွင်ဖြစ်သည်။
လူတစ်ယောက်သည် ဒေါ်လာ ၁၀၀၀– မျက်မှန် တစ်ခုကို မြင်လိုက်ရာ
အထူးစိတ်ဝင်စားသွားသည်။ သို့ဖြင့် မျက်မှန်ကို တောင်းကြည့်သည်။ ထို့နောက်
တပ်ကြည့်လိုက်သည်။ ထိုအခါ မိမိပတ်ဝန်းကျင်မှ လူအားလုံး
အဝတ်အစားကင်းနေကြသည်ကို ၎င်းအံ့သြစွာ တွေ့လိုက်ရသည်။
ဆန်းပြားလှသဖြင့် ဈေးပင်ကြီးသော်လည်း ထိုမျက်မှန်ကို ၎င်းဝယ်လိုက်သည်။
မျက်မှန်ကို တပ်ကာ ၎င်းအိမ်သို့ ကတိုက်ကရိုက် ပြန်ပြေးသွားသည်။ အခန်းထဲသို့
ဝင်လိုက်သောအခါ မိမိ၏ဇနီးနှင့် မိမိ၏ အချစ်ဆုံး သူငယ်ချင်းတို့ မည်သူမျှ
အဝတ်မပါပဲ ဆိုဖာပေါ်တွင် ထိုင်နေကြသည်ကို တွေ့လိုက်ရသည်။
မျက်မှန်ကြောင့်ဖြစ်မှာပဲဟု တွေးမိကာ မျက်မှန်ကို ချွတ်လိုက်သည်။
သို့သော်လည်း ဇနီးနှင့် သူငယ်ချင်းတို့ အဝတ်မပါဘဲ ထိုင်နေဆဲ ဖြစ်သည်ကို
တွေ့ရသည်။ နောက်တစ်ခါ မျက်မှန်ကို တပ်ကြည့်ပြန်သည်။ မြင်းကွင်းမှာ
ယခင်ကအတိုင်း ဖြစ်နေဆဲသည်။
"ဒီလိုဖြစ်မယ် ထင်သားပ" ဟု မကျေမချမ်းနှင့် ၎င်း ညည်းတွားလိုက်သည်။
"မင်းတို့ပဲ စဉ်းစားကြည့် ၊ လွန်ခဲ့တဲ့ မိနစ် ၂၀– ကပဲ ဒီမျက်မှန်ကို ဈေးကြီးပေးပြီး
ဝယ်ခဲ့တယ်။ အခု ပျက်သွားပြီ"
ဟု ဆိုဖာပေါ်ထိုင်နေသူတို့ကို လှမ်းပြောလိုက်သည်။

## ၃၉၇။ ငယ်တာလေးမှ ကြိုက်တယ်

ဘဏ်သူဌေးကြီးတစ်ဦးသည် အသက် ၁၈ နှစ်အရွယ်ရှိ အမျိုးသမီး ကလေးနှင့်
လက်ထပ်ရန် စီစဉ်သည့် သတင်းကို ကြားရ၍ မိတ်ဆွေဖြစ်သူက ၎င်းအား ဤသို့
သတိပေးသည်။
"ဟေ့လူ၊ ခင်ဗျား သေသေချာချာ စဉ်းစားနော်။ နောက် ၁၉ နှစ်ကြာတဲ့အချိန်မှာ
ခင်ဗျား အသက် ၇၀ ပြည့်ချိန် အမျိုးသမီးဟာ အသက် ၂၈– နှစ်ရှိလိမ့်မယ်"
"အဲဒါဘာဖြစ်သေးလဲ၊ သူနဲ့ ကွာရှင်းပြီး နောက် ၁၈ နှစ် အမျိုးသမီး
တစ်ယောက်ကို ထပ်ရှာပြီး ယူလိုက်မှာပေါ့"

## ၃၉၈။ မိန်းမရှေ့နေ

အာဖဂန် နစ္စတန်နိုင်ငံ၊ ကျေးရွာလမ်းပေါ်တွင် အမျိုးသားတစ်ယောက် လမ်းလျှောက်လာသည်။ ၎င်း၏ရှေ့မှ မိန်းမဖြစ်သူက လျှောက်သည်။ အဖိုးကြီးတစ်ဦးက တွေ့သည်နှင့် ဤသို့ပြောသည်။

"ဟေ့ အပ်ဒူလာ၊ ကိုရမ်ကျမ်းကို မင်း မဖတ်ဖူးဘူးလား၊ မိန်းမဆိုတာ ယောကျ်ားရဲ့ နောက်က လိုက်ရတယ်ကွ"

"အပိုတွေ လာပြောမနေနဲ့၊ ကိုရမ်ကို ရေးတုန်းက လမ်းမှာ မိုင်းဗုံးမြှုပ်တာတွေ မရှိသေးဘူး၊ ဟေ့ ဖာတီမာ၊ ရှေ့ကို ဆက်လျှောက်"

## ၃၉၉။ တက်လည်း တက်နိုင်တဲ့ မိန်းမတွေ

သူငယ်ချင်းနှစ်ယောက် ကိုယ့်မိန်းမအကြောင်း ဖောက်သည်ချနေကြသည်။

"ငါ့မိန်းမဟာ သူ့ရဲ့ ဂါဝန် အဟောင်းကို ဟိုဖြတ်ဒီဖြတ်နဲ့ ငါ့အတွက် လည်စီးတစ်ခုရအောင် ချုပ်တယ်"

"ဒါဘာဟုတ်သေးလဲ၊ ငါ့မိန်းမဆိုရင် ငါ့ရဲ့ လည်စီးကိုယူပြီး သူ့အတွက် ဂါဝန်ဖြစ်အောင် ကြံကြံဖန်ဖန်ချုပ်တယ်"

## ၄၀၀။ အိပ်မက်ကောင်းသူ စားစတမ်း

ညနေပိုင်း ဖြစ်သည်။ စားပွဲ တစ်ဖက်တစ်ချက်တွင် ဂျူးနှစ်ယောက်ထိုင်နေကြသည်။ ၎င်းတို့၏ ရှေ့တွင် ကြက်ကင်တစ်ကောင်ကို ချထားသည်။ တစ်ယောက်က အခြားတစ်ယောက်ကို ပြောသည်။

"တို့က နှစ်ယောက် ကြက်ကင်က တစ်ကောင်ထဲ၊ လောက်မှာ မဟုတ်ဘူး။ အဲဒီတော့ ဒီလိုလုပ်ကြရအောင်။ အခုမစားပဲ အိပ်လိုက်ကြမယ်။ အဲညမှာ အိပ်မက်ကောင်းမက်တဲ့သူ မနက်ကျရင် ဒီကြက်ကင်ကို စားကြေး"

"ကြိုက်တယ်"

သို့ဖြင့် နှစ်ယောက်သား ကိုယ်စီ အိပ်ရာဝင်ကြသည်။ တစ်ယောက်အိပ်ပျော်သွားသည်။ ဒုတိယလူသည် အိပ်ရာမှ ထ၍ကြက်ကင်ကို အားရပါးရ စားလိုက်သည်။ မနက်အိပ်ရာက ထကြသောအခါ ပထမလူက ဤသို့ ပြောသည်။

"ညက အိပ်မက်မက်တယ်။ ငါဟာ အလှူပွဲတစ်ခုကို ရောက်သွားတယ်။ အဲဒီမှာ



BURMESE CLASSIC .com

စားစရာ သောက်စရာ အလျှံပယ် ကျွေးမွေးတယ်။ ငါစားလိုက်တာ ဗိုက်ကို ကားသွားတယ်"
"မင်း အားရပါးရ စားနေတာကို ငါမြင်တယ်။ ဒီလောက်စားရမှတော့ ဒီကြက်ကင်ဟာ မင်းအတွက် အပိုပဲလို့ စဉ်းစားမိတယ်။ ဒါနဲ့ ဒီ ကြက်ကင်ကို ငါစားလိုက်ရတယ်"

## ၄၀၁။ ကျေးဇူးကုဋေကုဋာ

တည်းခိုခန်းပိုင်ရှင်က လာတည်းသူအားပြောသည်။
"မိတ်ဆွေနဲ့ အတူပါလာတဲ့ အမျိုးသမီးဟာ မိတ်ဆွေရဲ့ ဇနီးဖြစ်တယ်ဆိုတာ သက်သေ မထူနိုင်ရင် တစ်ခန်းထဲမှာ အတူအတူ နေရာမချပေးနိုင်ပါဘူးခင်ဗျာ"
"ဒီမိန်းမဟာ ကျုပ်ရဲ့ ဇနီးမဟုတ်ပါဘူးဆိုတာများ ခင်ဗျား သက်သေထူနိုင်မယ်ဆိုရင်တော့ ခင်ဗျားကို တစ်သက်လုံး ကျေးဇူးတင်မဆုံးပါဘူးဗျာ"

## ၄၀၂။ ဒီဟာသမျိုး နောက်မပြောနဲ့

ရုရှားလူမျိုးသုံးဦး နယူးယောက်မြို့ရှိ မိုးပျံဟိုတယ် အထပ် ၁၂၀– တွင် အခန်းကျယ်တစ်ခုရကာ သုံးဦးသား ပေါင်းနေကြသည်။ တစ်နေ့ ဈေးဝယ်ထွက်ရာက အပြန် ဟိုတယ်သို့ ရောက်သောအခါ ဓာတ်လှေကား ပျက်နေသည်ကို တွေ့ကြသည်။ သို့နှင့် မိမိတို့၏ အပေါ်ဝတကုတ်အင်္ကျီရှည် (ရုရှားလို ပါလ်တိုဟု ခေါ်သည်) များကို အောက်ထပ်တွင် အပ်ကာ ခြေလျင်တက်ရန် ဆုံးဖြတ်ကြသည်။ အထပ် ၄၀– ရောက်တိုင်း အမောပြေဆေးအဖြစ် ဟာသများကို ပြောကြရန်လည်း သဘောတူလိုက်ကြသည်။ သို့ဖြင့် တဖြည်းဖြည်းတက်လာကြရာ နောက်ဆုံးအထပ် ၁၂၀– သို့ ရောက်လာကြသည်။ သုံးဦးစလုံး ခြေထောက်မသယ်နိုင်လောက်အောင် မောဟိုက်နေကြသည်။ ၎င်းတို့ အနက်မှ တစ်ဦးက ဤသို့ ပြောလိုက်သည်။
"ငါ့ရဲ့ နောက်ဆုံးဟာသကတော့ ဒို့အခန်းဖွင့်တဲ့သော့ကို ငါ့ရဲ့ ပါလ်တိုအိပ်ထဲမှာ မေ့ကျန်ခဲ့တယ်"

**၄၀၃။ ပြင်းပြသော ဆန္ဒ**

စားပြတစ်ဦးက မိမိ၏ အဖော်ကို ဤသို့ ပြောသည်။
"ငါ့ဆီမှာ အင်မတန် ပြင်းပြတဲ့ ဆန္ဒတစ်ခု ရှိနေတယ်။ ဘဏ်ကို
စားပြဝင်တိုက်ပြီး၊ ယောက္ခမရဲ့ လက်ဖွဲပုံစံကို ထားရစ်ခဲ့ဘို့ပဲ"

**၄၀၄။ မမှားစေနဲ့**

ဆရာဝန်ထံသို့ လူနာတစ်ယောက်ရောက်လာသည်။
"ဒေါက်တာ၊ ကျွန်တော်ခေါင်းကိုက်ဗိုက်နာ ဖြစ်နေပါတယ်ခင်ဗျာ"
ဆရာဝန်သည် မိမိအိမ်ထောင်ထဲမှ ဆေးပြားတစ်ပြားကို ထုတ်လိုက်ကာ
နှစ်ခြမ်းဖြစ်အောင် ခွဲလိုက်သည်။ ထို့နောက် လူနာအား ကမ်းပေးရင်း
"ကျုပ် ညာဘက်လက်က အခြမ်းဟာ ခေါင်းကိုက်ရင် သောက်ဖို့၊ ဘယ်ဘက်က
အခြမ်းကတော့ ဗိုက်နာရင် သောက်ဖို့၊ မမှားစေနဲ့နော်"
ဟု ပြောလိုက်သည်။

**၄၀၅။ ကြည့်ကြသေးတာပေါ့**

လူရွှယ်တစ်ယောက် ဘတ်စ်ကားနောက်ကို ပြေးလိုက်သည်။
ပြေးရင်းလဲသည်။ ချက်ချင်းပြန်ထကာ ကားနောက်ကို ပြေးလိုက်ပြန်သည်။
လဲကျသည်။ ပြန်ထသည်။ ပြေးလိုက်သည်။ ဘတ်စ်ကား အပြည့်ပါလာသော
ခရီးသည်များက ၎င်း၏ ဖြစ်အင်ကို ကြည့်ကာ ရယ်မောကြသည်။
ပြေးလိုက်နေသော လူရွှယ်က ပြေးရင်း
"ရယ်ကြ၊ ရယ်ကြ၊ အားပါတရား ရယ်ထားကြ။ ဒီကားရဲ့ ဒရိုင်ဘာဟာ
ကျုပ်ဖြစ်တယ် ဆိုတာ ခင်ဗျားတို့ သိတဲ့အခါ ခင်ဗျားတို့ရဲ့ မျက်နှာကို
ကြည့်ချင်တယ်"
ဟု အော်ပြောလိုက်သည်။

### ၄၀၆။ သေချာရအောင်

လူရွယ်တစ်ဦး သေနတ်ဆိုင်သို့ သေနတ်ဝယ်ရန် ရောက်လာသည်။ ဆိုင်ရှင်အား ၎င်းအား မေးသည်။
"ခြောက်တောင့်ထိုး ယူမလား၊ ရှစ်တောင့်ထိုး ယူမလား"
"ခဏစောင့်ဗျာ"
ဟု လူရွယ်က ပြောကာ မြို့နယ် ဘဏ်ခွဲသို့ ဖုန်းဆက်သည်။
"ဟဲလို ဘဏ်ကလား၊ ခင်ဗျားတို့ဘဏ်မှာ အမှုထမ်းဘယ်လောက်ရှိသလဲဟင် "
ဟု မေးလိုက်သည်။

### ၄၀၇။ သူ့ကို ကျေးဇူးတင်

အထူးကု ဆရာဝန်၏သား ဆရာဝန်ပေါက်စက မိမိ၏ဖခင်ကို ပြောသည်။
"အဖေ၊ အဖေ ဆယ်နှစ်ကြာ အချိန်ယူ ကုခဲ့ရတဲ့ လူနာ အမျိုးသမီးကြီးကို ကျွန်တော် ပျောက်အောင် ကုလိုက်နိုင်ပြီ ခင်ဗျ"
"ဒီအချိန်ရောက်မှတော့ ဒီအမျိုးသမီး ပျောက်သင့်တာပေါ့သားရယ်၊ သူ့ကြောင့် မင်းဆရာဝန်ဖြစ်အောင်အထိ ဖေဖေ ကျောင်းဆက်ထားနိုင်ခဲ့တာကလား"

### ၄၀၈။ ဘုရားတရားကိုင်းရှိုင်းသူ

တက္ကသိုလ်ဝင်ခွင့် လူတွေ့စစ်မေးပွဲမှ ပြန်လာသော သားကို မိဘများဝိုင်းမေးကြသည်။
"သားဘဲ့နဲ့လဲ ဖြေနိုင်ရဲ့လား"
"မဆိုးပါဘူး၊ ဒါပေမယ့် မေးတဲ့ပါမောက္ခကတမျိုးကြီးပဲ၊ ဘာသာရေး တော်တော် ကိုင်းရှိုင်းပုံ ပေါက်တယ်၊ သူ့မေးခွန်းကို သားက ဖြေလိုက်တိုင်း မျက်လုံးကို အပေါ်လှန်ပြီး 'ဘုရား၊ ဘုရား' လို့ အမြဲတန်း ပြောတယ်"

### ၄၀၉။ သတင်းစာ ထုတ်မယ်

အိမ်သာသုံး စက္ကူထုပ်အပေါ်တွင် ခြင်နှစ်ကောင် ထိုင်နေကြသည်။
"စက္ကူ ရှိပြီ၊ သတင်းစာ ထုတ်ကြရအောင်"

## ၄၁၀။ ဖြစ်ပါ့မလား

လူနာက ဘေးအခန်းမှ အိမ်နီးချင်းကို မေးသည်။
"ကျွန်တော့ အခန်းက ခုတင် ထွက်သွားတဲ့ဆရာဝန် ခင်ဗျားကို ဘာမှ မပြောသွားဘူးလား"
"ဘာမှ မပြောပါဘူး။ အဲ တစ်ခုတော့ မေးတယ်။ အခေါင်းကို အိမ်တံခါးပေါက်ကနေ ထုတ်လို့ရနိုင်ပါ့မလားလို့ မေးသွားတယ်"

## ၄၁၁။ သတိမေ့ရောဂါ

လူနာ၏ဇနီးကို လမ်းမှာ တွေ့သည်နှင့် ဆရာဝန်က မေးသည်။
"ခင်ဗျားရဲ့ ခင်ပွန်းသည် နေကောင်းရဲ့မဟုတ်လား၊ သူ့ရဲ့ သတိမေ့တဲ့ ရောဂါ ပျောက်သွားပြီးလား"
"ကောင်းကောင်းတော့ မပျောက်သေးဘူး ဒေါက်တာ၊ မနက် မီးဖိုချောင်ကို အဝင်မှာ ပထမဦးဆုံး ကျွန်မခေါင်းကို ဖွန်းနဲ့ ခေါက်၊ ကြက်ဥပြုတ်ကို နှာခေါင်းနဲ့ နမ်းနေတုန်းပဲ"

## ၄၁၂။ ကူးချထားတယ်

"ဟေ့၊ မောင်ပီတာ၊ မင်းရေးတဲ့ ခွေးအကြောင်းစာစီစာကုံးဟာ မင်းအစ်ကို မောင်ဂျော်နီရေးတာနဲ့ တစ်ထပ်တည်းပါလား"
"အော် ဒါလား၊ ကျွန်တော်တို့အိမ်မှာ ဒီခွေးတစ်ကောင်တည်း ရှိတာကိုး ဆရာရဲ့"

## ၄၁၃။ သည်းမခံနိုင်ဘူး

ခွေးနှစ်ကောင် စကားပြောနေကြသည်။
"ဟေ့၊ မင်းရဲ့သခင်ကို မင်းကိုက်လိုက်တယ်လို့ သတင်းကြားတယ်၊ ဟုတ်သလား"
"ဟုတ်တယ်"
"ဘာဖြစ်လို့လဲ"
"ငါရတဲ့ ဆုတံဆိပ်ကို သူ ယူတပ်လို့"

www.burmeseclassic.com

### ၄၁၄။ မှတ်ဉာဏ်နည်းတဲ့ ယောက်ျား

လင်မယား ကွာရှင်းလိုမှုကို တရားရုံးတွင် စစ်ဆေးနေသည်။
တရားသူကြီးက မိန်းမက မေးသည်။
"ခင်ဗျားက ခင်ဗျားယောက်ျားကို ပါးရိုက်တယ်လို့ ဆိုထားတယ်၊ ဟုတ်သလား"
"မဟုတ်ပါဘူး"
ဖြောင်လိမ်တာပါ
ဟု ယောက်ျားက ဝင်ပြောသည်။
"ရှင့် ပါးစပ်ကို ပိတ်ထားစမ်း၊ နောက်တစ်ချက် ထပ်လိုချင်လို့လား"
ဟု အမျိုးသမီးက စိတ်မရှည်စွာဖြင့် အော်ပြောလိုက်သည်။

### ၄၁၅။ သိချင်လို့တဲ့

"ဟဲ့သား၊ ကော်ပီစာအုပ် အဖုံးမှာ ဘာဖြစ်လို့ ဖေဖေဓာတ်ပုံကို ကော်နဲ့ ကပ်ထားတာလဲ"
ဟု အမေလုပ်သူက ဒုတိယတန်းသား သားငယ်ကို မေးသည်။
"သားရဲ့ အိမ်စာတွေကို ဖြေပေးတဲ့ လူညံ့ရဲ့ မျက်နှာကို မြင်ချင်လိုက်တာလို့ ဆရာမက ပြောလို့ပါ"

### ၄၁၆။ ပညာက မနေဘူး

လမ်းဖြတ်ကူးသူကို မော်တော်ဆိုင်ကယ်က ဝင်တိုက်မိပြီး မောင်းပြေးသွားသည်။
အခင်းဖြစ်သည့် နေရာသို့ ရဲသားချက်ချင်းဆိုသလို ရောက်လာသည်။
အတိုက်ခံရသူသည် နာမည်ကြီး ခါးပိုက်နှိုက်သမား ဖြစ်ကြောင်း တွေ့တွေ့ချင်း ရဲသားက သိလိုက်သည်။
"တိုက်သွားတဲ့ မော်တော်ဆိုင်ကယ်ရဲ့နံပါတ်ကို မင်းမှတ်ထားလိုက်သေလား"
"မမှတ်မိလိုက်ဘူး၊ ဒါပေမယ့် သူ့ပိုက်ဆံအိတ်ကိုတော့ နှိုက်ထားလိုက်တယ်၊ ရော့"

## ၄၁၇။ မျှော်လင့်ချက်ရှိသေးတယ်

အသက်အရွယ်ကြီးရင့်ပြီဖြစ်သော မစ္စတာကော်နယ်လီ၏ ငယ်ရွယ်လှပသော ဇနီးသည် ကွယ်လွန်သွားသည်။ အသုဘချပွဲတွင် မစ္စတာကော်နယ်လီသည် အမူအရာ လုံးဝ မပျက်ချေ။ စိတ်ကို ကြံ့ကြံ့ခိုင်ခိုင် ထိန်းနိုင်ကြောင်း ထင်ရှားသည်။ သို့သော် ကွယ်လွန်သူဇနီး၏ တိတ်တိတ်ပုန်း ချစ်သူ လူငယ်ကမူ တစ်ချိန်လုံး ဝမ်းနည်းပက်လက် ငိုယိုလေသည်။ ကိစ္စအဝဝ ပြီးသောအခါ မစ္စတာကော်နယ်လီသည် လူငယ်အနား ကပ်သွားကာ အောက်ပါအတိုင်း ပြောလိုက်သည်။

"ဝမ်းနည်းမနေပါနဲ့ ကိုယ်လူရယ်။ ငါနောက်တစ်ခါ မိန်းမ ယူအုံးမှာပါကွ"

## ၄၁၈။ သေချာရအောင်

ဒုဗိုလ် – 'သေနတ်ကို တိုက်ချွတ်ရာမှာ ဘာကနေ စလုပ်သလဲ'
စစ်သား – ' သေနတ်ရဲ့ နံပါတ်ကို အရင်ဆုံး ကြည့်ပါတယ်'
ဒုဗိုလ် – ' ဘာဖြစ်လို့လဲ'
စစ်သား – 'တခြားလူရဲ့ သေနတ်ကို မတိုက်မိအောင်ပါ'

## ၄၁၉။ အချိန်မရလို့

"ဟေ့ မိန်းမ၊ အိမ်ဝင်တံခါးရှေ့မှာ မင်းဘယ်သူနဲ့ တစ်နာရီကျော်ကြာအောင် အာလူးဖုတ်နေတာလဲကွ"
"ဘေးအိမ်က မစ္စက်အလက်ဇန်ဒါလေ၊ သူအိမ်ထဲ ဝင်ဘို့ အချိန်မရလို့ လမ်းပေါ်မှာပဲ စကားပြောလိုက်ကြရတာ"

## ၄၂၀။ ခွေးလိုကျင့်ပါ

"အချစ်ရေ၊ မောင့်ကို အိမ်ကခွေးလို သဘောထားစေချင်တယ်ကွယ်"
"ရှင့်ဘာကို ဆိုလိုတာလဲ"
"အချိန်တန် ထမင်းကျွေးပြီး၊ အချိန်တန် လမ်းလျှောက်ထွက်ခွင့် ပေးဘို့ပါကွယ်"

## ၄၂၁။ တို့လဲ သိချင်တယ်

ချာတိတ်တစ်ယောက် သူ၏ သူငယ်ချင်းအိမ်သို့ အလည်လာသည်။ အိမ်တံခါးကို ဖွင့်လိုက်သောအခါ အင်းခွေးကြီးတစ်ကောင်ကို ၎င်း မြင်လိုက်ရသည်။
"ဒီခွေးက လူ မကိုက်ဘူးနော်"
"အဲဒါ တို့လဲ သိချင်နေတာပဲ၊ ဒီခွေး တို့အိမ် ရောက်တာ ဒီနေ့ဟာ ပထမနေ့လေ"

## ၄၂၂။ ငါလဲ သူတို့လိုပဲ

"အခုခေတ်မှာ သူငယ်ချင်းစစ်၊ သူငယ်ချင်းမှန်ဆိုလို့ မရှိသလောက် ရှားနေပါလား၊ မနေ့က ဂျွန်ဆီမှာ ငွေတစ်ထောင် ချေးလိုက်တာ မပေးနိုင်ဘူးလို့ ငြင်းလိုက်တယ်။ အသုံးမကျတဲ့ ကောင်ပဲ"
"ဟော့၊ မင်းကို ငါကြိုတင် သတိပေးထားရမယ်၊ ငါလဲ အသုံးမကျတဲ့ အကောင်ဘဲ"

## ၄၂၃။ အလကား မပေးနိုင်ဘူး

ဒဏ်ရာရနေသော ဂျူးတပ်သားကို ရုရှားစစ်သားက ရန်သူများ ဝိုင်းရံထားသည့်ကြားမှ ကယ်ထုတ်လာသည်။
"အီဗန်၊ ငါ့ကို ပစ်သတ်လိုက်ပါ၊ ဒီဒဏ်ရာနဲ့ ငါသေမယ်ဆိုတာ သေချာတယ်"
"ငါ့ဆီမှာ ကျည်ဆန် မကျန်တော့ဘူးကွ"
"ဒီလိုဆို ငါ့ဆီက နည်းနည်းဝယ်လေ"

## ၄၂၄။ သောက်ပစ်လိုက်သလား

မိတ်ဆွေနှစ်ယောက် နှစ်သစ်ကူးပွဲမှ ပြန်လာကြသည်။ အရက်တန်ခိုးကြောင့် နှစ်ဦးစလုံး ခြေထောက်မခိုင်ချင်လှ။ အိမ်ခန်းရှေ့တွင် အိမ်ရှင်ဖြစ်သူက စီးကရက်ဖြင့် တံခါးကို ဖွင့်ရန် ကြိုးစားသည်။
"ဒါနဲ့ အခန်းကို ဖွင့်ရင် ခက်မှာပေါ့။ ဒါက စီးကရက်ပဲ" ဟု အဖော်ဖြစ်သူက ပြောသည်။
"ဟုတ်လား၊ သော့ကို ငါ သောက်ပစ်လိုက်မိသလား"

## ၄၂၅။ နေရာမှန်

လူကြီးတစ်ဦး ဆံပင်ညှပ်ရန် ရည်ရွယ်ချက်ဖြင့် ဆံပင်ညှပ်ဆိုင်သို့ ဝင်လာသည်။ သို့သော် ဆံပင်ညှပ်သမားထံမှ အရက်နံ့ရသဖြင့် ဆိုင်မှထွက်ရန် ခြေလှမ်းပြင်သည်။ ဆိုင်ပြင်လှမ်းထွက်ရင်း
"ဆံပင်ညှပ်ဘို့လာတာပဲ၊ ဒါပေမယ့် ခင်ဗျားကြည့်ရတာ ရေချိန်နည်းနည်း ကိုက်နေပုံပေါ်တယ်"
ဟု ပြောလိုက်သည်။
"ဒါက အသေးအမွှားပါဗျာ၊ ထိုင်စမ်းပါ၊ ကျွန်တော် ညှပ်ပေးပါ့မယ်၊ ခေါင်း ဘယ်မှာ ရှိတယ်ဆိုတာသာ ကျွန်တော့်ကိုပြ" ဟု ဆံပင်ညှပ်ဆရာက ပြောလိုက်သည်။

## ၄၂၆။ ကားသစ်

ချာတိတ်တစ်ယောက် လမ်းပေါ်တွင် ကြွားနေသည်။
"ငါတို့အဖေ၊ ကားသစ်တစ်စီးရပြီ"
"ဘယ်မှာလဲ အဲဒီကား"
"ကားဂိုဒေါင်ထဲမှာလေ၊ တို့အဖေ တစ်ညလုံး ကားကို ဆေးသစ်သုတ်ပြီး၊ ကားနံပါတ်ကိုလည်း ပြောင်းလိုက်တယ်"

## ၄၂၇။ အားကြီးစိတ်ဆိုးတယ်

ရေချိန်အတော်ကိုက်လာသော ယောကျ်ား အိမ်သို့ ပြန်ရောက်လာသည်။ တံခါးဖွင့်ပြီး ကိုယ်လုံးပေါ်မှန်ရှေ့တွင် ရပ်လိုက်သည်။ မှန်ပေါ်တွင် မိမိ၏ ပုံကို မြင်ရသည်။
"ငါမရှိတုံး အခွင့်ကောင်းယူပြီး ငါ့မိန်းမဆီ မင်းလာတာပေါ့လေ၊ ဟုတ်လား၊ ဟေ့ကောင် အခုချက်ချင်းထွက်သွားစမ်း"
မှန်ပေါ်မှ အရုပ်သည် နေရာမှ မရွေ့ချေ။ ထိုအခါ ဖိုးသမားသည် ကုလားထိုင်ကို ဆွဲယူလိုက်ပြီး၊ မှန်ကို ခွဲပစ်လိုက်သည်။ မှန်ကွဲများ ပြန့်ကျဲကုန်သည်။
"ဟေ့ မိန်းမ၊ မင်းလင်ငယ်ရဲ့ မျက်မှန် အကွဲစတွေ လာသိမ်းစမ်း"

## ၄၂၈။ ခဏကိုင်ထား

မြေးက အဖွားကို မေးသည်။
"ဖွားဖွား၊ ဖွားဖွား ချောကလက်ကြိုက်သလားဟင်"
"ကြိုက်သော်လဲ မစားနိုင်ပါဘူး ငါ့မြေးရယ်၊ အဖွားဆီမှာ သွားတစ်ချောင်းမှ မရှိတော့တာပဲ"
"ဒီလိုဆိုရင်၊ ကျွန်တော့ ချောကလက်တွေကို ခဏ သိမ်းထားနော်၊ ကျွန်တော် သွားကစားလိုက်အုံးမယ်"

## ၄၂၉။ အလုပ်ပြုတ်မှာ စိုးတယ်

ရုရှားနှင့် ဂျပန်မိတ်ဆွေနှစ်ဦး ဆိုဗီယက် စားသောက်ဆိုင်သို့ ဝင်လာသည်။
ဂျပန်က မီးချစ်ဆံတစ်ဆံကို ချစ်လိုက်သည်။ အဆုံးအထိ လောင်သွားသည်။
ဒုတိယအဆံကို ချစ်လိုက်ပြန်သည်။ အဆုံးထိလောင်သွားပြန်သည်။
တတိယအဆံကို ချစ်ပြန်သည်။ အဆုံးအထိ လောင်သွားသည်ကို ကြည့်ကာ ရုရှားက ဂျပန်ကို မေးသည်။
"အစာမစားခင် လုပ်တဲ့ ခင်ဗျားတို့ရဲ့ ဓလေ့ ထုံးစံလား"
"မဟုတ်ဘူး၊ မီးချစ်ဆံ သုံးဆံတောင် ကုန်သွားပြီး၊ စားပွဲထိုးကက မလာသေးဘူး၊ ဒီလူကိုအ လုပ်ဖြုတ်ပစ်တော့မယ် ထင်တယ်နော်"

## ၄၃၀။ ထင်မိသားပဲ

ဆီးကို ဓာတ်ခွဲခန်းစစ်ဆေးရန်အတွက် လူတစ်ယောက် ငါးလီတာ ပုလင်းအပြည့်ပါသော ဆီးပုလင်းကို ဓာတ်ခွဲခန်းဆရာအား ပေးသည်။
"ခင်ဗျားသွားထားတဲ့ ကျင်ကြီးတွေ အပြည့်ပါတဲ့ သေတ္တာနှစ်လုံးကော တစ်ပါတည်း မပါဘူးလားဗျာ" ဟု ဓာတ်ခွဲခန်းဆရာက ရွဲ့မေးသည်။
"ဒီလိုမေးနိုင်တယ်ဆိုတာ ကြိုတင်ခန့်မှန်းထားလို့ တစ်ပါတည်း ယူလာပါတယ်ဗျာ။ ရော့ ယူ"

## ၄၃၁။ အဆိုးဆုံး

"အဆိုးဆုံးကို ရင်ဆိုင်ဘို့ ပြင်ထားပေတော့ "
"ဒေါက်တာ၊ ကျွန်တော် သေတော့မှာလားဟင်"
"မဟုတ်ဘူး၊ တန်ဖိုးကြီးတဲ့ ဆေးဝယ်ဘို့ ဆေးစာရေးပေမလို့"

## ၄၃၂။ စားချင်သလား

အီဗန်သည် မိမိ၏ သူငယ်ချင်း နီကိုလိုင် အိမ်သို့ ရောက်လာသည်။ နီကိုလိုင်၏ မိခင်က တံခါးကို ဖွင့်ပေးသည်။
"နီကိုလိုင် ထမင်းစားနေတယ်ကွဲ့၊ မင်းလဲ ထမင်းစားချင်မယ်ထင်တယ်"
"ဟုတ်ကဲ့"
"အဲဒီလိုဆို အိမ်ပြန်ထမင်းသွားစားချေ၊ ပြီးတော့ ပြန်လာခဲ့ပေါ့"

## ၄၃၃။ အရည်အချင်း

"၃၀– ကို ငါးနဲ့ မြှောက်ရင် ဘယ်လောက်ရမလဲ "
ဟု ပျော်ပွဲစားရုံပိုင်ရှင်က အလုပ်လာလျှောက်လာသူ လူငယ်အား မေးသည်။
"ဘယ်အဖွဲ့တွေနဲ့ လာစားသလဲ။ ဘယ်အချိန်မှာ လာစားသလဲ၊ ပြီးတော့ ဒီမတိုင်မီ သူတို့ ဘယ်လောက်အထိ သောက်ထားကြပြီလဲ"
"ရပြီ၊ မင်းကို အလုပ်ခန့်လိုက်ပြီ"

## ၄၃၄။ ပြချင်လို့

အဖိုးတန် သိုးမွေးဝတ်ရုံကို စမ်းဝတ်ကြည့်ပြီးနောက် ဝယ်သူ အမျိုးသမီးသည် ကျသင့်ငွေကိုချေသည်။ ထို့နောက် စူပါမားကတ်မှ အရောင်းသမကို ပြောသည်။
"ဒီအမွေးဝတ်ရုံကြီးကို ကျွန်မရဲ့အိမ်ကို လာပို့ပါ။ အိမ်ရောက် ကျွန်မရဲ့အခန်းကို အရင်မဝင်ပဲ အိမ်မှားတဲ့ ဟန်ဆောင်ပြီး ဘေးခန်းက မိန်းမကြီးဆီ အရင်ဝင်ပေးပါ"



BURMESE CLASSIC .com

**၄၃၅။ အတုယူခိုင်းမှာ စိုးတယ်**

"ဦးရဲ့သမီးကို ကျွန်တော်နဲ့ ဘာကြောင့် လက်ထပ်ခွင့်မပြုတာလဲ ခင်ဗျာ၊ ဦးသိတဲ့အတိုင်း ကျွန်တော် ဆေးလိပ်မသောက်၊ အရက်မသောက်တဲ့အပြင် လောင်းကစားလဲ သိပ်မပါဘူး မဟုတ်လားခင်ဗျာ"
"မောင်ရင့်ကို လက်ညှိုးထိုးပြီး မောင်ရင့်အတိုင်းနေဘို့ ငါ့ကို မိန်းမက တစ်ချိန်လုံး စံနမူနာယူခိုင်းမှာ စိုးလို့ဟေ့"

**၄၃၆။ သွေးခုန်နှုန်းတိုးတယ်**

"ခင်ဗျားရဲ့သွေးခုန်နှုန်းတိုးနေတယ်"
ဟု ဆရာဝန်က ပြောသည်။
"ငါးမျှားတာကြောင့် ဖြစ်မယ်ထင်တယ်"
"ငါးမျှားလို့ သွေးခုန်နှုန်း တက်တယ်ဆိုတာ ဒီ တစ်ခါပဲ ကြားဘူးတယ်၊ မဖြစ်နိုင်တာ"
"ဒေါက်တာကိုယ်တိုင် 'ငါးမမျှားရ' လို့ ပိတ်ပင်ထားတဲ့ နေရာမှ ငါးမျှားကြည့်ပါလား"

**၄၃၇။ ပြစ်မှု**

တရားရုံးတွင်ဖြစ်သည်။
တရားခံ – "တရားသူကြီးမင်းခင်ဗျား၊ မနှစ်က တရားသူကြီးရဲ့ဇနီး ရေနစ်တုန်းက သူ့အသက်ကို ကျွန်တော် ကယ်ခဲ့တယ်ဆိုတာကို ဖော်လိုပါတယ်"
တရားသူကြီး – 'မောင်မင်း နောက် ဘာပြစ်မှုတွေ ကျူးလွန်ခဲ့သေးလဲ

**၄၃၈။ မမှန်ဘူး**

အီဗန်သည် စိန့်ပီတာစဘတ် (လီနင်ဂရက်) မြို့မှ မော်စကိုသို့ ကားမောင်းပြန်လာသည်။ လမ်းတွင် ဂျစ်ပစီမတစ်ဦး လက်ပြနေသည်ကို တွေ့ရသည်။ ဂျစ်ပစီများ စကားများလေ့ရှိသည်ကို သိသော်လည်း သနားသည်နှင့် ကားရပ်ကာ လမ်းကြုံအဖြစ် ခေါ်တင်ခဲ့သည်။ ကားပေါ် ရောက်သည်နှင့် ဂျစ်ပစီမက ပြောသည်။

"ကျေးဇူးတင်တဲ့အနေနှင့် ရှင့်ကို ဗေဒင်ကြည့်ပေးမယ်"

"မကြည့်နှင့်၊ အတိတ်အကြောင်းကို ငါသိပြီးသား၊ အနာဂတ်ကိုလည်း နောင်မှာ ငါသိရမှာပဲ"

"မကြည့်စေချင်ရင်လည်း မကြည့်ပါဘူးတော်၊ ဒါပေမယ့် အမှန်တရားသုံးခုအကြောင်းတော့ ပြောပါရစေ"

တစ်ခုခုမပြောရရင် ဂျစ်ပစီမ နေမည်မဟုတ်ဟု သဘောပေါက်လိုက်သော အီဗန်သည်

"ကိုင်း ပြောပြ"

ဟု ခွင့်ပြုလိုက်သည်။

"ပထမ အမှန်တရားက လမင်းဟာ အလင်းရောင်ကိုသာ ပေးတယ်။ အနွေးဓာတ်ကိုတော့ မပေးဘူးတဲ့"

"အေး၊ မှန်သားပဲ"

"နောက်အမှန်တရားတစ်ခုကတော့ ဆိတ်ဆိုတဲ့ အမျိုးဟာ ကိုယ့်မုတ်ဆိတ်ကို ဘယ်တော့မှ မရိတ်ဘူးတဲ့"

"အေး ဒါလဲ မှန်သားပဲ"

"တတိယ အမှန်တရားကတော့ ရှင့်မိန်းမ မာရီယာ ဘေးအိမ်က လူပျိုကြီး နီကိုလိုင်နဲ့ ဖောက်ပြားနေသတဲ့"

"ဟေ့ ဒါတော့ မဖြစ်နိုင်ဘူး၊ မယုံနိုင်ဘူးကွာ"

"ရှင့်သဘောပဲ၊ ယုံချင်ယုံ မယုံချင်နေ၊ ကျွန်မကတော့ ကျွန်မ မြင်တာကို ပြောတာ"

အီဗန် အိမ်သို့ ပြန်ရောက်လာသည်။ ဇနီးသည် မာရီယာက ကြိုဆိုပြီး နေ့လည်စာ စားရန် ပြင်ပေးသည်။ ထမင်းဝိုင်းတွင် ဝိုင်အရက်သောက်ရန် ငှဲ့ပေးသည်။ အီဗန်သည် လမ်းတွင် တွေ့ခဲ့သော ဂျစ်ပစီမ အကြောင်းကို မာရီယာအား ပြောပြသည်။ ပထမအမှန်တရားကို ပြောပြသောအခါ မာရီယာက မှန်တယ်ဟု ထောက်ခံသည်။ ဒုတိယ အမှန်တရားကို ပြောပြသောအခါလည်း မှန်ကြောင်း ထောက်ခံပြောပြန်သည်။

"တတိယ အမှန်တရားကိုတော့ မင်းကို ငါ မပြောတော့ဘူးကွာ"

"ပြောလက်စနဲ့ ဆက်သာ ပြောပါတော်၊ လူကို ဆန့်တငင်ငင်နဲ့ မထားနဲ့"

ဟု မာရီယာက တောင်းပန်သည်။ သို့ဖြင့် အီဗန်က ဆက်ပြောသည်။

"တတိယ အမှန်တရားကတော့ ဒို့အိမ်နီးချင်း လူပျိုကြီး နီကိုလိုင်ရဲ့ ' ' ဟာ သေးသေးလေးဆိုပဲကွ"

"အဲဒါတော့ ဂျစ်ပစီမ မှားပြီရှင့်"

## ၄၃၉။ ကြီးကြပ်ရေးမှူး

ရဲဘော်နှစ်ယောက် စကားပြောနေကြသည်။
"ငါတော့ အထောက်ကို စိတ်ညစ်နေပြီ၊ ဘဝမှာ လွတ်လပ်မှုဆိုတာ မရှိတော့ဘူး၊ ဘယ်နေရာ သွားသွား ချုပ်ချယ်ခံနေရတယ်။ အချိန်အတိအကျနဲ့၊ စည်းကမ်းချက်နဲ့ လှုပ်ရှားနေရတယ်။ အမိန့်တွေကလည်း တစ်နေ့တစ်မျိုးပဲ"
"ဘာလဲ၊ မင်းတို့ဆီမှာ တပ်ရင်းမှူးအသစ် ရောက်လာလို့လား"

## ၄၄၀။ ဖြေချင်သေးတယ်

ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးဘရက်ဇနေက်၏ သတင်းစာရှင်းလင်းပွဲတွင် ဖြစ်သည်။ မေးခွန်းတစ်ခုချင်းကို ဘရက်ဇနေက်မှ ဖြေကြားသည်။ နောက်ဆုံးတွင် အခမ်းအနားမှူးလုပ်သူက
"မေးခွန်းတွေ ရှိပါသေးသလား"
ဟု သတင်းထောက်တို့ကို မေးသည်။ မည်သူမှ မမေးတော့သောအခါ ဆေးစရာ မရှိတော့တဲ့အတွက် သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းကြောင်း ကြေညာသည်။ ထိုအခါ ဘရက်ဇနေက်က ချက်ချင်း လက်တားပြီး
"ဘာဖြစ်လို့ ရုပ်သိမ်းရမှာလဲ။ ကျုပ်ဆီမှာ အဖြေနှစ်ခု ကျန်သေးတယ် "
ဟု ပြောလိုက်သည်။

## ၄၄၁။ ပါတီက ထွက်ချင်ရင်

"ပါတီက ထွက်ချင်ရင် ဘာလုပ်ရမလဲ"
"ပါတီဝင် မဟုတ်သူ နှစ်ဦးရဲ့ ထောက်ခံချက်ကို ယူခဲ့"

## ၄၄၂။ မြင်းလိမ္မာ

ဒုတိယကမ္ဘာစစ်အတွင်းက ဆိုဗီယက်မြင်းတပ်တွင် အမှုထမ်းခဲ့သော စစ်ပြန်အဖိုးကြီးက ပြောပြသည်။
"အမှန်တကယ်တော့ မြင်းတွေ လိမ္မာပုံအကြောင်း ပြောစကားတွေဟာ လိုတာထက်ပိုပြီး ပုံကြီးချဲ့တဲ့သဘောတွေပါတယ်လို့ ယူဆချင်တယ်။

ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပြမယ်။ တစ်နေ့ ကျုပ်ဒဏ်ရာရရှိပြီး မေ့မြောသွားတယ်။ ကျုပ်ရဲ့မြင်းဟာ ကျုပ်မပါပဲနဲ့ ဆေးတပ်ဖွဲ့ရှိရာကို ထွက်သွားတယ်၊ ပြီးတော့ ဆရာဝန်ကို ခေါ်လာတယ်"
"ဒါကို ကြည့်ခြင်းအားဖြင့် မြင်းတွေဟာ အင်မတန် လိမ္မာတယ်ဆိုတာ ပေါ်လွင်တာပေါ့ ဦးကြီးရဲ့"
"ဒီလို အရင်စလို မပြောနဲ့လေ၊ ဒီကောင် ဘယ်သူ့ကို ခေါ်လာတယ် ထင်လို့လဲ၊ တိရစ္ဆာန် ဆရာဝန်ကို ခေါ်လာတာကွ"

## ၄၄၃။ အခုလိုချင်တယ်

ထီလက်မှတ် ရောင်းသူကို လူတစ်ဦးက မေးသည်။
"မောင့်ရင်ကြော်ငြာအရ အခုထီကို ငါထိုးရင် ဒေါ်လာတစ်သိန်းပေါက်နိုင်တယ်ပေါ့ ၊ ဟုတ်လား"
"ဟုတ်ပါတယ်"
"ဘယ်တော့ ထီဖွင့်မှာလဲ"
"လာမယ့်အပတ် ကြာသပတေးနေ့မှာပါ"
"ဟာ ဒါတော့မဖြစ်ဘူး၊ အခုအပတ် စနေနေ့မှာ ငါ ငွေလိုနေတာကွ"

## ၄၄၄။ သေချင်းဆိုး

ယောက်ျားဖြစ်သူက မြင်းပြိုင်ပွဲသို့ သွားကာ 'သေချင်းဆိုး' အမည်ရှိ မြင်းဘက်မှနေ၍ ပုံအောလောင်းလိုက်သည်။ သေချင်းဆိုး ပထမ ပန်းဝင်သဖြင့် ဆုငွေ အမြောက်အမြား ရလိုက်သည်။
"ဒီမြင်း နိုင်မယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်သိသလဲဗျ"
ဟု အနားမှလူကမေးသည်။
"ကျုပ်မိန်းမက နိမိတ် ပေးလိုက်တာဗျ၊ အိမ်ကအထွက် မြင်းပွဲသွားမယ်ဆိုတာ သိတာနဲ့ 'သေချင်းဆိုး' လို့ သူလှမ်းအော် ပြောလိုက်တယ်လေ"

## ၄၄၅။ ပညာယူရမယ်

ဂုဏ်သရေရှိ လူများကိုသာ အသင်းဝင်အဖြစ် လက်ခံသည့် ကလပ်တစ်ခု၏ ဥက္ကဋ္ဌက အသင်းဝင်တစ်ဦးအား သတင်းတစ်ခုကို ပြောပြသည်။
"မနေ့က ဖဲလိမ်ရိုက်တဲ့ လူတစ်ယောက်ကို လက်ပူးလက်ကြပ် ဖမ်းမိတယ်ဗျ"
"အဲဒီလူကို ကလပ်ကနေ ချက်ချင်းထုတ်ပစ်လိုက်တယ် မဟုတ်လား"
"အသင်းဝင်အဖြစ်ကနေ မထုတ်ရသေးဘူး၊ ကျန်အသင်းဝင်တွေကို ဖဲလိမ်နည်း အရင်သင်ပေးဘို့ တောင်းဆိုထားတယ်"

## ၄၄၆။ မိန်းမရှိရင် ဖဲမကစားနဲ့

"မိန်းမရှိတဲ့ လူဟာ ဖဲလုံးဝ မကစားသင့်ဘူး"
"ဘာဖြစ်လို့လဲ"
"သူ ဖဲရှုံးရင် မိန်းမရဲ့အဆူကို ခံရတယ်။ အဲ နိုင်ရင်တော့ နိုင်တဲ့ငွေ အားလုံးကို မိန်းမက သိမ်းတယ်လေ"

## ၄၄၇။ ဒါကြောင့်

"အဝတ်အစား တောက်တောက်ပြောင်ပြောင်နဲ့ ခင်ဗျား တစ်သွေးတစ်မွေး ဖြစ်နေလို့ပါလား၊ ဘာလဲ။ မြင်းပွဲ နိုင်လို့လား"
"မဟုတ်ဘူး၊ မြင်းပွဲ မလောင်းတော့လို့"

## ၄၄၈။ ဝန်မခံတက်သူ

လူကြီးတစ်ဦးသည် စစ်တုရင် ကစားနည်းကို အလွန် ကြိုက်နှစ်သက်သည်။ ကစားရာတွင် မကျွမ်းကျင်လှသော်လည်း မိမိ ရှုံးကြောင်း ဝန်ခံရန် ဝန်လေးလေ့ ရှိသည်။ တစ်နေ့ နာမည်ကြီး စစ်တုရင် ကစားသမားတစ်ဦးနှင့် ကစားရာတွင် သုံးပွဲဆက်တိုက် ရှုံးသည်။ ဤတွင် 'အကျည်စားသန်သူတစ်ဦး' အနားရောက်လာပြီး ဤသို့ မေးသည်။
"ဘယ်လိုလဲ၊ အန်ကယ် ရှုံးပြန်ပြီလား"
"ပထမပွဲကို တစ်ဖက်ကလူ မရှုံးဘူး၊ ဒုတိယပွဲမှာ သူ့အပေါ် ကျုပ် အနိုင်မရဘူး၊ အဲ တတိယပွဲမှ သရေ ဖြစ်စေချင်သော်လဲ သူက သဘောမတူဘူး"

## ၄၄၉။ လိုချင်တာ ရမယ်

ရုရှားနိုင်ငံတွင် ဖြစ်သည်။
လူတစ်ယောက် 'အိမ်ခန်း ဝယ်လိုကြောင်း' သတင်းစာထဲ ကြော်ငြာသည်။ မကြာမီ ၎င်းအား ဌာနတစ်ခုက ဖိတ်ခေါ်ပြီး အောက်ပါအတိုင်း မေးသည်။
"အိမ်ခန်းဝယ်လိုတဲ့ ကြော်ငြာ၊ ခင်ဗျား ထည့်တာလား"
"ဟုတ်ပါတယ်"
"အဲဒီလိုဆိုရင် အခု ငွေချေပြီး အခန်းသစ်ကို ပြောင်းနေပါ"
အိမ်ခန်းအသစ်ရပြီးနောက် ထိုလူသည် 'မော်တော်ကားအသစ်တစ်စီး ဝယ်လိုကြောင်း' ကြော်ငြာထည့်ပြန်သည်။ မကြာမီ ယခင်ဌာနကပင် ၎င်းအား ဖိတ်ခေါ်ကာ မေးပြန်သည်။
"ခင်ဗျားလား ကားတစ်စီးလိုချင်တာ"
"ဟုတ်ပါတယ်"
"ဒီလိုဆို ငွေချေလိုက်ပါ၊ ချေပြီးရင် ကားပါ တစ်ခါတည်း ယူသွားပါ"
ဤကဲ့သို့ လိုချင်တာကို လွယ်လွယ်ကူကူ ရသဖြင့် ၎င်းသည် မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ အထူးလည်း ဝမ်းသာသွားသည်။
နောက်များ မကြာမီ အဆိုပါ ဌာန ကိုယ်တိုင်က ၎င်းအား ဖိတ်ခေါ်ပြီး မေးသည်။
"ခင်ဗျား၊ လေယာဉ်ပျံ မဝယ်ချင်ဘူးလား"
"လောလောဆယ်တော့ မပြောတတ်သေးဘူးဗျာ"
"ကျုပ်တို့ကို အားနာမနေနဲ့၊ လိုချင်တဲ့ အမျိုးအစားသာ ပြောလိုက်၊ ရရစေ့မယ်"
"နေပါအုံး၊ မိတ်ဆွေတို့ ဌာနက ဘာဌာနလဲ ခင်ဗျာ"
"မှောင်ခို သူဌေးတွေကို ဖော်ထုတ်တဲ့ ဌာနလေ"

## ၄၅၀။ ကိုယ်ချင်းစာ စမ်းပါ

သန်းကြွယ်သူဌေး နှစ်ယောက် မြေအောက်ရထားကို စီးလာကြသည်။ ခရီးသည်များ ပြွတ်သိပ်ကြပ်နေသည်ကို အခွင့်ကောင်းယူကာ ခါးပိုက်နှိုက်သမားက သန်းကြွယ်သူဌေး တစ်ဦး၏ အိတ်ထဲမှ ပိုးပဝါကို တဖြည်းဖြည်း ဆွဲယူလာသည်။ ဤသည်ကို မြင်သော အခြားသူဌေးက မိမိ၏ မိတ်ဆွေကို တိုးတိုးလေး သတိပေးသည်။
"ဟေ့လူ၊ ခင်ဗျား အိတ်ထောင်ထဲက ပဝါကို ဟိုကောင် နှိုက်နေပြီ"
"ဒီကောင့်ကို မနှောင့်ယှက်စမ်းပါနဲ့ဗျာ၊ ကျုပ်တို့လဲ ဒီလိုပဲ တန်ဖိုးနည်းတဲ့ ပစ္စည်းတွေနဲ့ စခဲ့ရတာပဲ ဥစ္စာ"

## ၄၅၁။ ကျေနပ်စေချင်တယ်

ဂျွန်သည် ညအချိန်မတော် မိမိ၏ အိမ်ခန်းထဲ လာခိုးသော သူခိုးကို လက်ပူးလက်ကြပ်မိသည်။ ဂျွန်သည် သူခိုးအား အောက်ပါအတိုင်း ချိုချိုသာသာ ပြောသည်။

"ကျွန်တော့နဲ့ ခဏလိုက်ခဲ့ပါ။ ခင်ဗျားကို ကျွန်တော့ မိန်းမနဲ့ မိတ်ဆက်ပေးမယ်။ ဆယ်နှစ်လုံးလုံး ညတိုင်းညတိုင်း အိပ်ခန်းထဲ သူခိုးဝင်တယ်လို့ချည်း သူထင်ခဲ့တယ်။ ကျွန်တော်က ဘာသူခိုးမှ မရှိဘူး၊ အိပ်မှာသာ အိပ်စမ်းပါ မိန်းမရယ်ဆိုပြီး၊ အမြဲတန်း ဖျောင်းဖျခဲ့ရတယ်။ အခုတကယ့်သူခိုးကို မြင်ရရင် သူထင်တာ မမှားဘူးဆိုပြီး ကျေနပ်မှာ ခင်ဗျ"

## ၄၅၂။ ကြက်သူခိုး

တောမြို့ကလေး တစ်မြို့တွင် ဖြစ်သည်။ အခြေအနေမဲ့ လူငယ်တစ်ယောက်သည် အိမ်တစ်အိမ်မှ မွေးထားသော ကြက်တစ်ကောင်ကို ခိုးကာ လူပြတ်သော နေရာတွင် အမွေးများကို နှုတ်သည်။ ၎င်းကို ဖြတ်လျှောက်လာသော ရဲသားက မြင်သွားသည်။ ကြက်သူခိုးသည် ရုတ်တရက် လန့်ဖြန့်ပြီး ကြက်ကို အနားရှိ ရေအိုင်ထဲသို့ လွှင့်ပစ်လိုက်သည်။

"ဟေ့ နေရာက မရွှေ့နဲ့၊ မင်းအခုပဲ ကြက်ကို ခိုးတယ်ဆိုတာ ငါမြင်တယ်"

"ကျွန်တော် ဘယ်တော့ မှ သူများပစ္စည်းကို မခိုးဝံ့ပါဘူးဗျာ"

"ဒါဖြင့်ရင် ဒီကြက်မွေးတွေက ဘာလုပ်တာလဲ"

"ကြက်မက သူရေဆင်းချိုးနေတုံး သူ့အဝတ်အစားတွေကို ခဏ ကြည့်ခိုင်းထားတာပါ"

## ၄၅၃။ သားရဲ့ လက်ချက်ပဲ ဖြစ်ရမယ်

"မေရီရေ၊ မောင့် အိတ်ထောင်ထဲက ပိုက်ဆံကို သားငယ်လေး ယူသွားပြီးထင်တယ်"

"ရှင်ကလဲ ဘာဖြစ်လို့ ကလေးကို စွပ်စွဲရတာလဲ၊ စွပ်စွဲမဲ့ စွပ်စွဲရင် ကျွန်မကို စွပ်စွဲရောပေါ့တော်"

"အခုကိစ္စက မင်းမဖြစ်နိုင်ဘူးကွ၊ ပိုက်ဆံက တစ်ဝက်ကျော်ကျော် ကျန်နေသေးတယ်"

## ၄၅၄။ ခြားနားချက်

ဂီတပညာသင်ကျောင်းတွင် ဖြစ်သည်။ သင်တန်းတက်ရန်
လျှောက်လွှာလာတင်သော မီးသတ်သမားကို သင်တန်းဆရာက မေးသည်။
"တရောနဲ့ စန္ဒာရား ဘာ ကွာခြားသလဲ"
အနည်းငယ်စဉ်းစားပြီး မီးသတ်သမားက ဤသို့ ဖြေသည်။
"စန္ဒာရားဟာ တရောထက် ပိုပြီး ကြာကြာလောင်ပါတယ်"

## ၄၅၅။ တူနဲ့ မထုလဲ မအိပ်ပါဘူး

"တစ်ဖက်ခန်းက အိမ်နီးချင်းဟာ အလိုက်ကန်းဆိုး မသိဘူး၊ တစ်ညလုံး နံရံကို
တူနဲ့ ထုနေတယ်"
"ခင်ဗျား၊ တစ်ညလုံး အိပ်လို့ မရဘူးပေါ့၊ ကိုယ်ချင်းစာပါတယ်ခင်ဗျာ"
"အမှန်အတိုင်းပြောရရင် သူတို့ တူနဲ့ မထုလဲ ကျုပ်မအိပ်ဖြစ်ပါဘူး၊ တစ်ညလုံး
ကျုပ် ထရမ်းပက် အမှုတ် လေ့ကျင့်နေတယ်လေ"

## ၄၅၆။ ချို့ယွင်းချက်

တောသူဌေး၏ တစ်ဦးတည်းသော သမီးကို တစ်ဖက်ရွာမှ ဘွဲ့ရလူငယ်နှင့်
ပေးစားရန် အောင်သွယ်က လာရောက်စေ့စပ်သည်။ အောင်သွယ်က
သတို့သားလောင်း၏ ကောင်းကြောင်းများကို အချိန်ယူ ပြောကြားပြီးသည့်နောက်
အချက်တစ်ချက်ကို ဤသို့ သတိပေးသည်။
"ဒီလူငယ့်ဆီမှာ ထစ်တက်တာလေး တစ်ခုပဲ ချို့ယွင်းချက်ရှိတယ်"
"ဘာလဲ၊ အမြဲတန်း ထစ်တက်တာလား"
"မဟုတ်ပါဘူး၊ စကားပြောတဲ့ အခါမှပါ"



BURMESE CLASSIC .com

www.burmeseclassic.com

## ၄၅၇။ မသောက်တော့ခက်တယ်

ဆရာဝန်က လူနာကို မေးသည်။
"ခင်ဗျား ဆေးလိပ်သောက်သလား"
"မသောက်တက်ဘူးခင်ဗျ"
"ဝမ်းနည်းစရာပဲ၊ အကယ်၍သာ ခင်ဗျားဟာ ဆေးလိပ်သောက်သူဆိုရင် ကျုပ်က ချက်ချင်း ဆေးလိပ်ဖြတ်လိုက်ပါလို့ အကြံပေးမလို့၊ အဲဒါဆိုရင် ခင်ဗျား သက်သာသွားမှာ ဗျ"

## ၄၅၈။ လူမှာအဝတ်

မင်္ဂလာဧည့်ခံပွဲ သွားရန် မိသားစု တိုင်ပင်နေကြသည်။ အဝတ်အစား ဘာဝတ်ရမည်နည်း ဆိုသည်ကို အတော်ကြာ ငြင်းခုံဆွေးနွေးကြပြီးနောက် ဆံပင်အရောင်နှင့် လိုက်ဖက်သော အဝတ်ကို ဝတ်ရန် သဘောတူလိုက်ကြသည်။
"ကျွန်မ အမဲရောင် ဝတ်မယ်"
သမီးက ပြောသည်။
"ကျွန်တော်ကတော့ အညိုရောင် ဝတ်မယ်"
သားက ပြောသည်။
"ကျုပ်ကတော့ မီးခိုးရောင် ဝတ်မယ်ရှင့်"
အမေလုပ်သူက ပြောသည်။
"ဟော့၊ မင်းတို့ အခုပြောတဲ့ အတိုင်းဆိုရင် ငါ ကိုယ်လုံးတီး သွားရမလို ဖြစ်နေပြီဟော့ "
ဟု အဖေဖြစ်သူ 'ဦးထိပ်ပြောင်' က မကျေမချမ်း လှမ်းအော်လိုက်သည်။

## ၄၅၉။ တာဝေးချန်ပီယံ

နွားမတစ်ကောင်ကို ဆွဲလာသော အဖွားကြီးက တက္ကစီကားကို တားသည်။
"အဖွား ဘယ်သွားမလို့လဲ"
"ဟိုဘက်ရွာကိုပါ သားရယ်"
"နွားကို ဘယ်လိုလုပ်မလဲ"
"ကားရဲ့နောက်က ဘန်ပါမှာ သူ့ကို ကြိုးနဲ့ ချည်လိုက်မယ်လေ၊ ကားထွက်ရင် သူနောက်က လိုက်လာပါလိမ့်မယ်"



BURMESE CLASSIC .com

ကားက စထွက်သည်။ ကီလိုမီတာ ၄၀– အထိ ရောက်လာသည်။ နွားမသည် ကားနှင့် ကပ်လျက်လိုက်လာသည်။ ကီလို ၆၀–၊ နွားမ နောက် မကျန်ရစ်။ ကီလို ၈၀– ထပ်ချပ်မကွာ လိုက်ဆဲ။ တက္ကစီသမားသည် ဘေးမှန်မှ တစ်ဆင့်၊ နောက်ကို လှမ်းကြည့်လိုက်သည်။

"အဖွား၊ နွားမရဲ့ ဘယ်ဘက်မျက်လုံးက ဖွင့်လိုက် ပိတ်လိုက် လုပ်နေပါလား"

"သားရဲ့ကားကို သူကျော်တက်မလို့ အချက်ပြတာကွဲ့"

## ၄၆၀။ လေးယောက်မှာတစ်ယောက်

အရက်သမားသုံးဦး အရက်သောက်နေကြသည်။ တစ်ယောက်က ပြောသည်။

"တော်ပြီကွာ၊ ငါမသောက်တော့ဘူး၊ အရက်လေးယောက်မှာ တစ်ယောက် သေလေ့ရှိတယ်လို့ မနေ့က သတင်းစာထဲမှာ ငါဖတ်လိုက်ရတယ်"

"မင်းကလဲ အစိုးရိမ်လွန်ရန်ကော၊ တို့က သုံးယောက်ထဲပဲ ဥစ္စာ"

## ၄၆၁။ ကြိုက်တာပေး

လူငယ်တစ်ဦး ပေါင်မုန့်ဆိုင်ထဲ ဝင်လာသည်။

"ပေါင်မုန့်တစ်လုံးပေးပါ"

"ပေါင်မုန့် အဖြူယူမလား၊ အညိုယူမလား"

"ကြိုက်တာသာပေးပါ၊ မျက်စိကွယ်နေတဲ့ ဦးလေးအတွက် ဝယ်တာပဲ ဥစ္စာ"

## ၄၆၂။ တော်သေးတာပေါ့

ဘားအတွင်းသို့ လူတစ်ယောက် ဝင်လာကာ ဆိုင်ပိုင်ရှင်ကို မေးသည်။

"ကျွန်တော် မနေ့က ဒီကို ရောက်ခဲ့လား"

"ရောက်ခဲ့တယ်"

"ရတဲ့ လစာတစ်ခုလုံး အရက်သောက်ပစ်ခဲ့သလား"

"သောက်ပစ်ခဲ့တယ်"

"တော်သေးတာပေါ့၊ ကျုပ်က ပိုက်ဆံတွေ လမ်းမှာ ကျပျောက်သွားတယ်ထင်လို့"

## ၄၆၃။ အထင်မှား မခံနိုင်ဘူး

၁၉၈၆ ခုနှစ်။
ဆိုဗီယက်ပြည်ထောင်စုတွင် အရက်သေစာ သောက်စားမှု တိုက်ဖျက်ရေးကို အရှိန်မြင့် အကောင်အထည် ဖော်နေချိန်ဖြစ်သည်။ စက်ရုံအုပ်ချုပ်ရေးမှူးနှင့် ၎င်း၏ အတွင်းရေးမှူးမတို့သည် တံခါးကို ပိတ်ကာ ဆိုဖာပေါ်တွင် ကြည်နူးနေကြသည်။ ဤအချိန်တွင် အပြင်မှ တံခါးခေါက်သံကို ကြားရသည်။ အုပ်ချုပ်ရေးမှူးသည် အဝတ်အစားကို အမြန်ကောက်ဝတ်ကာ တံခါးသွားဖွင့်ရန် ခြေလှမ်းပြင်သည်။ မသွားမီ အတွင်းရေးမှူးမက ဤသို့ ပြောသည်။
"မင်းမထနဲ့၊ ဒီအတိုင်း လှဲနေ၊ တော်ကြာ တို့နှစ်ယောက် အရက်သောက်နေကြတယ်လို့ ထင်သွားအုံးမယ်"

## ၄၆၄။ လူပို

ရုရှား၊ ဂျော်ဂျီယာနှင့် ဂျူးလူမျိုး သုံးဦးတို့ ညနေခင်းစားသောက်ပွဲ ကျင်းပရန် တိုင်ပင်နေကြသည်။
ရုရှား။ 'ငါ ဗော့ကာအရက် တစ်သေတ္တာဆွဲလာခဲ့မယ်'
ဂျော်ဂျီယာ။ 'ငါကတော့ ဝိုင်အရက် နှစ်သေတ္တာ ယူလာခဲ့မယ်'
ဂျူး။ 'ငါ့ညီကို ခေါ်လာခဲ့မယ်နော်'

## ၄၆၅။ ပျောက်သွားတဲ့ စာ

အရှယ်ရောက်ပြီဖြစ်သော သားထံ တောမြို့ကလေးတစ်မြို့မှ အဖေလုပ်သူက စာရေးသည်။
"သား.. ပိုက်ဆံ ငါးထောင် ပို့ပေးဖို့ သားရေးတဲ့ စာကို အဖေတို့ မရဘူးကွယ်"

## ၄၆၆။ အပျိုစင်

အဖိုးကြီးနှင့် အဖွားကြီး ဆန်ပြုတ် သောက်နေကြသည်။ အဖွားကြီးက ရုတ်တရက် အဖိုးကြီး၏ နဖူးကို ဇွန်းဖြင့် ခေါက်သည်။
"ဟေ့ ဘာဖြစ်လို့ ခေါက်ရတာလဲကွ"
"ရှင် ကျွန်မရဲ့ အပျိုရည်ကို ဖျက်ခဲ့တာ သတိရလို့ "
မိနစ် ၂၀– ခန့်ကြာသွားသည်။ ဤတစ်ခါ အဖိုးကြီးက အဖွားကြီး၏ နဖူးကို ဇွန်းဖြင့် "ခေါက်သည်။ မင်းကရော အပျိုစစ်လို့လား"

## ၄၆၇။ စီးချင်လို့မဟုတ်ပါ

"ဟော့ ဂျော်နီ၊ မင်းမျက်နှာကို ကြည့်ရတာ ဖြူဖတ်ဖြူရော်ကြီး ဖြစ်နေပါလား"
"တစ်နေကုန် ချားရဟတ် စီးခဲ့လို့ပါကွာ"
"ဘာစိတ်ကူးပေါက်လို့ တစ်နေကုန် စီးရတာလဲကွ"
"လက်မှတ် ရောင်းသူကို ငွေ တစ်သောင်းတန် ပေးလိုက်တာ သူ့ဆီမှာ ပြန်အမ်းစရာမရှိလို့"

## ၄၆၈။ ဝေခွဲမရဘူး

လူတစ်ယောက် စတိုးဆိုင်ကြီးထဲ ဝင်လာကာ ဆိုင်ပေါ်တင်ထားသော ပစ္စည်းများကို ဂရုတစိုက်ကြည့်သည်။ တစ်နာရီကြာလဲ မပြီး၊ နှစ်နာရီကြာလဲ ကြည့်ဆဲ ဖြစ်သည်ကို အရောင်းသမက တွေ့သည်နှင့်
"ရှင် ဘာဖြစ်လို့ ဒီလောက်ကြာကြာ ကြည့်နေရတာလဲ" ဟု မေးလိုက်သည်။
"ပစ္စည်းတွေ ရှေ့မှာ ချထားတဲ့ ဂဏန်းတွေဟာ ဈေးနှုန်းလား၊ တယ်လီဖုန်း နံပါတ်တွေလားဆိုတာ ခုထိ ဝေခွဲမရလို့ပါ"

## ၄၆၉။ ခေတ်လူငယ်တွေ ခက်ကိုခက်တယ်

"ဒေါ်ပု၊ ရှင့်သားက ကျွန်မကို ဝက်မကြီးလို့ ခေါ်တယ်ရှင့် "
"ခုခေတ်လူငယ်တွေ အင်မတန်ကို ပြောရဆိုရခက်တယ်တာပါကလား။ လူတစ်ယောက်ကို အပြင်ဘန်းအမြင်နဲ့ ဘယ်တော့မှ မဆုံးဖြတ်နဲ့လို့ အကြိမ်ကြိမ်ပြောလဲ မရဘူး"

## ၄၇၀။ အသက်မှန်

လူရွယ်တစ်ယောက် မိမိထက် အသက်ကြီးသူ မိန်းမကြီးကို လက်ထပ်လိုက်သည်။ အိမ်ရောက်၍ မိမိ၏ ဇနီးကို အနီးကပ် ကြည့်လိုက်သောအခါ မျက်နှာ အရေအပြားများ နေရာအနှံ့ တွန့်လိမ်နေသည်ကို တွေ့ရသည်နှင့် အသက်အမှန်ကို



BURMESE CLASSIC .com

ပြောရန် ဇနီးဖြစ်သူအား အမျိုးအမျိုးဖြောင့်ဖျသည်။ ဇနီးသည်က
အသက်အတိအကျကို မမှတ်မိ။ (၄၀) လား (၄၁) နှစ်လားပဲ ဟုသာ ဖြေသည်။
"လက်ထပ်စာချုပ်မှာ (၃၇) နှစ်လို့ ရေးထားပါလား"
ဟု ယောကျ်ားက သတိပေးသော်လည်း မိန်းမကြီးက (၄၀) လား (၄၁)
နှစ်လားဟုသာ မတင် မကျ ဆက်ဖြေသည်။ နောက်ဆုံး အဖြေ မရသည်နှင့်
လူရွယ်သည် အဝတ်စတစ်ခုကို ယူကာ၊ တံခါးဘက် လျှောက်ပြီး ဇနီးသည်အား
'ဆားပုံးကို ကြွက်တွေ မစားနိုင်အောင် အဝတ်နဲ့ လုံအောင် ပိတ်ထားလိုက်မယ်' ဟု
ပြောလိုက်သည်။ ဤတွင် မိန်းမကြီးက
"ရယ်စရာစကား မပြောနဲ့တော့၊ လူ့ပြည်မှာ (၆၁) နှစ်ရှိပြီ နေနေတာ။ ဆားကို
ကြွက်စားတက်တယ်လို့ တစ်ခါမှ မကြားဖူးဘူး"
ဟု လှမ်းအော်လိုက်သည်။

## ၄၇၁။ လူမှန်နေရာမှန်

တပ်စိတ်မှူးက တပ်သားတစ်ယောက်ကို ခေါ်လိုက်သည်။
"တပ်သား အီဗန်၊ မောင်ရင်တပ်ထဲ မရောက်ခင်က မြို့နယ် လျှပ်စစ်ဌာနမှာ
လိုင်းမင်း လုပ်ခဲ့တယ်ဆို"
"ဟုတ်ပါတယ်"
"ဒီလိုဆို အတော်ပဲ၊ မောင်ရင့်အတွက် တက်ထားတဲ့ ပညာနဲ့
လိုက်လျောညီထွေဖြစ်တဲ့ တာဝန်တစ်ခုကို ပေးလိုက်မယ်၊ ည (၁၁) နာရီ တိတိမှာ
တပ်စုမှာ လျှပ်စစ်မီး ပိတ်အောင် မောင်ရင် ကြီးကြပ်စမ်း"

## ၄၇၂။ ကြွက်သတ်ဆေး

စိတ်လှုပ်ရှားနေသော အမျိုးသားတစ်ယောက် ဆေးဆိုင်သို့ အပြေးအလွှား
ဝင်လာသည်။
"ကျွန်တော့ မိန်းမကို ကြွက်သတ်ဆေးစားပြီး၊ ကိုယ့်ကိုယ်ကို လုပ်ကြံချင်သတဲ့"
"ဝမ်းနည်းပါတယ်၊ ကြွက်သေးဆေးကို တုံ့ပြန်နိုင်တဲ့ ကာကွယ်ဆေး
ကျွန်တော်တို့ဆီမှာ မရှိပါဘူး"
"ကျုပ်လာတာ၊ ကာကွယ်ဆေးအတွက် မဟုတ်ဘူး၊ ကြွက်သတ်ဆေးသာ
မြန်မြန်ရောင်းစမ်းပါ"

## ၄၇၃။ ခြေလျင်တောင်တက်

"ဟော့၊ ဂျက်ကို ခြေလျင် တောင်တက်အသင်းကနေ ထုတ်ပစ်လိုက်တဲ့ သတင်းကို ကြားပြီးပလား"
"မကြားမိဘူး၊ ဘာဖြစ်လို့လဲ"
"ခြောက်ထပ်တိုက်ကို ဓာတ်လှေကားနဲ့ တက်ခဲ့ကြောင်းကို တစ်စုံတစ်ယောက်က သတင်းပေးလိုက်လို့တဲ့"

## ၄၇၄။ အတုခိုးမှားသူ

မေရီက မိမိ၏ သူငယ်ချင်းမ တစ်ဦးကို တိုင်တည်နေသည်။
"တို့အိမ်က အစေခံကြောင့် အိုင့်ယောက်ျား ရူးမလိုလိုတောင် ဖြစ်နေပြီ"
"ယူ ဘာကို ဆိုလိုတာလဲ"
"တစ်နေ့က မီးပူကို အစေခံမက တံတွေးထွေးနေတာကို သူတွေ့သတဲ့၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲလို့ သူကမေးတော့၊ 'မီးပူ ပူမပူ သိရအောင်ပါ' လို့ ကောင်မလေးက ဖြေသတဲ့"
"ဒါများ အထူးအဆန်းလုပ်လို့"
"မဟုတ်ဘူးလေ၊ အခု နေ့လည်စာ စားခါနီးတိုင်း ဟင်းချိုပန်းကန်ကို ယောက်ျားက တံတွေးနဲ့ ထွေးနေတယ်လေ"

## ၄၇၅။ မေ့လို့ မဖြစ်ဘူး

ဝိုင်းဖွဲ့ စားသောက်ပွဲတစ်ခုတွင် တစ်ဦးမကျန် နိုင်ငံရေး ဟာသများ ပြောကြသည်။
တစ်ခန်းလုံး ရယ်မောသံဖြင့် ဆူညံနေသည်။
ဤတွင် တစ်ယောက်က
"တိုးတိုးလုပ်ကြပါဗျာ၊ ကျွန်တော် လိုက်ရေးနေတာဗျ" ဟု ပြောလိုက်သည်။
ဘေးနားတွင် ထိုင်နေသူက ၎င်းအား အံ့သြချီးကျူးသော မျက်လုံးဖြင့်ကြည့်ကာ
"ခင်ဗျား ဘယ်လိုလုပ်ပြီး မီအောင် လိုက်ရေးသလဲဗျ"
"ကျွန်တော်က ဟာသပြောတဲ့သူရဲ့ နာမည်ကိုသာ လိုက်ရေးတာပါ"

## ၄၇၆။ ဥပဒေအရ

၁၉၂၀– ခုနှစ်များက ဟာသတစ်ခု။
"ဆိုဗီယက်အာဏာ ဘယ်လောက်ကြာကြာ တည်တံ့မယ် ထင်သလဲ"
"၁၉၂၇ ခုနှစ်၊ နိုဝင်ဘာလ အထိ"
"ဘာဖြစ်လို့ အခုလိုအခိုင်အမာ ပြောနိုင်တာလဲ"
"ကျွန်တော်တို့ရဲ့ ရာဇသတ်ကြီး ဥပဒေအရ လွတ်လပ်ခွင့်ကို (၁၀)နှစ်ထက်ပိုပြီး ပိတ်ပင်လို့ မရဘူးလေ"

## ၄၇၇။ ဆရာဝန်လိုင်း

အဖေက သားကိုပြောသည်။
"သား၊ မင်း ဆယ်တန်းအောင်ရင် ဆရာဝန်လိုင်းလိုက်ရမယ်"
"အဖေကလဲ မဖြစ်နိုင်တာကို ပြောနေပြန်ပြီ၊ ယင်ကောင်ကိုတောင် ကျွန်တော် မသတ်ဝံ့ဘူးဆိုတာ သိရဲ့သားနဲ့"

## ၄၇၈။ ခဏတော့ စောင့်ရမယ်

မြို့နယ်သမဝါယမရုံးတွင် ငွေကိုင်စာရေးတစ်ယောက်ကို ခန့်ထားရန် လိုအပ်နေသည်။ သမဝါယမဆိုင် အရောင်းသမက သမဝါယမအသင်း ဥက္ကဋ္ဌ ကို ပြောသည်။
"ဒီရာထူးနဲ့ အင်မတန် သင့်တော်တဲ့ လူတစ်ယောက်ကို ကျွန်မတွေ့ထားတယ်၊ ဒါပေမယ့် သူကနောက်ခြောက်လကြာမှ ထောင် လွတ်မယ်"

## ၄၇၉။ လက်ပြတ်ဂျူး

ဂျူးနှစ်ယောက် တွေ့ကြသည်။ တစ်ယောက်မှာ လက် တစ်ဖက်ပြတ်နေသူဖြစ်သည်။
"အာဘရမ် – မင်း စစ်မြေပြင်မှာ တိုက်ပွဲဝင်းရင်း ဒဏ်ရာရခဲ့တာလား"
"မဟုတ်ဘူး"
"ရှေ့တန်းကို အသွားမှာ ဗုံးကြဲခံရလို့ ဒဏ်ရာရတာလား"

"မဟုတ်ဘူး"
"ဒါဖြင့်ရင်၊ ဘယ်နေရာမှာ မင်း လက်ပြတ်သွားရတာလဲကွ"
"ရှေ့တန်းကို လိုက်ပါဖို့ ငါ့ကို အတင်းအကြပ် ဝိုင်းဆွဲတာနဲ့ လက်တစ်ဖက်
ပြတ်သွားရတာပါ"

### ၄၈၀။ မဝယ်မိပါဘူး

ခွင့်မှ ပြန်လာသော မိန်းမက အိမ်တံခါး ဖွင့်ဖွင့်ချင်း ယောကျ်ားကို
လှမ်းအော်သည်။
"အိမ်ခန်းတစ်ခုလုံးကို ပုလင်းလွတ်တွေနဲ့ ပြန့်ကျဲနေအောင် ရှင်ဘာဖြစ်လို့
လုပ်ရတာလဲ"
ယောကျ်ားဖြစ်သူသည် ခေါင်းကုတ်စဉ်းစားရင်း ဖြေသည်။
"မပြောတတ်ဘူးကွာ၊ ပုလင်းလွတ် တစ်ပုလင်းမှ ငါမဝယ်ခဲ့မိဘူးလို့ ထင်တာပဲ"

### ၄၈၁။ ကံကောင်းသူ

အီဗန်က မိမိ၏ မိတ်ဆွေကို သတင်းတစ်ခု ပြောပြသည်။
"မနေ့က အာဘရမ် အိမ်ကို ပြန်လာတော့ သူ့မိန်းမကို
တခြားယောကျ်ားတစ်ယောက်နဲ့ တွေ့လို့ အဲဒီ ယောကျ်ားကို သတ်ပစ်လိုက်သတဲ့"
"အမှန်အတိုင်းပြောရရင် အခြေအနေဟာ ဒီထက်ဆိုးသွားနိုင်တယ်ဗျ"
"မင်းဘာကို ဆိုလိုတာလဲ၊ အသေသတ်ပြီးမှတော့ ဒီထက် ဘာဆိုးနိုင်လို့လဲ"
"မဟုတ်ဘူးလေ၊ အကယ်၍သာ အာဘရမ်ဟာ လွန်ခဲ့တဲ့ (၂) ရက်က
ပြန်လာခဲ့တယ်ဆိုရင် အသတ်ခံရသူဟာ ငါဖြစ်နိုင်တယ်လေ"

### ၄၈၂။ ဂျူးဖြစ်လို့

ဂျူးတစ်ယောက် ငိုယိုရင်း လမ်းလျှောက်လာသည်။ ကျန် ဂျူးတစ်ယောက်က
၎င်းကို မေးသည်။
"ဘာဖြစ်လို့ ခင်ဗျား ငိုနေရတာလဲ"
"ရေ – ရေ – ရေဒီယိုရုံးမှာ သတင်း .. သတင်း .. ဖတ်... ဖတ်ကြားသူအလုပ် ..
သွား ... သွား .. လျှောက်မိလို့"

ဟု ထစ်ထစ်ငေါ့ငေါ့ ဖြေသည်။
"အဲဒါနဲ့ ငိုတာ ဘာဆိုင်လို့လဲ"
"ဆိုင် .. ဆိုင်ပါသော်ကော .. ဂျူး .. ဂျူး .. ဖြစ်လို့ ... ဆို ... ဆိုပြီး ..
ကျွန်တော့ကို .. ပယ် .. ပယ် .. လိုက်တယ်လေ"

**၄၈၃။ အထူးအစီအစဉ်**

၂– နာရီကြာ အသံတိတ်နေပြီးနောက် အာမေးနီးယား ရေဒီယိုက ကြေငြာသည်။
"ဆွံ့အ နားမကြားသူများအတွက် အထူးအစီအစဉ် ဤတွင်ပဲ ပြီးဆုံးပါပြီရှင်"

**၄၈၄။ အပ်ကြောင်းထပ် သွားတာပါပဲ**

သူငယ်ချင်းမနှစ်ယောက် စကား ပြောနေကြသည်။
"ဒီနေ့မနက်၊ အိုင့်လက်ထဲက ပန်းကန်ပြား လွတ်ကျပြီး ကွဲသွားတယ်၊
နိမိတ်မကောင်းဘူးထင်တယ်၊ အိုင့်ရဲ့ ဘိုက်ထဲက ကလေးကို ထိခိုက်မှာပဲ
စိုးတယ်"
"ယူကလဲ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေပါနဲ့။ အိုင့်ကို အိုင့်အမေ
ကိုယ်ဝန်ရှိတုန်းက ဓာတ်ပြားစက်ပေါ်တက်ထိုင်မိတယ်။ ဘာမှမဖြစ် .. ဘာမှမဖြစ်.
... ဘာမှမဖြစ်"

**၄၈၅။ လေယာဉ်မှူး အလိုရှိသည်**

ခရီးသည်တင် လေယာဉ် တစ်စီးပေါ်တွင် ဖြစ်သည်။
"ခရီးသည်တွေထဲမှာ ဆရာဝန် ရှိပါသလားရှင်"
ဟူသော လေယာဉ်မယ်၏ ရေဒီယိုမှတဆင့် မေးမြန်းသံကို ခရီးသည်များ
ကြားကြရသည်။ လူရွယ်တစ်ဦးသည် မိမိ၏ထိုင်ခုံမှထကာ ပိုင်းလော့၏
အခန်းထဲသို့ ဝင်သွားသည်။ မကြာမီ ဆရာဝန်လူရွယ်၏ ကြေငြာချက်ကို
ကျန်ခရီးသည်များ အောက်ပါအတိုင်း ကြားကြရသည်။
"ခရီးသည်တွေထဲမှာ လေယာဉ်မောင်း တက်သူရှိပါသလားခင်ဗျာ"

**၄၈၆။ တရားခံ**

ထောင်ကျတစ်ယောက်က အခြား ထောင်ကျကို မေးသည်။
"ကိုယ့်လူ၊ ဘာဖြစ်လို့ ထောင်ကျတာလဲကွ"
"ဆေးလိပ်သောက်လို့"
"ဘယ်လို၊ ဘယ်လို၊ လင်းစမ်းပါအုံးကွ"
"ဒီလိုလေ၊ ဆေးလိပ်ကို တအားရှိုက်လိုက်ရာမှာ မနေနိုင်ပဲ တဟွတ်ဟွတ်နဲ့ ချောင်းဆိုးမိတယ်၊ အဲဒီ အသံကြောင့် အဆောင့် နိုးသွားတယ်လေ"

**၄၈၇။ ဂလဲ့စား**

"ဟေ့ဘွိုင်၊ ဝီစကီတစ်ပတ်ကို ဘယ်လောက်ကျသလဲ"
"ပြားသုံးဆယ်ပါ"
"ဟိုအမေရိကန် စီးကရက်ကော"
"တစ်ဘူးကို ပြားသုံးဆယ်ပါ"
"ရှန်ပိန်တစ်ပုလင်းဆိုရင်ကော"
"ပြားသုံးဆယ်ပါပဲ"
"ဈေးပေါလှချည်းလား၊ ဘာကြောင့်လဲကွ"
"ကျွန်တော်တို့ ဘားနဲ့ မျက်နှာချင်းဆိုင် ဟိုဘက်လမ်းမှာ ငါးထပ်တိုက်ကို တွေ့လား၊ အဲဒီတိုက်ရဲ့ ဒုတိယအထပ်၊ ဘေးဆုံးက အခန်းကို ကြည့် ၊ အိပ်ခန်းမီး တစ်ပွင့် မှုန်မှုန်လေး လင်းနေတယ်၊ တွေ့တယ်နော်။ အဲဒီမှာ ဒီဆိုင်ရဲ့ ပိုင်ရှင်ဟာ ကျုပ်ရဲ့ မယားနဲ့ ပျော်ပါးနေတယ်။ ကျုပ်ကလဲ သူ့ရဲ့ ပစ္စည်းတွေအားလုံးကို ဈေးပေါပေါနဲ့ ရောင်းပစ်တယ်။ ဘာဖြစ်သေးလဲ။ ကျုပ်ကို ဒီလို တင်စီးလို့ ဘယ်ရမလဲ။ ဟင်း"

**၄၈၈။ ကျားကို အထင်မသေးနဲ့**

မုဆိုးနှစ်ယောက် စကားပြောနေကြသည်။
"မကြာသေးခင်က ကျုပ် အာဖရိကတိုက်ကို ရောက်ခဲ့တယ်။ အကောင်းဆုံး ကျားပစ်နည်းတစ်ခုကို ရခဲ့တယ်။ ဒီကောင်ကို ညအမှောင်မှာ လိုက်ရတာကိုး။ အမှောင်ထဲမှာ ကျားရဲ့မျက်လုံးနှစ်ဖက်ကိုပဲ မြင်ရတယ်။ အဲဒီမျက်လုံးနှစ်ဖက်ရဲ့

ကြားကို ချိန်ပြီး ပစ်လိုက်ရုံပဲ"
"အဲဒီတော့ ခင်ဗျား ကျား ဘယ်နှစ်ကောင် ရခဲ့လဲ"
"တစ်ကောင်မှ မရဘူး၊ ဒီကောင်တွေက အလည်သားကလား၊ ညပိုင်းမှာ သူတို့က စုံတွဲလမ်းထွက်ကြတာကိုး၊ ပြီးတော့၊ လျှောက်ရမှာ မျက်လုံးတစ်ဖက်ကို ပိတ်ထားကြတယ်ဗျ"

**၄၈၉။ တစ်ဝက်ခ**

ချူချာတစ်ယောက် တက္ကစီ စီးလာသည်။ လိုရာခရီးသို့ ရောက်သောအခါ ချူချာက ရူဘယ်တစ်ရာ ထုတ်ပေးသည်။
"ဘာလို့ ၁၀၀– ထဲပေးရတာလဲ။ ရူဘယ် ၂၀၀– ကျတယ်ဗျ"
ဟုတက္ကစီဒရိုင်ဘာက မကျေမနပ်ပြောသည်။
"ခင်ဗျားလဲ စီးတာပဲ ဥစ္စာ"
ဟု ချူချာက ပြန်ဖြေသည်။

**၄၉၀။ ရေချိန်**

ရုရှားတစ်ယောက် နိုင်ငံခြားသားတစ်ဦးနှင့် အရက်အတူသောက်သည်။ ဘယ်သူ ဘယ်လောက် သောက်နိုင်သလဲ ဆိုသည်ကို ပြောဖြစ်မိကြသည်။
နိုင်ငံခြားသား – 'ကျုပ်ကတော့ သောက်ရင်း သောက်ရင်းနဲ့ မျက်လုံးတစ်ဖက်ကို ပိတ်ပြီး ၊ လက်နဲ့ တန်းထုတ်လိုက်တယ်၊ လက်မကို မမြင်တော့ဘူးဆိုရင် ရေချိန်ကိုက်ပြီး ကျုပ်ဆက်မသောက်တော့ဘူး'
ရုရှား – 'ကျုပ်ကတော့ မျက်လုံးနှစ်ဖက်စလုံး ဖွင့်ထားတယ်။ လက်နှစ်ဖက်ကိုလဲ ဖြန့်လိုက်တယ်။ ကျုပ်ရဲ့လက်သီးဆုပ်ကို ကျုပ် မမြင်ရတော့ဘူးဆိုရင် ၊ ဆက်မသောက်တော့ဘူးလေ၊ ရေချိန်ကိုက်ပြီလေ'

**၄၉၁။ ကျောက်ခဲလို မမာပါ**

"စကော့တလန်သားတွေ အားလုံး စာနာထောက်ထားစိတ်မရှိဘူး၊ သူတို့ရဲ့ အသဲနှလုံးကျောက်ခဲလို မာတယ်ဆိုတဲ့ ပြောစကားတွေဟာ မမှန်ဘူး။
စကော့လူမျိုးတွေကို နာမည်ဖျက်တာပဲ ဖြစ်တယ်"
ဟု စကော့တလန်သား လူကြီးတစ်ဦးက ပြောသည်။

"တစ်လောက ကျုပ်တို့ ပိုကာကစားကြစဉ်မှာ ကျုပ်တို့ထဲက တစ်ယောက် သူ့ရင်ဘက်ကို သူလက်နှစ်ဖက်နဲ့ ကိုင်ပြီး ရုတ်တရက် လဲကျသွားတယ်။ ပြန်ကို မထတော့ဘူး၊ အဲဒီတော့ ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ ကျုပ်တို့အားလုံး မတ်တပ်ရပ်ပြီး ပိုကာပွဲကို ဆုံးအောင် ကစားလိုက်ကြတယ်"
ဟု ဆက်ပြောသည်။

## ၄၉၂။ တစ်ရက်ခြား

ယောက်ျားနှစ်ယောက် စကားပြောနေကြသည်။
"ပိုကာကစားရင် မရှုံးနိုင်တဲ့ စနစ်တစ်ခုကို ငါတွေ့ထားပြီကွ"
"မဖြစ်နိုင်တာပဲ၊ ဘာစနစ်ပဲ ရှိရှိ၊ ဒီနေ့နိုင်ရင် မနက်ဖြန် ရှုံးမှာပဲ"
"အဲဒါအမှန်ပဲ၊ ဒါကြောင့် ငါတစ်ရက်ခြားပဲ ကစားတော့တယ်"

## ၄၉၃။ အရောင်းတော်သူ

ကျောင်းရန်ပုံငွေအတွက် ကံစမ်းထီလက်မှတ်များ ရောင်းချရန် ကျောင်းသားများကို ဆရာမက တာဝန်ပေးသည်။ ကျောင်းသားလေးတစ်ဦးကို လက်မှတ် (၂၀)စီ ပေးသည်။ ကျောင်းသားများ လက်မှတ်ယူကြပြီး ရောင်းချရန် ရပ်ကွက်အသီးသီးသို့ ထွက်သွားကြသည်။ ကျောင်းသား ငယ်တစ်ယောက် ချက်ချင်းဆိုသလို ပြန်ရောက်လာကာ လက်မှတ်ကုန်ပြီဟု ဝင့်ကြွားစွာ ပြောလိုက်သည်။
"ဟဲ့ ဂျော်နီ၊ ပြန်လာတာ စောလှချည်လား"
"ဟုတ်ကဲ့၊ အိမ်တစ်အိမ်က လက်မှတ် (၂၀) စလုံးကို ယူလိုက်လို့ပါ"
"ဟုတ်လား၊ မင်းဘယ်လို အပြောကောင်းခဲ့လိုလဲ"
"အပြောကောင်းလို့ မဟုတ်ပါဘူး၊ သူတို့ခွေးက ကျွန်တော့်ကို ကိုက်လိုက်လို့ပါ"

## ၄၉၄။ ခွင့်မလွှတ်နိုင်ဘူး

လူကြီးတစ်ဦး ထီလက်မှတ်နှစ်စောင် ဝယ်လိုက်သည်။ လက်မှတ်တစ်စောင်မှ မော်တော်ကားဆု ပေါက်သည်။ ဤသို့ ပေါက်သော်လည်း ဝမ်းသာသည့် အမူအရာ မပြသည်နှင့် မိတ်ဆွေများက အံ့သြတကြီး မေးသည်။
"ဟေ့လူ မော်တော်ကား ပေါက်တာတောင်၊ ခင်ဗျားပုံက

ဝမ်းသာတဲ့ပုံမပေါက်ပလား၊ ဘာဖြစ်လို့လဲ"
"ထီပေါက်လို့ ဝမ်းသာတာတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ဒုတိယတစ်စောင်ကို ဝယ်မိတဲ့အတွက် ကိုယ့်ကိုကိုယ် ခွင့်မလွှတ်နိုင်အောင် ဖြစ်နေတယ်"

**၄၉၅။ မိမိကိုယ်မိမိ ထိန်းချုပ်တက်သူ**

မွန်တီကာလိုရှိ ကာစီနို ကစားပွဲခမ်းမမှ လူနှစ်ယောက်ထွက်လာသည်။ တစ်ယောက်မှာ အဝတ်အစားမပါ၊ အခြားတစ်ယောက်မှာ အတွင်းခံ ဘောင်းဘီတိုသာ ပါသည်။ 'ကိုလုံးတီး' က ဤသို့ ပြောသည်။
"ခင်ဗျားကို ကျွန်တော် သဘောကျတယ်၊ ဖဲကစားရာမှာ ကိုယ့်စိတ်ကိုယ် ထိန်းချုပ်တက်တယ်၊ ဘယ်အချိန်မှာ တော်ရမလဲ ဆိုတာသိတယ်"

**၄၉၆။ ဖဲပစ်မှားလို့**

မိမိ၏ တပည့်ဖြစ်သူကို ဖဲဝိုင်းတွင် ဖဲကစားနေသည်ကို တွေ့သည်နှင့်၊ ဆရာမက တပည့်၏ နားရွက်ကို ဆွဲလိမ်လိုက်သည်။
"မင်းကို ဆရာမ ဘာကြောင့် ဒဏ်ခတ်တယ်ဆိုတာ သိရဲ့လား"
"သိပါတယ်၊ ဖဲပစ်မှားလို့ပါ"

**၄၉၇။ နောက်ထပ် ပေးပါအုံး**

စကော့တလန်သားတစ်ယောက်သည် ပိုကာဝိုင်းတွင် စတာလင်ပေါင် ၁၀၀– တိတိ ရှုံးသည်။ အခြားကစားများကို ဤသို့ အသနားခံသည်။
"ကျွန်တော် အကြီးအကျယ် ဒုက္ခတွေ့တော့မယ်ဗျာ၊ ပေါင် (၁၀၀) ရှုံးကြောင်းသာ ကျွန်တော့ မိန်းမသိရင် ကျွန်တော့ကို စိစိညက်ညက်ကျေအောင် ချေပစ်မှာ သေချာတယ်၊ ကျွန်တော့ကို သနားသောအားဖြင့် ကျွန်တော် ရှုံးတဲ့ငွေကို ပြန်ပေးကြပါဗျာ"
စကော့တလန်သား မျက်ရည်များပင် ဝဲလာသည်။ ဤသည်ကို တွေ့ကြရသော ကစားဖက်များ အားလုံးစုပြီး၊ ၎င်းအား ပေါင် (၁၀၀) ကို ပြန်ပေးလိုက်သည်။
"ကျေးဇူးကြီးလှပါတယ်ဗျာ၊ ကျွန်တော် နိုင်ခဲ့တယ်လို့ မိန်းမထင်ရအောင် နောက်ထပ် (၅၀) လောက် မစကြပါအုံးလားဗျာ"

### ၄၉၈။ ရှင်းရှင်းလေးပဲ

"ကျုပ်နဲ့ ဖဲကစားရာမှာ ဘာကြောင့် ခင်ဗျား အမြဲတန် နိုင်ရတာလဲ"
"ခင်ဗျား အမြဲတန်း ရှုံးလို့ပေါ့ဗျာ"

### ၄၉၉။ ကံကောင်းသူ

ဖဲသမားတစ်ယောက် ဖဲကစားတိုင်း ရှုံးသည်။
"စိတ်မပျက်ပါနဲ့၊ ဖဲမှာ ကံမကောင်းရင် အချစ်ကိစ္စမှာ ကံကောင်းတက်တယ်ဗျ"
အခြားကစားသမားများက ၎င်းအား နှစ်သိမ့်သည်။
"ဘယ်ကလာ ကံကောင်းရမှာလဲ၊ ကျုပ်အသက် (၄၀) ရှိပြီး၊ မိန်းမ မရှိသေးဘူး"
"အဲဒါပြောတာပေါ့၊ ခင်ဗျား ကံကောင်းပါတယ်လို့"

### ၅၀၀။ ကျေးဇူးတင်တယ်

"ထီဒေါ်လာတစ်သန်းပေါက်ရင် မင်းဘာလုပ်မလဲ"
"မင်းကို ငါ တစ်ဝက်ပေးမှာပေါ့ကွာ၊ မင်းကော ဘာလုပ်မလဲ"
"ပေါက်ငွေ တစ်ဝက်ပေးတဲ့အတွက် ကျေးဇူးတင်တယ်လို့ မင်းကို ပြောမှာပေါ့ကွာ"

### ၅၀၁။ မပြောရင် ကောင်းမယ်

မိမိတို့ လင်မယား ဝယ်ယူခဲ့သော ထီလက်မှတ်နှစ်စောင်စလုံး မော်တော်ကား တစ်စီးစီ ပေါက်ကြောင်း ပြောပြရန် ဆေးရုံတက်နေသော ယောက်ျားဖြစ်သူထံ မိန်းမလုပ်သူ ရောက်လာသည်။ ရောမ ဝမ်းသားစရာသတင်းကို ပြောပြလိုက်လျှင် လူနာ စိတ်လှုပ်ရှားပြီး ရောဂါအခြေအနေ ဆိုးသွားမည် စိုးသည်နှင့် ဇနီးသည်က တာဝန်ကျ ဆရာဝန်ကို အကျိုးအကြောင်းရှင်းပြကာ တိုင်ပင်သည်။ လူနာ့ဇနီး၏ ပြောစကားကို နားထောင်ပြီးနောက် ဆရာဝန်သည် တုန်တုန်ရင်ရင်ဖြင့်
"ရေ – ရေပေးပါ"
ဟု အနီးအနားမှ လူများကို အကူအညီတောင်းသည်။

## ၅၀၂။ မကစားနိုင်ဘူး၊ စားပေးနိုင်တယ်

"ဆယ်မိနစ်လောက် ကျွန်တော့အစား ဝင်ကစားပေးပါလားဗျာ။ အဲဒီအချိန်အတွင်း ဗိုက်ဆာလို့ ကျွန်တော်စားသောက်ဆိုင်မှာသွားပြီး ပြေးစားလိုက်ချင်တယ်"
ဟု ဖဲကစားနေသူက မိမိ၏ ဘေးနားက လူကို ပြောသည်။
"ဆောရီးပဲ၊ ကျွန်တော် ဖဲ မကစားတက်ဘူး၊ အဲ ခင်ဗျား အစား သွားစားပေးပါဆိုရင်တော့ ကျေကျေနပ်နပ် ကူညီပေးနိုင်တယ်ဗျာ"

## ၅၀၃။ ပြောရမှာ ကြောက်တယ်

"ဟော့ ဂျက် မျက်နှာ မကောင်းပါလား၊ စိတ်မချမ်းသာစရာ တစ်ခုခုဖြစ်လို့လား"
"ဟုတ်တယ်၊ ဒေါ်လာ တစ်သောင်းဆု ပေါက်တယ်၊ ဒါပေမယ့် မိန်းမကို ပြောပြရမှာ ကြောက်နေတယ်"
"ဘာဖြစ်လို့လဲ"
"နှစ်သောင်းဆုပေါက်တယ်လို့ သူ့အတင်းစွပ်စွဲမှာ သေချာလို့"

## ၅၀၄။ မသေသော ဆေးသမား

မိမိတို့၏ မအောင်မြင်မှုအကြောင်းကို ဆရာဝန်နှစ်ယောက် ပြောပြနေကြသည်။
ပထမဆရာဝန် – 'အူအတက် ပေါက်တယ်ထင်ပြီး ခွဲလိုက်တယ်၊ ကင်ဆာဖြစ်နေတယ်၊ လူနာ သေသွားတယ်'
ဒုတိယဆရာဝန် – '(၆)လလုံးလုံး အသားဝါ ရောဂါဆိုပြီး ကုတယ်၊ နောက်မှ လူနာဟာ တရုတ်လူမျိုးဖြစ်နေတာကိုး

## ၅၀၅။ သူ့ကို မယုံနဲ့

နွားများ ပျော်မြူးနေသော ရေအိုင်ဘေးမှ အင်္ဂလိပ် ဂုဏ်သရေရှိ လူကြီးတစ်ဦး ဖြတ်လျှောက်လာသည်။ နွားမ တစ်ကောင်သည် မိမိ၏ ခေါင်းကို ဖော်လိုက်သည်။ အင်္ဂလိပ်ကြီး မှ အသံတစ်ခုကို ကြားလိုက်သည်။
"ကောင်းသော နေ့လည်ခင်းပါ"
လူကြီးသည် ကြက်သေသေ သွားသည်။ ထို့နောက် မယုံကြည်ဟန်ဖြင့် မေးလိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို တစ်စုံတစ်ခုများ ပြောလိုက်သလားဗျာ"
"ကောင်းသော နေ့လည်ခင်းပါလို့ ကျွန်မ ပြောလိုက်ပါတယ်၊ ဒီအတွက် အံ့သြစိတ် မဝင်ပါနဲ့။ ကျွန်မနဲ့ ကျွန်မရဲ့ သခင်တို့ဟာ အောက်စဖိုဒ်တက္ကသိုလ်ကို အတူတူ တက်ခဲ့ကြပါတယ်"
"ခင်ဗျားရဲ့ သခင်ဘယ်မှာလဲ"
"ဟိုမှာ သူ့ခွေးနဲ့ လမ်းလျှောက်နေတယ်လေ"
လူကြီးသည် အသက်အရွယ်ကြီးရင့်သော အဖိုးကြီးထံလျှောက်လာကာ ပြောသည်။
"အံ့သြကုန်နိုင်ဖွယ်ပဲဗျာ၊ အခုပဲ လူကြီးမင်းရဲ့ နွားမနဲ့ ကျွန်တော် စကားပြောခဲ့ရတယ်
သူနဲ့ ကျုပ် တက္ကသိုလ် အတူ တက်ခဲ့ကြတယ်လို့ ဒီကောင်မ ပြောလိုက်ပြီး ထင်တယ်"
"ဟုတ်ကဲ့ ပြောလိုက်ပါတယ်"
"သူများတွေ အထင်ကြီးအောင် ဒီကောင်မ ဒီလိုမျိုးပြောနေကျ၊ သူ့ကို မယုံနဲ့"

## ၅၀၆။ လူဟာ မျောက်က ဆင်းတက်တယ်

(ရ) နှစ်သမီးက အမေကို မေးလိုက်သည်။
"မေမေ လူဟာ မျောက်က ဆင်းသက်တယ်ဆိုတာ အမှန်ပဲလားဟင်"
"မှန်တယ်"
"သမီးလဲ မျောက်က ဆင်းသက်တာပေါ့"
"ဟုတ်တယ်"
"မေမေကော"
"မေမေရောပဲ"
"ဒီလိုဆိုရင် မေမေ့ဆီမှာ ဓာတ်ပုံ မကျန်ဘူးလားဟင်"

## ၅၀၇။ လွယ်ရအောင်

"မီးနိုပြနေချိန်မှာ လမ်းဖြတ်ကူးလို့ ရလားဟင်"
"ရတယ်၊ ဒါပေမယ့် လက်နှစ်ဖက်ကို မြှောက်ထားရမယ်၊ ဒါမှ ရေခဲတိုက်ကျရင် အင်္ကျီကို ချွတ်ရတာ လွယ်မယ်"



BURMESE CLASSIC .com

## ၅၀၈။ ခြင်မကိုက်တဲ့နည်း

"ခြင်ကိုက် မခံရအောင်လုပ်တဲ့ နည်းကောင်းလေးတစ်ခုကို တွေ့ထားပြီကွ"
"ဘာပါလိမ့်"
"ညနေကျရင် အိမ်ခန်းမှာ မီးဖွင့်လိုက်တယ်၊ ပြတင်းပေါက်နဲ့ တံခါးတွေ အားလုံးကို ဖွင့်လိုက်တယ်။ ခြင်တွေ အားလုံး အခန်းထဲ ဝင်လာတဲ့အခါမှာ တံခါးနဲ့ ပြတင်းပေါက်တွေကို ပိတ်ပြီး ဝရန်တာမှာ ထွက်အိပ်တယ်"

## ၅၀၉။ ရုပ်ရှင်ကားညံ့လို့

ရုပ်ရှင်ရုံမှ လူရွယ်တစ်ယောက် ထွက်လာသည်။ လက်မှတ်ရောင်းသူ ထိုင်နေသော အပေါက်ရှေ့တွင် ရပ်လိုက်ကာ သေနတ်နဲ့ ချိန်ပြီး ခြိမ်းခြောက်သည်။
"ရုပ်ရှင်ကား အင်မတန်ညံ့တယ်။ ကျုပ်နဲ့ ရုပ်ရှင်ကြည့်ပရိသတ်တွေအားလုံးရဲ့ လက်မှတ်ဖိုးကို ချက်ချင်းပြန်ပေးစမ်း"

## ၅၁၀။ ဝမ်းမနည်းနဲ့

"ထောင်ကျဘူးသလား" ဟု တရားသူကြီးက တရားခံကို မေးသည်။
"တစ်ခါမှ မကျဘူးပါဘူးခင်ဗျာ" ဟု တရားခံလူငယ်က ငိုယိုလျက် ဖြေသည်။
"ဝမ်းနည်းမနေပါနဲ့၊ ဒီတစ်ခါတော့ ကျရပါစေ့မယ်"

## ၅၁၁။ နေရာမပြောင်းချင်ရင်

"ဆောင်းရာသီမှာ ယင်ကောင်တွေ ဘယ်ရောက်ကုန်ကြသလဲ"
"ဘယ်ရောက်သလဲတော့ မသိဘူး၊ ဖြစ်နိုင်ရင် နွေရာသီမှာလဲ သူတို့အဲဒီမှာပဲ ဆက်နေစေချင်တယ်"

## ၅၁၂။ စိတ်မပူပါနဲ့

ကျေးရွာ ဆေးခန်းမှ ဆရာဝန်သည် မိမိ၏ မော်တော်ကားကို ခွင့်ပြုမိုင်နှုန်းထက်ပို၍ မောင်းလာသည်။
"ဖြေးဖြေးမောင်းစမ်းပါတော်၊ ရဲသားမြင်သွားမှဖြင့် ဒဏ်ရိုက်နေအုံးမယ်" ဟု ဇနီးလုပ်သူက သတိပေးသည်။
"စိတ်မပူစမ်းပါနဲ့ကွာ၊ ဒီကောင့်ကို ဆေးတစ်လုံး ထိုးပေးပြီး တစ်နေ့လုံး အိပ်ရာက မထနဲ့လို့ ငါမှာထားခဲ့တယ်"

## ၅၁၃။ ခွေးရူးကိုက်

အီဗန်ကို ခွေးရူးတစ်ကောင်က ကိုက်လိုက်သဖြင့် ဆေးရုံသို့သွားပြသည်။ ဆေးရုံတွင် ၎င်းအား ဆေးတစ်လုံး ထိုးပေးလိုက်ရသည်။ အိမ်ပြန်ရောက်အခါ စာရွက်အလွတ်များကို ယူကာ တစ်စုံတစ်ခုကို ရေးသည်။ ဤသည်ကို မိန်းမက မြင်သဖြင့် ဘာရေးနေတာလဲဟု မေးသည်။
"ဆေးရဲ့ အာနိသင် မပြခဲ့ရင် လိုက်ကိုက်ရမယ့် လူတွေရဲ့ စာရင်းကို ပြုစုနေတာဟေ့"

## ၅၁၄။ တီတွင်ချက်

မိန်းမတို့၏ ပါးစပ်ကို ပိတ်ရန် အခြားနည်းလမ်း ရှာမတွေ့သဖြင့် နှုတ်ခမ်းချင်း တေ့စုပ်နမ်းရှုတ်ခြင်းကို ယောက်ျားများ တီထွင်ခဲ့ခြင်းဖြစ်သည်။

## ၅၁၅။ မဖြစ်နိုင်ဘူး

ဗေဒင်ကြည့်သော ပျောက်စေဆရာထံ လူတစ်ယောက် ဖုန်းဆက်သည်။
"ဟဲလို၊ ဆရာနဲ့ ကုသမှုကို ခံယူဘို့အတွက် လာမဲ့သောကြာနေ့မှာ ဆရာဆီ လာလို့ရမလားခင်ဗျ"
"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ လာမဲ့ ကြာသပတေးနေ့မှာ ခင်ဗျား ခြေထောက်ကျိုးမှာ ဖြစ်လို့ပဲ"

## ၅၁၆။ စည်းမရှိ၊ ကမ်းမရှိ

လန်ဒန်ရှိ ဆိုဗီယက်သံရုံး ဝန်ထမ်းတစ်ဦး ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးရုံးသို့ ဖုံးဆက်သည်။ မန်ချက်စတာမြို့သို့ သွားလိုကြောင်း၊ ထို့ကြောင့် မိမိအား ခရီးသွားခွင့်အမိန့် ထုတ်ပေးစေလိုကြောင်း မေတ္တာရပ်ခံသည်။

"ဘာခွင့်ပြုချက်မှ ရယူစရာမလိုပါ၊ ရထားပေါ်တက်ပြီး စီးလိုက်ရုံပါပဲ" ဟု နိုင်ငံခြားရေးရုံးမှ တာဝန်ခံအရာရှိက ဖြေကြားသည်။

"ဒါပေမယ့် ကျွန်တော်က ကားနဲ့သွားချင်တာဗျ"

"ကားနဲ့သွားချင်လဲ လွတ်လွတ်လပ်လပ် သွားလို့ ရပါတယ်"

"ဒါပေမယ့် လမ်းမှာ ဓာတ်ဆီကုန်ရင် ဓာတ်ဆီဖြည့်ဖို့အတွက် ဓာတ်ဆီလက်မှတ် ကျွန်တော့ဆီမှာ မရှိဘူးခင်ဗျ"

"စိတ်မပူပါနဲ့၊ ဓာတ်ဆီကူပွန်လက်မှတ် မလိုပါဘူး၊ ဓာတ်ဆီဆိုင်တိုင်းမှာ ကျသင့်ငွေပေးပြီး ဓာတ်ဆီကို လိုသလောက် ထည့်လို့ရပါတယ်"

တယ်လီဖုံးချပြီးပြီးချင်း ဆိုဗီယက် သံတမန်၏ နှုတ်မှ အောက်ပါအတိုင်း ပွင့်ထွက်လာသည်။

"ဘယ်လိုနိုင်ငံလဲ မသိဘူး၊ ဘာ အထိန်းအချုပ်မှ မထားဘူး"

## ၅၁၇။ နိုင်ငံတော် လျာထားချက်

နိုင်ငံတော် လယ်ယာတစ်ခုတွင် ဝက်မကြီးမှ ဝက်သားလေး သုံးကောင်မွေးသည်။ ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော် လယ်ယာ၏ ပါတီကလပ်စည်း အစည်းအဝေးကျင်းပသည်။ မြို့နယ်ပါတီယူနစ်ကော်မတီသို့ မည်သို့ အစီရင်ခံရမည်နည်းကို ဆိုသည်ကို ဆွေးနွေးကြသည်။ ဝက်ကလေး ငါးကောင် မွေးသည်ဟု အစီရင်ခံရန် ဆုံးဖြတ်လိုက်ကြသည်။ အောက်ခြေမှ တင်လာသော အစီရင်ခံချက်အပေါ် ယူနစ်ကော်မတီက ထပ်မံဆွေးနွေးကြပြီး ဝက်ကလေး ၇- ကောင် မွေးသည်ဟု မွေးမြူရေးဝန်ကြီးဌာနထံ အစီရင်ခံလိုက်သည်။ ဝန်ကြီးဌာနကလည်း ရရှိသော အစီရင်ခံချက်အပေါ် ထပ်မံဆွေးနွေးပြီး

"နိုင်ငံတော်အတွက် ဝက် ၁၂- ကောင် မွေးထုတ်ပေးရေးတာဝန်ကို အချိန်စော ဖြည့်ဆည်းလိုက်ပြီ" ဟု ဆိုဗီယက် ကွန်မြူနစ်ပါတီ၊ ဗဟို ကော်မတီသို့ အစီရင်ခံသည်။ ဗဟိုကော်မတီက အထွေထွေ အတွင်းရေးမှူး လီယိုနစ် ဘရက်ဇနက်ကို နှစ်သိမ့်သော အားဖြင့်

"ဝက်ကောင်ရေ ၂၀- ကို နိုင်ငံတော်က အချိန်စော ရရှိလိုက်ပြီ"

ဟု ဆက်လက်အစီရင်ခံသည်။ ဤသတင်းကို ကြားသောအခါ ဘရက်ဇနေက်က အောက်ပါအတိုင်း ညွှန်ကြားချက်ပေးသည်။

"အင်မတန် ဝမ်းသာစရာကောင်းတဲ့ သတင်းပဲ၊ ၃–ကောင်ကို လီနင်ဂရက်က လုပ်သားတွေအတွက် ခွဲပေးလိုက်။ နောက် ၃–ကောင်ကို မြို့တော် မော်စကိုအတွက်ဖြစ်ပါစေ။ ၅–ကောင်ကို ပြည်ပကို တင်ပို့ပါ။ နောက် ၅–ကောင်ကို ငတ်မွတ်ခေါင်းပါးနေတဲ့ အာဖရိက ပြည်သူတွေဆီ ပို့လိုက်၊ အဲ ကျန်တာကိုတော့ အရေးပေါ် ရိက္ခာရန်ပုံငွေအတွက် ဖယ်ထားလိုက်၊ ဘယ်သူ့မှ မပေးနဲ့"

## ၅၁၈။ ပြိုင်ရဲရင် ပြိုင်ကြည့်

အရှေ့ဘာလင်နှင့် အနောက်ဘာလင်မြို့တို့ကို ခြားထားသော သံဆူးကြိုး ( တံတိုင်း ) များကို မဖျက်မီက ဖြစ်သည်။ အနောက်ဘာလင်က ချာတိတ်နှင့် အရှေ့ဘာလင်က ချာတိတ်တို့ သံဆူးကြိုးတစ်ဖက် တစ်ချက်ဆီမှ လှမ်းအော်ပြီး စကားပြောနေကြသည်။

"တွေ့လား၊ ငါ့ဆီမှာ လိမ္မော်သီး အကြီးကြီးရှိတယ်"

ဟု အနောက်ဘာလင် ချာတိတ်က ကြွားသည်။

"ငါတို့မှာတော့ ဆိုရှယ်လစ်စနစ် ရှိတယ်ကွ"

ဟု အရှေ့ဘာလင်သားက အားကျမခံ ဖြေသည်။

"ဒါများ အဆန်းလုပ်လို့၊ ဆန္ဒရှိရင် ငါတို့ မင်းရဲ့ ဆိုရှယ်လစ်စနစ်ကို ယူလို့ရတာပဲ"

"အဲဒါဆိုရင် မင်းဆီမှာ လိမ္မော်သီး ရှိမှာ မဟုတ်တော့ဘူး၊ ဟဲဟဲ"

## ၅၁၉။ ကန်းတယ် မရူးဘူး

အမေရိကန်ပြည်ထောင်စုရှိ ဦးလေးတော်သူ သန်းကြွယ်သူဌေး မျက်စိကွယ်သဖြင့် ၎င်းအား ပြုစုစောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံကူးလတ်မှတ် ထုတ်ပေးရန် ဆိုဗီယက် ပြည်ထဲရေးဝန်ကြီး ဌာနသို့ တူမဖြစ်သူ လျှောက်လွှာ လာတင်သည်။ ၎င်းအား ပြည်ဝင်ခွင့် ဗီဇာ ထုတ်ပေးရန် အသင့် ရှိကြောင်း အမေရိကန် သံရုံး၏ ထောက်ခံစာပါ တစ်ပါတည်း တင်ပြသည်။ နိုင်ငံကူးလက်မှတ်ဌာနစိတ်မှ ဝန်ထမ်းက သူမအား အကြံပေးသည်။

"ခင်ဗျားဦးလေး ဒီကို လာဘို့ လျှောက်တာဆိုရင်ပိုပြီး လွယ်လိမ့်မယ်ထင်တယ်"

"ကျွန်မ ပြောပြီးပါပကော၊ သူက မျက်စိကန်းသွားတာ၊ ရူးသွားတာ မဟုတ်ဘူးလို့"

## ၅၂၀။ ကြိုဆိုပါ၏

မော်စကိုသို့ အမေရိကန် သမ္မတရေဂင်နှင့် ဖြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာတို့ အထူးလေယာဉ်ဖြင့် ရောက်လာသည်။ လေဆိပ်တွင် ၎င်းတို့အား၊ ဆိုဗီယက်ခေါင်းဆောင် ဘရက်ဇနက် ကိုယ်တိုင် ဆင်းကြိုသည်။
"လေးစားအပ်တဲ့ သမ္မတကြီး မစ္စတာရေဂင်နဲ့ ဝန်ကြီးချုပ် အင်ဒီယာဂန္ဒီတို့ကို လှိုက်လှဲစွာ ကြိုဆိုပါတယ်"
ဟု ဘရက်ဇနက်မှ နှုတ်ခွန်းဆက်စကား စပြောသည်။
၎င်း၏ လက်ထောက်များ အနားကပ်လာပြီး
"အင်ဒီယာဂန္ဒီ မဟုတ်၊ မာဂရက်သက်ချာဖြစ်သည်" ဟု တိုးတိုးလေးပြောသည်။
"လေးစားအပ်တဲ့ သမ္မတကြီး မစ္စတာရေဂင်နဲ့ ဝန်ကြီးချုပ် အင်ဒီယာဂန္ဒီတို့ကို လှိုက်လှဲစွာ ကြိုဆိုပါတယ်"
ဟု ဘရက်ဇနက်ထပ်ပြောပြန်သည်။ လက်ထောက်များ ပြေးလာပြီး ယခင်ကအတိုင်း အမှားကို ထောက်ပြသည်။
"လေးစားအပ်တဲ့ သမ္မတကြီး မစ္စတာရေဂင်နဲ့ ဝန်ကြီးချုပ် အင်ဒီယာဂန္ဒီတို့ကို လှိုက်လှဲစွာ ကြိုဆိုပါတယ်"
လက်ထောက်များ အနားကပ်လာပြီး ဂန္ဒီမဟုတ် သက်ချာပါဟု ပြောပြန်သည်။
"ဟေ့ သက်ချာဆိုတာ ငါမြင်သားပဲ၊ မင်းတို့က ဒီစာရွက်ပေါ်မှာ ဂန္ဒီ လို့ ရေးထားတာကိုးကွ"

## ၅၂၁။ Little Land

ဆိုဗီယက် ကွန်မြူနစ်ပါတီ၊ အထွေထွေအတွင်းရေးမှူး ဘရက်ဇနက်၏ ဒုတိယ ကမ္ဘာစစ်အတွင်းက အခန်းကဏ္ဍကို အမွှန်းတင်ရေးသားထားသော Little Land စာအုပ်ထွက်လာသည်။ ရေးသူ၏ အမည်မှာ ဘရက်ဇနက်ကိုယ်တိုင်ဖြစ်သည်ဟု ဖော်ပြထားသည်။ တစ်နေ့ ဘရက်ဇနက်၏ ရုံးခန်းထဲသို့ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို ဝင်လာသည်။
"ရဲဘော် ဂရိုမီကို Little Land ကို ဖတ်ပြီးပလား"
"နှစ်ခါတောင် ဖတ်ပြီးပြီ ၊ သိပ်ကြိုက်လွန်းလို့ တတိယအကြိမ် ဖတ်မယ်လို့ စိတ်ကူးထားတယ်"
ဂရိုမီကို ပြန်ထွက်သွားပြီး၊ မကြာမီ ကာကွယ်ရေးဝန်ကြီး အူစတီးနော့

ဝင်လာသည်။
"ရဲဘော် အူစတီနော့၊ Little Land ကို ဖတ်ပြီးပလား"
"နှစ်ခေါက်တိတိ ဖတ်ပြီးပြီ၊ ရသမြောက်လွန်းလို့ဖတ်တိုင် လက်ကမချနိုင်ဘူး၊ နောက်တစ်ခေါက် ဖတ်အုံးမယ်"
အူစတီးနော့ထွက်သွားပြီးနောက် မကြာမီ ပါတီ၏ သဘောတရားရေးတာဝန်ခံ ဆူးစလော့ ဝင်လာသည်။
"ရဲဘော် ဆူးစလော့ကော Little Land ဖတ်ပြီးပလား"
"ဖတ်ပေါ်သော်ကော၊ ဒီလို ထူးခြားတဲ့ စာအုပ်ကို အနည်းဆုံး သုံးခေါက် ဖတ်သင့်တယ်လို့ ယူဆတယ်ဗျာ"
ဆူးစလော့ ထွက်သွားအပြီးတွင် ဘရက်ဇနေက် ဤသို့ ပြောသည်။
"အကုန်လုံးကပဲ ကြိုက်တယ်လို့ ပြောနေကြတယ်၊ ငါလဲ ဖတ်ကြည့်အုံးမှ ထင်တယ်"
( ဘရက်ဇနေက် ကွယ်လွန်ပြီးနောက်မှ သတင်းစာဆရာတစ်ဦးက ပါတီက တာဝန်ပေးသောကြောင့် ဘရက်ဇနေက်အစား မိမိ ရေးပေးရခြင်းဖြစ်ကြောင်း ဝန်ခံသည်။ )

**၅၂၂။ ချစ်ညီလေး**

"မင်းခေါင်းကို ပတ်တီး စီးထားပါလား၊ ဘာဖြစ်လို့လဲ"
"ခြင်ကိုက်လို့ပါ"
"ခြင်ကိုက်တာ ပတ်တီး စီးရအောင် အထိ ဖြစ်သလားကွ"
"ဒီခြင်ကို ညီလေးက ပေါက်ပြားနဲ့ ရိုက်သက်လိုက်လို့ပါ"